မြန်မာ့အလင်း

၁၉၁၄ ခုနှစ်ကတည်ထောင်သည်။
Established 1914

၁၃၇၃ ခုနှစ်၊ ဝါဆိုလဆန်း ၉ ရက်၊ ၂၀၁၁ ခုနှစ်၊ ဇူလိုင် ၉ ရက်၊ စနေနေ့၊ အတွဲ (၅၀)၊ အမှတ် (၂၇၇)

မွန်ပြည်နယ် ဝန်ကြီးများ ပြောင်းလဲတာဝန်ပေးအပ်

နေပြည်တော် ဇူလိုင် ၈

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတရုံးက အမိန့်အမှတ် (၄၃/၂၀၁၁)ကို ယနေ့ ရက်စွဲဖြင့် ထုတ်ပြန်ကြေညာလိုက်သည်။

အဆိုပါ အမိန့်ကြေညာချက် အပြည့်အစုံမှာ အောက်ပါအတိုင်းဖြစ်သည် -

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
နိုင်ငံတော်သမ္မတရုံး

(အမိန့်အမှတ် ၄၃/၂၀၁၁)

၁၃၇၃ ခုနှစ်၊ ဝါဆိုလဆန်း ၈ ရက်
(၂၀၁၁ ခုနှစ်၊ ဇူလိုင်လ ၈ ရက်)

မွန်ပြည်နယ် ဝန်ကြီးများ ပြောင်းလဲတာဝန်ပေးအပ်ခြင်း

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၂၆၂၊ ပုဒ်မခွဲ (င)နှင့် (စ)၊ ပြည်ထောင်စုအစိုးရအဖွဲ့ ဥပဒေပုဒ်မ ၁၉၊ ပုဒ်မခွဲ(ဂ)နှင့် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့ ဥပဒေပုဒ်မ ၈၊ ပုဒ်မခွဲ(ဆ)တို့အရ မွန်ပြည်နယ် ဝန်ကြီးချုပ်က *စာမျက်နှာ ၃ ကော်လံ ၁* ✻

ဆဋ္ဌအကြိမ် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ (၄၇)ပါးစုံညီ စုဒ္ဒသမ အစည်းအဝေးကျင်းပ

ရန်ကုန် ဇူလိုင် ၈

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဆဋ္ဌအကြိမ် နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ (၄၇)ပါးစုံညီ စုဒ္ဒသမအစည်းအဝေး ပထမနေ့ကို ယနေ့နံနက် ၈ နာရီတွင် ရန်ကုန်မြို့ ကမ္ဘာအေးကုန်းမြေရှိ ဝိဇယမင်္ဂလာဓမ္မသဘင်၌ ကျင်းပရာ သဘာပတိဆရာတော်အဖြစ် နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ ဒုတိယဥက္ကဋ္ဌ မစိုးရိမ်ဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တတေဇောသာရာဘိဝံသက ဆောင်ရွက်တော်မူပြီး အခမ်းအနားမှူးဆရာတော်အဖြစ် တွဲဖက်အကျိုးတော်ဆောင်ဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တဝါယာမက ဆောင်ရွက်တော်မူသည်။

ဖတ်ကြားလျှောက်ထား

ရှေးဦးစွာ အခမ်းအနားမှူးဆရာတော်က အစည်းအဝေးစတင်ကြောင်းနှင့် ကြွရောက်တော်မူလာကြသော နိုင်ငံတော် သံဃမဟာနာယက ဆရာတော်ကြီးများ၏ အရေအတွက်ကို ဖတ်ကြားလျှောက်ထားပြီး အစည်းအဝေး ထမြောက်အောင်မြင်ကြောင်း ကြေညာသည်။

ထို့နောက် အစည်းအဝေးဖွင့် သမ္မောဒနီယ သာရဏီယ ဩဝါဒကထာကို နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ဥက္ကဋ္ဌ မန္တလေးမြို့ *စာမျက်နှာ ၅ ကော်လံ ၁* ❐

နိုင်ငံရေး ဦးတည်ချက် (၄)ရပ်

✻ နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
✻ အမျိုးသား စည်းလုံးညီညွတ်မှုခိုင်မာရေး
✻ စည်းကမ်းပြည့်ဝသော ဒီမိုကရေစီစနစ် ရှင်သန်ခိုင်မာအောင် တည်ဆောက်ရေး
✻ ဖွဲ့စည်းပုံအခြေခံ ဥပဒေနှင့်အညီ ခေတ်မီ ဖွံ့ဖြိုး တိုးတက်သော နိုင်ငံတော်သစ် တည်ဆောက်ရေး

စီးပွားရေး ဦးတည်ချက် (၄)ရပ်

✻ စိုက်ပျိုးရေးကို ပိုမိုဖွံ့ဖြိုးတိုးတက်အောင်ဆောင်ရွက်ပြီး ခေတ်မီစက်မှုနိုင်ငံ ထူထောင်ရေးနှင့် အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
✻ ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
✻ ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
✻ နိုင်ငံတော်၏ စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင် ရှိရေး

လူမှုရေး ဦးတည်ချက် (၄)ရပ်

✻ တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တ မြင့်မားရေး
✻ အမျိုးဂုဏ် ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှု အမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
✻ စစ်မှန်သော မျိုးချစ်စိတ်ဓာတ်ဖြစ်သည့် ပြည်ထောင်စုစိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
✻ တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

အလားအလာရှိသော မျိုးဆက်သစ်အားကစားသမားများ ထပ်မံရှာဖွေဖော်ထုတ် ခေတ်မီအားကစားနည်းစနစ်များဖြင့် ပြင်းပြင်းထန်ထန် စခန်းသွင်းလေ့ကျင့်ပေး

နေပြည်တော် ဇူလိုင် ၈

(၂၇)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲကျင်းပရေး ကြိုတင်ပြင်ဆင်မှု ဦးဆောင်ကော်မတီ ဒုတိယအကြိမ် အစည်းအဝေးကို ယနေ့မွန်းလွဲ ၂ နာရီတွင် နေပြည်တော်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းဗဟိုဌာန (MICC) အစည်းအဝေးခန်းမ၌ ကျင်းပရာ (၂၇)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲ ကြိုတင်ပြင်ဆင်မှု ဦးဆောင်ကော်မတီနာယက ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်း တက်ရောက်၍ အမှာစကားပြောကြားသည်။

တက်ရောက်

အဆိုပါ အစည်းအဝေးသို့ ပြည်ထောင်စုဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ ဌာနဆိုင်ရာအကြီးအကဲများနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်းက အဖွင့်အမှာစကားပြောကြားရာတွင် ၂၀၁၃ ခုနှစ်တွင် ကျင်းပမည့် (၂၇)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲအတွက် အားကစားပြိုင်ပွဲကျင်းပရေး ကြိုတင်ပြင်ဆင်မှု ဦးဆောင်ကော်မတီ ပထမအကြိမ် အစည်းအဝေးကို ၂၀၁၁ ခုနှစ် မေ ၁၀ ရက်တွင် ကျင်းပခဲ့ပြီးဖြစ်ကြောင်း။

တိုးချဲ့ဖွဲ့စည်း

ပြိုင်ပွဲကြီးအောင်မြင်စွာ လက်ခံကျင်းပနိုင်ရန်အတွက် ကြိုတင်ပြင်ဆင်မှု ဦးဆောင်ကော်မတီနှင့် ဆပ်ကော်မတီများကို နိုင်ငံတော်သမ္မတရုံး၏ ၂၀၁၁ ခုနှစ် ဇွန် ၂၄ ရက် ရက်စွဲပါစာဖြင့် *စာမျက်နှာ ၄ ကော်လံ ၁* ●

အမှာစကားပြောကြား

(၂၇)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲ ကြိုတင်ပြင်ဆင်မှု ဦးဆောင်ကော်မတီနာယက ဒုတိယသမ္မတ ဒေါက်တာ စိုင်းမောက်ခမ်း (၂၇)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲ ကျင်းပရေး ကြိုတင်ပြင်ဆင်မှု ဦးဆောင်ကော်မတီ ဒုတိယအကြိမ် အစည်းအဝေးတွင် အမှာစကားပြောကြားစဉ်။ (သတင်းစဉ်)

မြန်မာ့အလင်း
အယ်ဒီတာ့ အာဘော်
(၂၀၁၁ ခုနှစ် ဇူလိုင် ၉ ရက်)

မျက်စိကျန်းမာရေး စောင့်ရှောက်မှုလုပ်ငန်းများ အလေးထားဆောင်ရွက်

လူ၏ခန္ဓာကိုယ်တွင် အာရုံငါးခုရှိသည့်အနက် စက္ခုအာရုံသည် အရေးကြီးပေသည်။ မျက်စိသည် အရေးကြီးသော အစိတ်အပိုင်းဖြစ်သည့်အလျောက် မျက်စိကျန်းမာရေးကို အထူးဂရုပြုကြရမည်ဖြစ်သည်။

ကမ္ဘာ့ကျန်းမာရေးအဖွဲ့ကြီးသည် ''အမြင်သန်စွမ်း ဒို့အခွင့်အလမ်း ခရစ်နှစ် ၂၀၂၀ အရောက်လှမ်း'' ဆောင်ပုဒ်ကို ရေရှည်ရည်မှန်းချက်ချမှတ်ပြီး ၂၀၀၀ ပြည့်နှစ်မှစ၍ မျက်စိကွယ်စေတတ်သော ရောဂါများထဲမှ ကာကွယ်၍ရသည့် ရောဂါ၊ ကုသ၍ရသည့် ရောဂါများအားလုံး ၂၀၂၀ ပြည့်နှစ်မှာ ပျောက်ကင်းနိုင်ရန် နိုင်ငံတိုင်းက ကြိုးပမ်းဆောင်ရွက်လျက်ရှိသည်။

မြန်မာနိုင်ငံအနေဖြင့် National Vision 2020 အစီအစဉ်ကို ၂၀၀၀ ပြည့်နှစ် အောက်တိုဘာလမှ စတင်ချမှတ်ဆောင်ရွက်ခဲ့သည်။ အဓိကရည်မှန်းချက်သည် ကာကွယ်ကုသ၍ရသည့် မျက်စိကွယ်ခြင်းများ ကင်းစင်ပပျောက်စေရန်နှင့် မျက်စိကွယ်သည့်နှုန်းကို ရာခိုင်နှုန်း ၀ ဒသမ ၅ အောက် လျော့ကျစေရန် ဖြစ်သည်။

ရည်မှန်းချက်အောင်မြင်ရေးအတွက် ၂၀၂၀ ပြည့်နှစ်တွင် ပဏာမမျက်စိကျန်းမာရေးစောင့်ရှောက်မှု လုပ်ငန်းများ တစ်နိုင်ငံလုံး လွှမ်းခြုံမိစေရန်၊ အတွင်းတိမ်ခွဲစိတ်မှုနှုန်း တစ်နှစ်လျှင် ၁၄၀၀ အထိ တိုးမြှင့်ဆောင်ရွက်နိုင်ရန်၊ အတွင်းတိမ်ခွဲရာ၌ မျက်ကြည်မှန်ထည့်သည့်နှုန်း ရာခိုင်နှုန်း ၉၀ အထိ တိုးမြှင့်နိုင်ရန်ဆောင်ရွက်ကြရမည်ဖြစ်သည်။ ထို့အပြင် မျက်စိအထူးကုဆရာဝန်များ၊ မျက်မှန်ပညာရှင်များနှင့် မျက်စိသူနာပြုများ တိုးမြှင့်မွေးထုတ်ပေးရန်၊ မျက်စိအထူးကုဌာနများ တိုးချဲ့ဖွင့်လှစ်ရန်လည်း လိုအပ်ပေသည်။

ယခုအခါ ကလေးသူငယ်များတွင်ဖြစ်ပွားတတ်သော မျက်စိရောဂါများအား ကာကွယ်ကုသရန်အတွက် ရန်ကုန်မြို့ မျက်စိအထူးကုဆေးရုံကြီး၌ ကလေးသူငယ်များ မျက်စိကုဌာန ဖွင့်လှစ်၍ ဆောင်ရွက်လျက်ရှိသည်။

မြန်မာနိုင်ငံတွင် မျက်မမြင်ကာကွယ်ရေးလုပ်ငန်းများကို မျက်မမြင်ကာကွယ်ရေးစီမံကိန်းဌာနများ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်ဆေးရုံကြီးများ၊ ခရိုင်အဆင့်ဆေးရုံများရှိ မျက်စိကုဌာနများ၊ ကျေးလက်ကျန်းမာရေးဌာနများကလည်း ဆောင်ရွက်လျက်ရှိသည်။

သို့ဖြစ်ပေရာ ၂၀၂၀ ပြည့်နှစ်တွင် မျက်စိရောဂါများ လျော့နည်းပပျောက်ရန်အတွက် ပြည်သူများအနေဖြင့် မျက်စိကျန်းမာရေးစောင့်ရှောက်ကုသမှုလုပ်ငန်းများတွင် အလေးထားပါဝင်ဆောင်ရွက်သွားကြပါရန် တိုက်တွန်းရေးသားလိုက်ရပါသည်။ ။

ကျောင်းကုန်း၌အလယ်တန်းကျောင်း တိုးမြှင့်ဖွင့်လှစ်

ကျောင်းကုန်း ဇူလိုင် ၈

အခြေခံပညာအလယ်တန်းကျောင်း (ခွဲ)မှ အလယ်တန်းကျောင်းအဖြစ် တိုးမြှင့်ဖွင့်လှစ်ပွဲကို ဇူလိုင် ၃ ရက် နံနက် ၁၀ နာရီက ပုသိမ်ခရိုင်ကျောင်းကုန်းမြို့နယ် ဝက်ချောင်းကျေးရွာရှိ အဆိုပါအလယ်တန်းကျောင်း၌ကျင်းပရာ ရှေးဦးစွာ အလယ်တန်းကျောင်းကို လက်ထောက်တိုင်းပညာရေးမှူး ဦးကြည်အောင်၊ ကျောင်းအကျိုးတော်ဆောင်ဥက္ကဋ္ဌ ဦးကံထွန်းနှင့် တာဝန်ရှိသူတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြပြီး **(အပေါ်ပုံ)** အခြေခံပညာအလယ်တန်းကျောင်းဆိုင်းဘုတ်ကို ဧရာဝတီတိုင်းဒေသကြီး လွှတ်တော်ဥက္ကဋ္ဌဦးဆန်းဆင့်က စက်ခလုတ်နှိပ် ဖွင့်လှစ်ပေးသည်။

ပေးအပ်လှူဒါန်း

ထို့နောက် ကျောင်းကုန်းမြို့နေ ဗိုလ်ကြီးတင်မောင်သန်း(ငြိမ်း)-ဒေါ်ခိုင်နွယ်ဦး (ညွှန့်မြန်မာ)က ကွန်ပျူတာတစ်စုံ၊ ကျောင်းအကျိုးတော်ဆောင် ဥက္ကဋ္ဌ ဦးကံထွန်းနှင့်ဇနီး မိသားစုက ၂၁ လက်မတီဗွီနှင့် အောက်စက်၊ ဝက်ချောင်းကျေးရွာမှ ဦးအုန်းကျင်နှင့် ဇနီးဒေါ်ခင်မြင့်တို့က ကျပ်တစ်သိန်းကျော်တန်ဖိုးရှိ ဗီရိုနှင့် ပညာရေးငွေပဒေသာပင်အဖြစ် ငွေကျပ် ခြောက်သောင်းတို့ကို ပေးအပ်လှူဒါန်းခဲ့ကြကြောင်း သိရှိရသည်။

(ဝ၉၁)

လျှပ်စစ်အန္တရာယ်ကင်းရှင်းရေး ကွင်းဆင်းဆောင်ရွက်

တောင်ကြီး ဇူလိုင် ၈

လျှပ်စစ်ဓာတ်အားသုံးစွဲသူများ လျှပ်စစ်အန္တရာယ်ကင်းရှင်းစေရေးအတွက် တောင်ကြီးခရိုင် လျှပ်စစ်အင်ဂျင်နီယာမှူး ဦးမြင့်သိန်းနှင့် တာဝန်ရှိသူများ၏ ကြီးကြပ်မှုဖြင့် တောင်ကြီးမြို့နယ် လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးမြို့နယ်ရုံးမှ မြို့နယ်အင်ဂျင်နီယာ ဦးအောင်ကျော်မြင့်နှင့် လျှပ်စစ်ဝန်ထမ်းများသည် ဇွန် ၂၄ ရက်က မြို့နယ်လျှပ်စစ်အင်ဂျင်နီယာရုံးရှေ့နှင့် တောင်ကြီးတက္ကသိုလ်ရှေ့တွင် ပညာပေးပိုစတာများစိုက်ထူခြင်း၊ တောင်ကြီးမြို့ပေါ်ရှိ အခြေခံပညာ အထက်တန်းကျောင်း အမှတ် (၄)၊ အမှတ် (၅)နှင့် မြို့မဈေးကြီးအတွင်းရှိ ဆိုင်ခန်းများ၊ ဈေးသူ ဈေးသားများ၊ ဈေးဝယ်သူများ၊ လျှပ်စစ်မီတာခကောက်ခံသည့်နေရာများတွင် ပညာပေးလက်ကမ်းစာစောင်များအား ဖြန့်ဝေပေးခြင်းနှင့် မြို့အတွင်းဓာတ်အားလိုင်းနှင့် မလွတ်ကင်းသော သစ်ပင်များ ခုတ်ထွင်ရှင်းလင်းခြင်းတို့ကို ဆောင်ရွက်ခဲ့ကြကြောင်း သိရှိရသည်။

(မြို့နယ် ပြန်/ဆက်)

စစ်မှန်သော မျိုးချစ်စိတ်ဓာတ်

* ပြည်ထောင်စု၏ မည်သည့်နေရာဒေသတွင် နေထိုင်သည်ဖြစ်စေ ခိုင်မြဲသည့် ပြည်ထောင်စုစိတ်ဓာတ် ထားရှိမွေးမြူသွားကြရန် အလွန်အရေးကြီးသည်။
* ပြည်ထောင်စုစိတ်ဓာတ်သည်သာလျှင် တိုင်းရင်းသားအားလုံး ထာဝစဉ်ထိန်းသိမ်း စောင့်ရှောက်သွားရမည့် စစ်မှန်သော မျိုးချစ်စိတ်ဓာတ်ဖြစ်သည်။

ပြည်သူ့သဘောထား

* ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
* ပြည်တွင်း ပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

မြန်မာနိုင်ငံ ကုန်သည်/စက်မှုအသင်းချုပ် ဥက္ကဋ္ဌအား ဘရာဇီးနိုင်ငံ သံအမတ်ကြီးတွေ့ဆုံ

ရန်ကုန် ဇူလိုင် ၈

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံဆိုင်ရာ ဘရာဇီးနိုင်ငံသံအမတ်ကြီး H.E. Mr. Jose Carlos da Fonseca Juniorအား ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်ဥက္ကဋ္ဌ ဦးဝင်းအောင်၊ ဒုတိယဥက္ကဋ္ဌ ဒေါက်တာမောင်မောင်လေး၊ အထွေထွေအတွင်းရေးမှူး ဒေါက်တာမျိုးသက်၊ တွဲဖက်အထွေထွေအတွင်းရေးမှူး ဦးအေးလွင်တို့သည် ဇူလိုင် ၄ ရက် နံနက် ၁၀ နာရီက အသင်းချုပ်ရုံး၌လက်ခံတွေ့ဆုံသည်။ **(အပေါ်ပုံ)**

တွေ့ဆုံပွဲတွင် အပြန်အလှန်ကုန်သွယ်မှုနှင့် စီးပွားရေးဆက်ဆံမှု တိုးမြှင့်ဆောင်ရွက်နိုင်ရေးကိစ္စ၊ နှစ်နိုင်ငံ စီးပွားရေးလုပ်ငန်းရှင်များအကြား ရင်းနှီးမြှုပ်နှံမှုနှင့်ကုန်သွယ်မှုလုပ်ငန်းများ ပူးပေါင်းဆောင်ရွက်နိုင်ရေးအတွက် တွေ့ဆုံဆွေးနွေးနိုင်မည့် အခွင့်အလမ်းများဆိုင်ရာကိစ္စ၊ ဆောက်လုပ်ရေးလုပ်ငန်း၊ စိုက်ပျိုးရေးလုပ်ငန်း၊ စားသောက်ကုန်လုပ်ငန်းများတွင် ပူးပေါင်းဆောင်ရွက်နိုင်ရေးနှင့် နည်းပညာဖလှယ်ရေးဆိုင်ရာကိစ္စများ၊ စီးပွားရေးဆိုင်ရာ သတင်းအချက်အလက်များ အပြန်အလှန်ပေးပို့ဖလှယ်ရေးဆိုင်ရာကိစ္စတို့ကို ရင်းနှီးစွာဆွေးနွေးကြသည်။ **(ကုန်သည်/စက်မှုအသင်းချုပ်)**

အမှာစကားပြောကြား

မြန်မာအမျိုးသမီးများနေ့ အခမ်းအနားကို သာစည်မြို့နယ်ခန်းမ၌ ဇူလိုင် ၃ ရက်ကကျင်းပရာ သာစည်မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်ခင်စိုးဝင်း အမှာစကားပြောကြားစဉ်။

(မြို့နယ်အမျိုးသမီးရေးရာ)

ပုသိမ်မြို့တွင် မိုးရာသီ ရေစီးရေလာကောင်းမွန်ရေးအတွက် ရေမြောင်းများအတွင်း အမှိုက်သရိုက်နှင့် ဗေဒါများ ဆယ်ယူရှင်းလင်းခြင်းလုပ်ငန်းကို ဇူလိုင် ၄ ရက်က မြို့နယ်စည်ပင်သာယာရေးအဖွဲ့ ဒုတိယ ဦးစီးမှူး (သန့်) ဦးမျိုးထိုက်ဝင်းနှင့်အဖွဲ့ ရှင်းလင်းဆောင်ရွက်ကြစဉ်။

(မြို့နယ်စည်ပင်)

* ***ရွှေ့ပြောင်းမှု***

တင်ပြလာသည့် အောက်ပါ မွန်ပြည်နယ်ဝန်ကြီးများအား ယှဉ်တွဲပါ ဝန်ကြီးဌာနများတွင် ပြောင်းလဲတာဝန်ပေးအပ်လိုက်သည် -

(က)	ဗိုလ်မှူးကြီးဌေးမြင့်အောင်	လုံခြုံရေးနှင့်နယ်စပ်ရေးရာဝန်ကြီးဌာန
(ခ)	ဒေါက်တာခင်မောင်သွင်	ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန
(ဂ)	ဦးမျိုးညွန့်	စိုက်ပျိုးရေးနှင့်မွေးမြူရေးဝန်ကြီးဌာန
(ဃ)	ဦးဝင်းမော်ဦး	သစ်တောနှင့်သတ္တုဝန်ကြီးဌာန
(င)	ဒေါက်တာမင်းနွယ်စိုး	စီမံကိန်းနှင့်စီးပွားရေးဝန်ကြီးဌာန
(စ)	ဦးထွန်းလှိုင်	လမ်းပန်းဆက်သွယ်ရေးဝန်ကြီးဌာန
(ဆ)	နိုင်လဝီအောင်(ခ)ဦးနိုင်မြင့်ဆွေ	လျှပ်စစ်နှင့်စက်မှုလက်မှုဝန်ကြီးဌာန
(ဇ)	ဒေါက်တာတိုးတိုးအောင်	စည်ပင်သာယာရေးဝန်ကြီးဌာန
(ဈ)	ဒေါက်တာလှဦး	လူမှုရေးဝန်ကြီးဌာန

(ပုံ) သိန်းစိန်
နိုင်ငံတော်သမ္မတ
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

သစ်တောရေးရာဝန်ကြီးဌာန
ပညာရည်ချွန်ဆုချီးမြှင့်ပွဲ အခမ်းအနားကျင်းပ

နေပြည်တော် ဇူလိုင် ၈

၂၀၁၀-၂၀၁၁ ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် သစ်တောရေးရာဝန်ကြီးဌာနမှ ထူးချွန်စွာ အောင်မြင်ခဲ့ကြသော ဝန်ထမ်း သားသမီးများအား ပညာရည်ချွန်ဆုချီးမြှင့်ပွဲ အခမ်းအနားကို ယနေ့နံနက် ၉ နာရီတွင် နေပြည်တော်ရှိ သစ်တောရေးရာ ဝန်ကြီးဌာန သစ်တောဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်ရုံး အင်ကြင်းခန်းမ၌ ကျင်းပသည်။

ပေးအပ်ချီးမြှင့်

ရှေးဦးစွာ သစ်တောရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းထွန်း က အမှာစကားပြောကြားပြီး ၂၀၁၀-၂၀၁၁ ပညာသင်နှစ် တက္ကသိုလ်ဝင် စာမေးပွဲတွင် ခြောက်ဘာသာဂုဏ်ထူးဖြင့် ထူးချွန်စွာအောင်မြင်ခဲ့ကြသော ဝန်ထမ်းသားသမီး ငါးဦးတို့အား ဂုဏ်ပြုဆုနှင့် ဂုဏ်ပြုမှတ်တမ်းလွှာများကို ပေးအပ်ချီးမြှင့်သည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီး၏ဇနီး ဒေါ်ဆွေဆွေချစ်က ငါးဘာသာဂုဏ်ထူးရှင်ခုနစ်ဦးအား ဂုဏ်ပြုဆုနှင့် ဂုဏ်ပြုလက်မှတ်များကို ပေးအပ်ချီးမြှင့်သည်။

သစ်တောရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းထွန်း ၂၀၁၀-၂၀၁၁ ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ခြောက်ဘာသာဂုဏ်ထူးဖြင့် ထူးချွန်စွာ အောင်မြင်ခဲ့သော ဝန်ထမ်းသားသမီးတစ်ဦးအား ဂုဏ်ပြုဆု ပေးအပ်ချီးမြှင့်စဉ်။ (သတင်းစဉ်)

ပေးအပ်ချီးမြှင့်

ယင်းနောက် ဌာနဆိုင်ရာအကြီးအကဲများနှင့် ၎င်းတို့၏ ဇနီးများ၊ သစ်တောတက္ကသိုလ် ပါမောက္ခချုပ်နှင့် ၎င်း၏ဇနီးတို့က ငါးဘာသာ ဂုဏ်ထူးရှင် ခြောက်ဦး၊ လေးဘာသာ ဂုဏ်ထူးရှင် ၂၇ ဦးနှင့် သုံးဘာသာ ဂုဏ်ထူးရှင် ၂၂ ဦး တို့အား ဂုဏ်ပြုဆုနှင့် ဂုဏ်ပြုလက်မှတ်များကို ပေးအပ်ချီးမြှင့်ကြကြောင်း သိရသည်။ **(သတင်းစဉ်)**

ပထမအကြိမ် မွန်ပြည်နယ်လွှတ်တော်
အထူးအစည်းအဝေး (၁/၂၀၁၁) ဒုတိယနေ့ ကျင်းပ

နေပြည်တော် ဇူလိုင် ၈

ပထမအကြိမ် မွန်ပြည်နယ်လွှတ်တော် အထူးအစည်းအဝေး (၁/၂၀၁၁) ဒုတိယနေ့ကို ယနေ့နံနက် ၁၀ နာရီတွင် မွန်ပြည်နယ်လွှတ်တော်ရုံး အစည်းအဝေးခန်းမ၌ ကျင်းပရာ **(အောက်ပုံ)** မွန်ပြည်နယ်ဝန်ကြီးချုပ် ဦးအုန်းမြင့်၊ ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ ဦးကျင်ဖေ၊ ဒုတိယဥက္ကဋ္ဌ၊ ပြည်နယ်ဝန်ကြီးများနှင့် လွှတ်တော်ကိုယ်စားလှယ်များ တက်ရောက်ကြသည်။

စတင်ကျင်းပ

ရှေးဦးစွာ ပြည်နယ်လွှတ်တော် ဥက္ကဋ္ဌက အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိသူ ပြည်နယ်လွှတ်တော် ကိုယ်စားလှယ် ၃၁ ဦး ရှိသည့်အနက် ကိုယ်စားလှယ်အားလုံး တက်ရောက်သည့်အတွက် ရာနှုန်းပြည့် တက်ရောက်သဖြင့် အစည်းအဝေး အထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာသည်။

အစီအစဉ်အရ နိုင်ငံတော်သမ္မတ၏ အဆိုပြုချက်အရ ပြည်နယ်ဝန်ကြီးချုပ်က ပြည်နယ်ဝန်ကြီးများအဖြစ် ခန့်အပ်တာဝန်ပေးအပ်မည့် အမည်စာရင်း အဆိုပြုချက်ကို ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌက လွှတ်တော်သို့ ဖတ်ကြားတင်ပြရာ ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်အားလုံးက သဘောတူကြသဖြင့် အတည်ပြုကြောင်း ကြေညာသည်။

ပြည်နယ်ဝန်ကြီးများ

ပြင်ဆင်ဖွဲ့စည်းသည့် ပြည်နယ်ဝန်ကြီးဌာနများနှင့် ပြည်နယ်ဝန်ကြီးများ၏ အမည်စာရင်းမှာ လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီးဌာန ဝန်ကြီးအဖြစ် ဗိုလ်မှူးကြီး ဌေးမြင့်အောင်၊ ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန ဝန်ကြီးအဖြစ် ဒေါက်တာ ခင်မောင်သွင်၊ စိုက်ပျိုးရေးနှင့် မွေးမြူရေးဝန်ကြီးဌာန ဝန်ကြီးအဖြစ် ဦးမျိုးညွန့်၊ သစ်တောနှင့်သတ္တုဝန်ကြီးဌာန ဝန်ကြီးအဖြစ် ဦးဝင်းမော်ဦး၊ စီမံကိန်းနှင့် စီးပွားရေးဝန်ကြီးဌာန ဝန်ကြီးအဖြစ် ဒေါက်တာမင်းနွယ်စိုး၊ လမ်းပန်း ဆက်သွယ်ရေးဝန်ကြီးဌာန ဝန်ကြီးအဖြစ် ဦးထွန်းလှိုင်၊ လျှပ်စစ်နှင့် စက်မှုလက်မှု ဝန်ကြီးဌာန ဝန်ကြီးအဖြစ် နိုင်လဝီ အောင်(ခ)ဦးနိုင်မြင့်ဆွေ၊ စည်ပင်သာယာ ရေးဝန်ကြီးဌာန ဝန်ကြီးအဖြစ် ဒေါက်တာ တိုးတိုးအောင်နှင့် လူမှုရေးဝန်ကြီးဌာန ဝန်ကြီးအဖြစ် ဒေါက်တာလှဦး တို့ဖြစ်သည်။

ထို့နောက် ပထမအကြိမ် မွန်ပြည်နယ်လွှတ်တော် အထူးအစည်းအဝေး (၁/၂၀၁၁) ဒုတိယနေ့ကို နံနက် ၁၀ နာရီ ၁၂ မိနစ်တွင် ရပ်နားလိုက်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

မုတ်သုံလေအားနည်းနေမည်

နေပြည်တော် ဇူလိုင် ၈

စဉ်	တိုင်းဒေသကြီးနှင့်ပြည်နယ်	အပူချိန်(စင်တီဂရိတ်)		မနက်ဖြန်အတွက်	
		အမြင့်ဆုံး	အနိမ့်ဆုံး	ခန့်မှန်းချက်	ရွာရန်ရာနှုန်း
၁	ကချင်ပြည်နယ်	၃၀	၂၅	နေရာစိပ်စိပ်မိုးထစ်ချုန်း	၈၀%
၂	ကယားပြည်နယ်	၂၉	၂၀	နေရာကွက်ကျားမိုးထစ်ချုန်း	၈၀%
၃	ကရင်ပြည်နယ်	၃၁	၂၄	နေရာကျဲကျဲမိုးထစ်ချုန်း	၈၀%
၄	ချင်းပြည်နယ်	၂၂	၁၃	နေရာကျဲကျဲမိုးထစ်ချုန်း	၈၀%
၅	စစ်ကိုင်းတိုင်းဒေသကြီး(အထက်ပိုင်း)	၃၃	၂၅	နေရာကျဲကျဲမိုးထစ်ချုန်း	၈၀%
၆	စစ်ကိုင်းတိုင်းဒေသကြီး(အောက်ပိုင်း)	၄၀	၂၇	နေရာကျဲကျဲမိုးထစ်ချုန်း	၈၀%
၇	တနင်္သာရီတိုင်းဒေသကြီး	၃၃	၂၄	နေရာစိပ်စိပ်မိုးထစ်ချုန်း	၈၀%
၈	ပဲခူးတိုင်းဒေသကြီး	၃၂	၂၂	နေရာကျဲကျဲမိုးထစ်ချုန်း	၈၀%
၉	မကွေးတိုင်းဒေသကြီး	၃၄	၂၆	နေရာကွက်ကျားမိုးထစ်ချုန်း	၈၀%
၁၀	မန္တလေးတိုင်းဒေသကြီး	၃၇	၂၆	နေရာကျဲကျဲမိုးထစ်ချုန်း	၈၀%
၁၁	မွန်ပြည်နယ်	၃၂	၂၄	နေရာစိပ်စိပ်မိုးထစ်ချုန်း	၈၀%
၁၂	ရန်ကုန်တိုင်းဒေသကြီး	၃၄	၂၄	နေရာကျဲကျဲမိုးထစ်ချုန်း	၈၀%
၁၃	ရခိုင်ပြည်နယ်	၂၉	၂၄	နေရာစိပ်စိပ်မိုးထစ်ချုန်း	၈၀%
၁၄	ရှမ်းပြည်နယ်(တောင်ပိုင်း)	၂၅	၁၈	နေရာစိပ်စိပ်မိုးထစ်ချုန်း	၈၀%
၁၅	ရှမ်းပြည်နယ်(မြောက်ပိုင်း)	၃၀	၂၂	နေရာစိပ်စိပ်မိုးထစ်ချုန်း	၈၀%
၁၆	ရှမ်းပြည်နယ်(အရှေ့ပိုင်း)	၃၃	၂၄	နေရာစိပ်စိပ်မိုးထစ်ချုန်း	၈၀%
၁၇	ဧရာဝတီတိုင်းဒေသကြီး	၃၁	၂၅	နေရာစိပ်စိပ်မိုးထစ်ချုန်း	၈၀%
၁၈	နေပြည်တော်နှင့် အနီးတစ်ဝိုက်	၃၅	၂၄	နေရာကွက်ကျားမိုးထစ်ချုန်း	၈၀%
၁၉	ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်	၃၄	၂၄	နေရာကွက်ကျားမိုးထစ်ချုန်း	၈၀%
၂၀	မန္တလေးမြို့နှင့် အနီးတစ်ဝိုက်	၃၇	၂၆	နေရာကွက်ကျားမိုးထစ်ချုန်း	၈၀%

ယနေ့နံနက် ၉ နာရီခွဲအချိန် အထိ မိုးလေဝသ တိုင်းထွာချက် အကျဉ်းချုပ်	လွန်ခဲ့သော ၂၄ နာရီအတွင်းက ကယားပြည်နယ်တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းခဲ့ပြီး စစ်ကိုင်းတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီးနှင့် ချင်းပြည်နယ်တို့တွင် နေရာကွက်ကျား၊ မန္တလေးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ရှမ်းပြည်နယ်နှင့် ရခိုင်ပြည်နယ်တို့တွင် နေရာကျဲကျဲ၊ ပဲခူးတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်နှင့် မွန်ပြည်နယ် တို့တွင် နေရာစိပ်စိပ်နှင့် ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် နေရာအနှံ့အပြား မိုးထစ်ချုန်းရွာခဲ့သည်။
ဘင်္ဂလားပင်လယ်အော်အခြေအနေ	ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် မုတ်သုံလေ အားနည်းနေသည်။
မြန်မာ့ပင်လယ်ပြင်အခြေအနေ	လှိုင်းအသင့်အတင့်ရှိမည်။
နောက်နှစ်ရက်အတွက်ခန့်မှန်းချက်	အများအားဖြင့် မုတ်သုံလေ အားနည်းနေမည်။

မြဝတီရုပ်မြင်သံကြား

၉-၇-၂၀၁၁ (စနေနေ့)

နံနက်ပိုင်း

၇း၀၀ ၁။ မြဝတီအဖွင့်
၇း၀၃ ၂။ အဖွင့်နှုတ်ခွန်းဆက်စကား
၇း၀၄ ၃။ နိုင်ငံတော်သီချင်း
၇း၀၅ ၄။ တရားတော်
၇း၂၀ ၅။ ဓမ္မပူဇာတေး
၇း၂၅ ၆။ မျိုးချစ်တပ်မတော်
၇း၃၀ ၇။ မြန်မာ့ရှုခင်း
၇း၄၀ ၈။ မြန်မာသံစဉ်ချိုနားဝင်
၇း၅၀ ၉။ သာယာသီကြွေး ခေတ်ဆန်းတေး
၇း၅၅ ၁၀။ အမျိုးသားရေးတေးကဗျာ
၈း၀၀ ၁၁။ မြဝတီရုပ်မြင်သံကြားသတင်း
၈း၁၀ ၁၂။ အမျိုးသားရေးတေးကဗျာ

နေ့လယ်ပိုင်း

၁၁း၀၀ ၁။ မြဝတီအဖွင့်
၁၁း၀၅ ၂။ အဖွင့်နှုတ်ခွန်းဆက်စကား
၁၁း၁၀ ၃။ နိုင်ငံတော်သီချင်း
၁၁း၁၅ ၄။ အဖွင့်သီချင်း
၁၁း၂၀ ၅။ မျိုးချစ်တပ်မတော်
၁၁း၂၅ ၆။ ကာတွန်းအစီအစဉ် **ဘော့စ်ဘောကြယ်ပွင့်များ** (အပိုင်း-၁၉)
၁၂း၀၀ ၇။ ရုပ်မြင်သံကြားဇာတ်လမ်း **အချစ် ရက်စက်သည်** ပြေတီဦး၊ ထက်ထက်မိုးဦးနှင့် သရုပ်ဆောင်များ ဒါရိုက်တာ-ကိုဇော် (အရဏ်ဦး)
၁၃း၃၀ ၈။ သာယာသီကြွေး ခေတ်ဆန်းတေး
၁၄း၀၀ ၉။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **ချစ်မျက်ရည်လေးပြယ်ပါစေ** (အပိုင်း-၈၂)

ညပိုင်း

၄း၀၀ ၁။ မြဝတီအဖွင့်
၄း၀၁ ၂။ အဖွင့်နှုတ်ခွန်းဆက်စကား
၄း၀၃ ၃။ နိုင်ငံတော်သီချင်း
၄း၀၆ ၄။ အဖွင့်သီချင်း
၄း၁၀ ၅။ မျိုးချစ်တပ်မတော်
၄း၂၀ ၆။ ကျန်းမာကြံ့ခိုင် တို့နိုင်ငံ
၄း၃၀ ၇။ မြန်မာသံစဉ်ချိုနားဝင်
၄း၄၀ ၈။ ချစ်သူစုံတွဲ တူယှဉ်နွဲ့
၄း၅၀ ၉။ ကုန်သွယ်သုတ
၅း၁၀ ၁၀။ သာယာသီကြွေး ခေတ်ဆန်းတေး
၅း၃၀ ၁၁။ ပျော်ရွှင်စရာ သရုပ်ဆောင်ကမ္ဘာ
၆း၀၀ ၁၂။ မြဝတီရုပ်မြင်သံကြားသတင်း
၆း၁၀ ၁၃။ အမျိုးသားရေးတေးကဗျာ
၆း၁၅ ၁၄။ လျှပ်တစ်ပြက်
၆း၂၀ ၁၅။ စားဖိုဆောင်ချစ်သူ
၆း၄၀ ၁၆။ ထူးခြားဆန်းပြား ကမ္ဘာတစ်လွှား
၇း၀၀ ၁၇။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **ရတနာစံအိမ်** (အပိုင်း-၄၀)
၈း၀၀ ၁၈။ မြဝတီရုပ်မြင်သံကြားသတင်း
၁၉။ အမျိုးသားရေးတေးကဗျာ
၂၀။ နိုင်ငံတကာသတင်း
၂၁။ မိုးလေဝသသတင်း
၂၂။ လူရွှင်တော်စကား
၂၃။ အင်္ဂလိပ်စာသုတ
၂၄။ ယနေ့ညအတွက် မြဝတီ၏ တေးလက်ဆောင်
၂၅။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **ထာဝရချစ်သူ** (အပိုင်း -၃၁)
၂၆။ 2011 FIFA WOMEN' S WORLD CUP (GERMANY) England Vs France(Live)

၁၀-၇-၂၀၁၁ (တနင်္ဂနွေနေ့)

၀၁း၁၅ 2011 FIFA WOMEN' S WORLD CUP (GERMANY) Germany Vs Japan(Live)

ဥတုရာသီ တောကိုမှီ၏

(၂၇)ကြိမ်မြောက် အရှေ့တောင်အာရှအားကစား ပြိုင်ပွဲ ကြိုတင်ပြင်ဆင်မှု ဦးဆောင်ကော်မတီ ဥက္ကဋ္ဌ အားကစား ဝန်ကြီးဌာန နှင့် ဟိုတယ်နှင့် ခရီးသွားလာရေးလုပ်ငန်း ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင့်ဆန်း ရှင်းလင်းတင်ပြစဉ်။ (သတင်းစဉ်)

(၂၇)ကြိမ်မြောက် အရှေ့တောင်အာရှအားကစား ပြိုင်ပွဲ ကြိုတင်ပြင်ဆင်မှု ဦးဆောင်ကော်မတီအဖွဲ့ဝင် အားကစားကွင်းနှင့် တည်းခို နေထိုင်ရေး အဆောက် အအုံများ တည်ဆောက်ရေး ဆပ်ကော်မတီ ဥက္ကဋ္ဌ နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးသိန်းညွန့် ရှင်းလင်းတင်ပြစဉ်။ (သတင်းစဉ်)

● ရှေ့ဖုံးမှ

ပြင်ဆင်ဖွဲ့စည်းပေးခဲ့ပြီးဖြစ်ကြောင်း၊ ဆပ်ကော်မတီများ၏ လုပ်ငန်းတာဝန်ကွာခြားမှုများအပေါ် မူတည်ပြီး ယခင်ဆပ်ကော်မတီ သုံးခု ဖွဲ့စည်းထားခြင်းအစား ဆပ်ကော်မတီ (၁၃)ခုကို တိုးချဲ့ဖွဲ့စည်းခဲ့ခြင်း ဖြစ်ကြောင်း။

ဦးဆောင်ကော်မတီ၏ ပထမလုပ်ငန်းတာဝန်ဖြစ်သည့် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲ အောင်မြင်စွာကျင်းပနိုင်ရေးအတွက် ကြိုတင်ပြင်ဆင်ဆောင်ရွက်မှုအားလုံးကို ဦးစီးဦးဆောင်သွားမည် ဖြစ်ကြောင်း၊ ဦးဆောင်ကော်မတီ၏ အောက်တွင် ထပ်မံပြင်ဆင်တိုးချဲ့ ဖွဲ့စည်းထားသည့် ဆပ်ကော်မတီများမှာ အားကစားကွင်းနှင့်တည်းခိုနေထိုင်ရေး အဆောက်အအုံများတည်ဆောက်ရေး ဆပ်ကော်မတီ၊ ပြိုင်ပွဲတိုင်း ပါဝင်ယှဉ်ပြိုင်ရေးနှင့် အောင်မြင်ရေးအတွက် ကြိုတင်ပြင်ဆင်လေ့ကျင့်ရေးဆပ်ကော်မတီ၊ ဖွင့်ပွဲ၊ ပိတ်ပွဲ အခမ်းအနား အောင်မြင်စွာကျင်းပနိုင်ရန် ကြိုတင်ပြင်ဆင်လေ့ကျင့်ရေး ဆပ်ကော်မတီ၊ ဖိတ်ကြားရေးနှင့် ကြိုဆိုဆက်သွယ်ဆက်ဆံရေး ဆပ်ကော်မတီ၊ ပြိုင်ပွဲဝင်များ မှတ်ပုံတင်ခြင်းနှင့် အားကစားပြိုင်ပွဲများနည်းစနစ် ဆပ်ကော်မတီ၊ အခမ်းအနားပြင်ဆင်ရေးဆပ်ကော်မတီ၊ တည်းခိုနေထိုင်ရေးနှင့် အစားအသောက်ဧည့်ခံ ကျွေးမွေးရေး ဆပ်ကော်မတီ၊ သယ်ယူပို့ဆောင်ရေး ဆပ်ကော်မတီ၊ ကျန်းမာရေးနှင့် ဆေးဘက်ဆိုင်ရာ ဆပ်ကော်မတီ၊ ဘဏ္ဍာငွေရှာဖွေထိန်းသိမ်းရေးနှင့် ဆုချီးမြှင့်ရေးဆပ်ကော်မတီ၊ သတင်းပြန်ကြားရေးနှင့် မှတ်တမ်းတင်ရေး ဆပ်ကော်မတီ၊ ဆက်သွယ်ရေးဆပ်ကော်မတီနှင့် လုံခြုံရေးဆပ်ကော်မတီတို့ဖြစ်ပြီး ယင်းဆပ်ကော်မတီအသီးသီး၏ နောက်တွင် သက်ဆိုင်ရာလုပ်ငန်းတာဝန်များ တွဲဖက်ပါရှိပြီးဖြစ်ကြောင်း။

တည်ဆောက်ပြီးစီး

ဆပ်ကော်မတီ (၁၃)ခုထဲမှ အချိန်မြောက်မြားစွာယူပြီး စနစ်တကျ သေချာစွာ ပြင်ဆင်ဆောင်ရွက်ရမည့် ဆပ်ကော်မတီသုံးခုမှာ တည်ဆောက်ရေး ဆပ်ကော်မတီ၊ အောင်နိုင်ရေးအတွက် ကြိုတင်ပြင်ဆင်လေ့ကျင့်ရေး ဆပ်ကော်မတီ၊ ဖွင့်ပွဲ၊ ပိတ်ပွဲ ဆပ်ကော်မတီတို့ပင်ဖြစ်ကြောင်း၊ အားကစားကွင်းနှင့် တည်းခိုမည့်အဆောက်အအုံများ အချိန်မီပြီးစီးရေးအတွက် တည်ဆောက်ရေး ဆပ်ကော်မတီက ဆောင်ရွက်နေသော တည်ဆောက်ရေးဆိုင်ရာလုပ်ငန်းများကို ပြန်ကြည့်မည်ဆိုလျှင် ယနေ့အထိ ဇမ္ဗူသီရိအားကစားကွင်းပြီးစီးမှု ၇၄ ရာခိုင်နှုန်း၊ ဇမ္ဗူသီရိအားကစားရုံ ပြီးစီးမှု ၄ ဒသမ ၅ ရာခိုင်နှုန်း၊ ဇေယျာသီရိအားကစားကွင်းပြီးစီးမှု ၆၁ ရာခိုင်နှုန်း၊ အားကစားရွာ ပြီးစီးမှု ၂၇ ရာခိုင်နှုန်း တည်ဆောက်ပြီးစီးနေပြီဖြစ်သည်ဟု သိရှိရကြောင်း၊ ပြိုင်ပွဲလက်ခံကျင်းပရန် ရက်၊ လနှင့် ပြန်တွက်ကြည့်မည်ဆိုလျှင် အချိန်အားဖြင့် ၂၈ လကျော်သာ လိုတော့သည့်အတွက် တည်ဆောက်ရန်လျာထားပြီးဖြစ်သည့် အားကစားကွင်း၊ အားကစားရုံများကို ပြိုင်ပွဲမကျင်းပမီ အနည်းဆုံး ခြောက်လအလို တည်ဆောက်ပြီးစီးကြရန်နှင့် ထပ်မံလိုအပ်နေသေးသောအားကစားကွင်း၊ အားကစားရုံများ၊ အုပ်ချုပ်မှုအဆောက်အအုံများ တည်ဆောက်မှုကိုလည်း သတ်မှတ်ကာလအတွင်း ပြီးစီးအောင် တည်ဆောက်နိုင်ရေးအတွက် တွန်းအားပေးဆောင်ရွက်ကြရန် လိုအပ်နေပြီဖြစ်ကြောင်း၊ အားကစားကွင်းနှင့် အားကစားရုံများ ကြိုတင်ပြီးစီးမှသာလျှင် မိမိတို့၏ အားကစားသမားများလည်း ကြိုတင်လေ့ကျင့်ခွင့်၊ လေ့ကျင့်ချိန်များများ ရမည်ဖြစ်ကြောင်း။

ကြိုတင်ဆောင်ရွက်

အလားတူ တည်ဆောက်နေဆဲ အားကစားကွင်း၊ အားကစားရုံများ၌ ပြိုင်ပွဲအတွက် လိုအပ်သည့်အခြေအနေနှင့် ကိုက်ညီအောင် အပြီးသတ်လုပ်ငန်းများ ညှိနှိုင်းဆောင်ရွက်သွားကြရန်နှင့် ပြိုင်ပွဲသုံး နိုင်ငံတကာအဆင့်မီ အားကစားပစ္စည်းများကို သတ်မှတ်စံချိန်စံညွှန်းများနှင့်အညီ မှာယူတပ်ဆင်နိုင်ရန် ကြိုတင်ဆောင်ရွက်ရမည်ဖြစ်ကြောင်း။

အလားတူ အချိန်ယူပြင်ဆင်ရမည့် နောက်ဆပ်ကော်မတီတစ်ခုမှာ ပြိုင်ပွဲတိုင်း ပါဝင်ယှဉ်ပြိုင်အောင်နိုင်ရေးနှင့် အောင်မြင်ရေးအတွက် ကြိုတင်ပြင်ဆင် လေ့ကျင့်ရေး ဆပ်ကော်မတီပင် ဖြစ်ကြောင်း၊ လာမည့် (၂၀၁၃) ခုနှစ်တွင် အိမ်ရှင်အဖြစ် ထပ်မံလက်ခံကျင်းပရမည့် ပြိုင်ပွဲ၌လည်း ထိုက်ထိုက်တန်တန် အောင်မြင်မှုရရှိစေရန် အလားအလာရှိသော မျိုးဆက်သစ် အားကစားသမားများ ထပ်မံရှာဖွေဖော်ထုတ်ခြင်း၊ ပြည်တွင်းပြည်ပနည်းပြများ၊ ခေတ်မီအားကစားနည်းစနစ်များဖြင့် ပြင်းပြင်းထန်ထန် စခန်းသွင်းလေ့ကျင့်ပေးခြင်း၊ ပြည်ပသို့ ပူးတွဲလေ့ကျင့်ရန် စေလွှတ်ခြင်းများ ဆောင်ရွက်ရန်လိုကြောင်း၊ ထို့အပြင် လေ့ကျင့်မှုအခြေအနေများကို အကဲဖြတ်နိုင်ရန်နှင့် ပြိုင်ပွဲအတွေ့အကြုံကောင်းများ ရရှိစေရန်အတွက် ပြည်ပနိုင်ငံများသို့ တတ်အားသရွေ့ စေလွှတ်ယှဉ်ပြိုင်စေခြင်း၊ ပြည်ပမှ အားကစားအဖွဲ့များကို ပြည်တွင်းသို့ ဖိတ်ခေါ်ယှဉ်ပြိုင်စေခြင်းများပြုလုပ်ပြီး အားနည်းချက်၊ အားသာချက်များ ဖော်ထုတ်ကာ လေ့ကျင့်နည်းစနစ်များ ပြောင်းလဲလေ့ကျင့်သွားရန်၊ လိုအပ်ပါက ပြောင်းလဲလေ့ကျင့်သွားရန် ဖြစ်ကြောင်း။

နောက်အချိန်ယူပြီး ဆောင်ရွက်ရမည့် လုပ်ငန်းတာဝန်တစ်ခုမှာ ပြိုင်ပွဲအတွက် လိုအပ်မည့် နိုင်ငံတကာအသိအမှတ်ပြု လက်မှတ်ရ ဒိုင်/ဂျူရီများ ရွေးချယ်လေ့ကျင့်ပေးခြင်း၊ ပြိုင်ပွဲတွင် ဧည့်သည်တော်များ၊ အားကစားအဖွဲ့များကို စကားပြန်/ဆက်ဆံရေးတာဝန်ယူကြမည့် လူငယ်များ ရွေးချယ်လေ့ကျင့်ပေးခြင်းတို့ကိုလည်း ယခုကတည်းက စတင်စီမံထားကြရန် လိုအပ်ကြောင်း။

အလားတူ မိမိတို့နိုင်ငံသည် ခေတ်မီသည်၊ ဖွံ့ဖြိုးသည်၊ တိုးတက်သည်သို့တည်းမဟုတ် နောက်ကျကျန်ရစ်နေသည်ဟု နိုင်ငံရပ်ခြား ဧည့်သည်တော်များ ဝေဖန်မှတ်ချက်ချလာနိုင်သည့် ပုံရိပ်ကိုဖော်ဆောင်နိုင်မည့် အရေးကြီးသော ဆပ်ကော်မတီတစ်ခုဖြစ်သည့် ဖွင့်ပွဲ၊ ပိတ်ပွဲအခမ်းအနားအောင်မြင်စွာကျင်းပနိုင်ရန် ကြိုတင်ပြင်ဆင်လေ့ကျင့်ရေး ဆပ်ကော်မတီသည်လည်း ဖွင့်ပွဲ၊ ပိတ်ပွဲ အခမ်းအနား စည်ကားသိုက်မြိုက်စွာ ကျင်းပနိုင်ရန် အချိန်ယူ ကြိုတင်ပြင်ဆင် လေ့ကျင့်သွားရမည်ဖြစ်ကြောင်း၊ ၂၀၁၁ ခုနှစ် နိုဝင်ဘာ ၂၂ ရက် အင်ဒိုနီးရှားနိုင်ငံတွင် ကျင်းပမည့် (၂၆)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲ ပိတ်ပွဲအခမ်းအနားတွင် ပါဝင်မည့် ပြိုင်ပွဲအလံ လက်ခံယူခြင်းနှင့် ပြန်လည်ဧည့်ခံဖျော်ဖြေခြင်း အစီအစဉ်များတွင် မြန်မာ့အနုပညာ၊ မြန်မာ့ဇာတိ အားမာန်နှင့် လှိုက်လှဲစွာဖိတ်ခေါ်မှုတို့ ပေါ်လွင်စေမည့် သရုပ်ပြသမှုများပါဝင်အောင် လေ့ကျင့်ဇာတ်တိုက်ထားရန်လည်း လိုအပ်မည်ဖြစ်ကြောင်း။

ဖော်ထုတ်ပြသ

မိမိတို့၏ မြန်မာနိုင်ငံတွင် ပြန်လည်ကျင်းပမည့်ပြိုင်ပွဲ၏ ဖွင့်ပွဲ၊ ပိတ်ပွဲအခမ်းအနားများသည် တိုင်းရင်းသားလူမျိုး အသီးသီးတို့၏ ရိုးရာယဉ်ကျေးမှု၊ ပြည်ထောင်စုစိတ်ဓာတ်ဖော်ဆောင်မှု၊ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်မှုများပေါ်လွင်စေသော မြန်မာ့ရိုးရာအနုပညာအကများ၊ ခေတ်မီ IT နည်းပညာများပေါင်းစပ်ပြီး အခြားနိုင်ငံများတွင် ကျင်းပခဲ့သည့် ဖွင့်ပွဲ ပိတ်ပွဲများနည်းတူ အဆင့်အတန်းမြင့်မြင့် ဖော်ထုတ်ပြသနိုင်ရေး ကြိုတင်စီမံထားရန် လိုအပ်ကြောင်း၊ ကျန်ဆပ်ကော်မတီများအနေဖြင့်လည်း အားကစားပြိုင်ပွဲ အောင်မြင်ချောမွေ့စွာကျင်းပနိုင်ရန်အတွက် မိမိတို့ဆပ်ကော်မတီအလိုက် ဆောင်ရွက်ရန်တာဝန်များကို အားကစားဝန်ကြီးဌာနနှင့် ဆက်စပ်လေ့လာပြီး ကြိုတင်ပြင်ဆင်ဆောင်ရွက်ထားကြရန် မှာကြားလိုကြောင်း။

"မြန်မာ့အားကစားမှ ကမ္ဘာ့အားကစားသို့" ဆိုသည့် ဆောင်ပုဒ်နှင့်အညီ လာမည့် (၂၇)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲကို အိမ်ရှင်အဖြစ် အောင်မြင်စွာလက်ခံကျင်းပနိုင်ရန် နိုင်ငံအသီးသီးမှ လာရောက်ကြမည့် ဧည့်သည်တော်များ၊ အားကစားအဖွဲ့များအား မြန်မာနိုင်ငံ၏ ဂုဏ်သိက္ခာနှင့် အဆင့်အတန်းမြင့်မားမှုကို ဖော်ထုတ်ပြသနိုင်ရန်နှင့် ပြိုင်ပွဲတိုင်းတွင် ပါဝင်ယှဉ်ပြိုင်ပြီး ထိုက်ထိုက်တန်တန် အောင်မြင်မှုများရရှိကာ အားကစားဖြင့်နိုင်ငံ့ဂုဏ်ကို မြှင့်တင်နိုင်ရန်အတွက် ကြွရောက်လာသည့် ပုဂ္ဂိုလ်များအားလုံး ဦးဆောင်ကြိုးပမ်းဆောင်ရွက်သွားကြပါဟု တိုက်တွန်းမှာကြားလိုကြောင်းဖြင့် ပြောကြားသည်။

ထို့နောက် (၂၇) ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲ ကြိုတင်ပြင်ဆင်မှု ဦးဆောင်ကော်မတီဥက္ကဋ္ဌ အားကစားဝန်ကြီးဌာနနှင့် ဟိုတယ်နှင့်ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင့်ဆန်းက (၂၆)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲတွင် ထည့်သွင်းကျင်းပမည့် အားကစားနည်းများ၊ မြန်မာနိုင်ငံမှ ပါဝင်ယှဉ်ပြိုင်မည့် အားကစားနည်းများနှင့် ပါဝင်ယှဉ်ပြိုင်ရန် အားကစားနည်းအလိုက် စခန်းသွင်းလေ့ကျင့်မှု၊ (၂၇)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲတွင် ထည့်သွင်းကျင်းပရန် လျာထားသည့် အားကစားနည်းများနှင့် အားကစားနည်းအလိုက် ဆုချီးမြှင့်မည့် ဆုတံဆိပ်များ၊ အိမ်ရှင်အဖြစ် လက်ခံကျင်းပနိုင်ရေးအတွက် အားကစားနည်းအလိုက် ကျင်းပမည့် ပြိုင်ပွဲနေရာများ၊ ထပ်မံဆောက်လုပ်ရန်လိုအပ်သည့် အားကစားကွင်း၊ အားကစားရုံများနှင့် အုပ်ချုပ်မှုအဆောက်အအုံများ၊ ပြုပြင်ပေးရန်လိုအပ်သည့် အသင်းခန်းမများနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ယင်းနောက် ဦးဆောင်ကော်မတီအဖွဲ့ဝင် အားကစားကွင်းနှင့်တည်းခိုနေထိုင်ရေး အဆောက်အအုံများ တည်ဆောက်ရေးဆပ်ကော်မတီဥက္ကဋ္ဌ နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးသိန်းညွန့်က တည်ဆောက်ဆဲဘောလုံးကွင်းနှင့် ရေကူးကန်များ သတ်မှတ်ကာလအတွင်း အချိန်မီပြီးစီးရေး တည်ဆောက်နေမှုနှင့် ဆက်လက်တည်ဆောက်သွားမည့် အဆောက်အအုံများအတွက် ကြိုတင်ပြင်ဆင်ဆောင်ရွက်နေမှုတို့ကို ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ ဦးဆောင်ကော်မတီအဖွဲ့ဝင် ဖွင့်ပွဲ၊ ပိတ်ပွဲအခမ်းအနား အောင်မြင်စွာ ကျင်းပနိုင်ရန် ကြိုတင်ပြင်ဆင်လေ့ကျင့်ရေး ဆပ်ကော်မတီဥက္ကဋ္ဌ ပြန်ကြားရေးဝန်ကြီးဌာနနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးဦးကျော်ဆန်းက ဖွင့်ပွဲ၊ ပိတ်ပွဲအခမ်းအနား အောင်မြင်စွာကျင်းပနိုင်ရန် ကြိုတင်ပြင်ဆင်လေ့ကျင့်ရေး ဆပ်ကော်မတီ ပြင်ဆင်ဖွဲ့စည်းထားမှု၊ ဆပ်ကော်မတီကွပ်ကဲမှုအောက်ရှိ အဖွဲ့(၉) ဖွဲ့၏ လုပ်ငန်းတာဝန်နှင့် ဖွဲ့စည်းတာဝန်ပေးအပ်မှု၊ (၂၆)ကြိမ်မြောက် အရှေ့တောင်အာရှ အားစားပြိုင်ပွဲ ပိတ်ပွဲအခမ်းအနားတွင် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲအလံ လွှဲပြောင်းရယူရာ၌ ယဉ်ကျေးမှုဝန်ကြီးဌာနမှ ဖျော်ဖြေတင်ဆက်မည့် အကအစီအစဉ်များကို ရည်ရွယ်ချက် (၄) ရပ်ချမှတ်၍ ကြိုတင်ပြင်ဆင်လေ့ကျင့်ထားမှု၊ (၂၇)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားကို အစီအစဉ် (၁၈)ခုဖြင့်လည်းကောင်း၊ ပိတ်ပွဲအခမ်းအနားကို အစီအစဉ် (၁၄)ခုဖြင့် လည်းကောင်း ခမ်းနားသိုက်မြိုက်စွာ တင်ဆက်ကျင်းပနိုင်ရန် ကြိုတင်စီစဉ်ထားမှု၊ ဖွင့်ပွဲ၊ ပိတ်ပွဲအခမ်းအနားများအတွက် လိုအပ်သည့် လူအင်အား၊ ပစ္စည်းအရေအတွက်၊ ငွေကြေးလိုအပ်ချက်များနှင့် တန်ဖိုး (လျာထား)တွက်ချက်ထားမှုများနှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံနှင့် အင်ဒိုနီးရှားသမ္မတနိုင်ငံများသို့ လေ့လာရေးအဖွဲ့များစေလွှတ်ရန် စီမံထားမှုတို့ကို ရှင်းလင်းတင်ပြသည်။

ထို့နောက် လုံခြုံရေးဆပ်ကော်မတီဥက္ကဋ္ဌ ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးကိုကို၊ ဘဏ္ဍာငွေရှာဖွေထိန်းသိမ်းရေးနှင့် ဆုချီးမြှင့်ရေးဆပ်ကော်မတီဥက္ကဋ္ဌ ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးလှထွန်း၊ သယ်ယူပို့ဆောင်ရေး ဆပ်ကော်မတီဥက္ကဋ္ဌ ပို့ဆောင်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဉာဏ်ထွန်းအောင်၊ ဆက်သွယ်ရေးဆပ်ကော်မတီဥက္ကဋ္ဌ ဆက်သွယ်ရေး၊ စာတိုက်နှင့် ကြေးနန်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသိန်းထွန်း၊ ကျန်းမာရေးနှင့် ဆေးဘက်ဆိုင်ရာ ဆပ်ကော်မတီဥက္ကဋ္ဌ ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာဝင်းမြင့်၊ ဖိတ်ကြားရေးနှင့် ကြိုဆိုဆက်သွယ်ဆက်ဆံရေး ဆပ်ကော်မတီဥက္ကဋ္ဌ ပို့ဆောင်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဝင်းရှိန်၊ သတင်းပြန်ကြားရေးနှင့် မှတ်တမ်းတင်ရေးဆပ်ကော်မတီဥက္ကဋ္ဌ ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးစိုးဝင်းနှင့် ဦးဆောင်ကော်မတီအတွင်းရေးမှူး အားကစားဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအေးမြင့်ကြူတို့က သက်ဆိုင်ရာကဏ္ဍအလိုက် ကြိုတင်ပြင်ဆင် ဆောင်ရွက်သွားမည့် အစီအစဉ်များကို ရှင်းလင်းတင်ပြကြသည်။

သုံးသပ်ဆွေးနွေး

ယင်းနောက် ဒုတိယသမ္မတ ဒေါက်တာ စိုင်းမောက်ခမ်းက ဆွေးနွေးတင်ပြချက်များအပေါ် ပြန်လည်သုံးသပ်ဆွေးနွေးပြီး နိဂုံးချုပ်အမှာစကားပြောကြားရာတွင် နိုင်ငံတစ်ခု၏ ဂုဏ်သိက္ခာနှင့် အဆင့်အတန်းကို အားကစားအောင်မြင်မှုနှင့် ဖော်ထုတ်ပြသနေကြသည့် ယနေ့ခေတ်ကာလတွင် မိမိတို့နိုင်ငံအနေဖြင့်လည်း နေပြည်တော်တွင် ကျင်းပမည့် (၂၇)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲတွင် အဆင့်အတန်းမြင့်မြင့် အောင်မြင်စွာကျင်းပနိုင်မှုနှင့် မြန်မာအားကစားများ ထိုက်ထိုက်တန်တန် အောင်မြင်မှုများရယူပြီး နိုင်ငံတော်၏ ဂုဏ်သိက္ခာအဆင့်အတန်းကို ကမ္ဘာသိအောင် ပြသကြရမည်ဖြစ်ကြောင်း။

ယခုလို ပြသနိုင်ရန်အတွက် ယနေ့တက်ရောက်ဆွေးနွေးခဲ့ကြသည့် ပုဂ္ဂိုလ်များအားလုံး ဤအစည်းအဝေးက ချမှတ်လိုက်သည့် လမ်းညွှန်ချက်များကို မိမိတို့၏ အတွေ့အကြုံများနှင့်ပေါင်းစပ်ပြီး စီမံဆောင်ရွက်ကြရန် လိုအပ်ကြောင်း။

စီမံဆောင်ရွက်

အားကစားကွင်း၊ အားကစားရုံများနှင့် အားကစားရွာတို့တွင် ပါဝင်သည့် အဆောက်အအုံများ ခိုင်ခံ့သပ်ရပ်စွာ သတ်မှတ်ချိန်အတွင်းပြီးစီးရန် လိုအပ်သော နိုင်ငံတကာအဆင့်မီ ပြိုင်ပွဲသုံး အားကစားအထောက်အကူပစ္စည်းများ အချိန်မီ တပ်ဆင်ပြီးစီးနိုင်ရန်၊ နေပြည်တော်တစ်ခုလုံး အဆင့်အတန်းမြင့်မားသည့် မြို့တော်ဖြစ်ကြောင်း ပြသနိုင်ရန် ယခုကတည်းက စတင်စီမံဆောင်ရွက်ရန် လိုအပ်ကြောင်း။

ထို့ပြင် မြန်မာအားကစားသမားများ နိုင်ငံ့ဂုဏ်ဆောင်နိုင်ရေးအတွက် ပြင်းပြင်းထန်ထန် ကြိုးစားလေ့ကျင့်မှုများကို မလျှော့တမ်း ဆောင်ရွက်သွားကြရန် အထူးပင် လိုအပ်ကြောင်း။

ဆပ်ကော်မတီအသီးသီးအနေဖြင့် ပြိုင်ပွဲကို လာရောက်ကြမည့် အားကစားအဖွဲ့များအတွက် တည်းခိုရေး နေထိုင်ရေး၊ ဧည့်ခံကျွေးမွေးရေး၊ သယ်ယူပို့ဆောင်ရေး၊ ဆက်သွယ်ရေး၊ ကျန်းမာရေးနှင့် လုံခြုံရေးအပိုင်းများတွင် ပြည့်ပြည့်စုံစုံဖြစ်စေရေး စီမံချက်များ ရေးဆွဲတင်ပြဆောင်ရွက်ကြရန် လိုအပ်ကြောင်း။

ပြိုင်ပွဲကို လာရောက်ကြမည့် ဧည့်သည်တော်များ၊ အားကစားသမားများကိုလည်း မြန်မာနိုင်ငံ၏ တိုးတက်ဖွံ့ဖြိုးမှု၊ မြန်မာလူမျိုးတို့၏ ဖြူစင်ရိုးသားမှု၊ ယဉ်ကျေးသိမ်မွေ့ပြီး ဧည့်ဝတ်ကျေပွန်မှု၊ စိတ်ရင်းစေတနာကောင်းမှု မျှတသန့်ရှင်းစွာအားပေးမှု စသည်တို့ကို တွေ့မြင်သွားစေရန်အတွက် ယခုကတည်းက ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်သွားကြရန် လိုအပ်မည်ဖြစ်ကြောင်းဖြင့် ပြောကြားသည်။ **(သတင်းစဉ်)**

ပြည်ထောင်စုရှေ့နေချုပ် ဒေါက်တာထွန်းရှင် တရုတ်ပြည်သူ့သမ္မတနိုင်ငံမှ ပြန်လည်ရောက်ရှိ

ပြည်ထောင်စုရှေ့နေချုပ် ဒေါက်တာထွန်းရှင် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ရှန်ဟိုင်းမြို့၌ ကျင်းပသည့် တတိယအကြိမ်မြောက် အပြည်ပြည်ဆိုင်ရာ အဂတိလိုက်စားမှုတိုက်ဖျက်ရေးဆိုင်ရာ အစည်းအဝေးတွင် အမှာစကားပြောကြားစဉ်။ (သတင်းစဉ်)

နေပြည်တော် ဇူလိုင် ၈

ပြည်ထောင်စု ရှေ့နေချုပ်ရုံးမှ ပြည်ထောင်စုရှေ့နေချုပ် ဒေါက်တာ ထွန်းရှင် ဦးဆောင်သော မြန်မာ ကိုယ်စားလှယ်အဖွဲ့သည် တရုတ်ပြည်သူ့ သမ္မတနိုင်ငံ ရှန်ဟိုင်းမြို့၌ ဇူလိုင် ၃ ရက်မှ ၆ ရက်အထိ ကျင်းပခဲ့သည့် တတိယ အကြိမ်မြောက် အပြည်ပြည်ဆိုင်ရာ အဂတိလိုက်စားမှု တိုက်ဖျက်ရေးဆိုင်ရာ အစည်းအဝေးသို့ တက်ရောက်ခဲ့ပြီး ယမန်နေ့ ညနေပိုင်းတွင် လေကြောင်း ခရီးဖြင့် ပြန်လည်ရောက်ရှိကြသည်။

တက်ရောက်

ယင်းအစည်းအဝေးသို့ နိုင်ငံပေါင်း ၈၀ မှ ကိုယ်စားလှယ်အဖွဲ့ပေါင်း ၈၄ဖွဲ့ ပါဝင်တက်ရောက်ကြပြီး တက်ရောက်သူဦးရေ စုစုပေါင်း ၄၀၀ ဖြစ်ကြောင်း သိရှိရသည်။

ပြန်လည်လိုက်ပါ

ပြည်ထောင်စုရှေ့နေချုပ်နှင့်အတူ အဖွဲ့ဝင်များဖြစ်ကြသည့် ရန်ကုန်တိုင်းဒေသကြီး ဥပဒေအရာရှိ ဦးအောင်သန်းမြင့်နှင့် ပြည်ထောင်စုရှေ့နေချုပ်ရုံးမှ ဦးစီးအရာရှိ ဦးညွန့်လွင် တို့လည်း ပြန်လည်လိုက်ပါလာကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ရှောင်ရမည့်တရားများကို ရှောင်၊ ဆောင်ရမည့်တရားများကို ဆောင် သာသနာတော်၌ ကြီးပွား စည်ပင် ပြန့်ပြောအောင် ကျင့်ကြံအားထုတ်

ရန်ကုန် ဇူလိုင် ၈

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဆဋ္ဌအကြိမ် နိုင်ငံတော်သံဃမဟာနာယက အဖွဲ့ (၄၇)ပါးစုံညီ စုဒ္ဒသမအစည်းအဝေး၌ မိန့်ကြားတော်မူအပ်သော နိုင်ငံတော်သံဃ မဟာနာယကအဖွဲ့ဥက္ကဋ္ဌ အဘိဓဇမဟာရဋ္ဌဂုရု၊ အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက ဒေါက်တာဘဒ္ဒန္တကုမာရာဘိဝံသ၏ သမ္မောဒနီယ သာရဏီယ ဩဝါဒကထာ အပြည့် အစုံမှာ အောက်ပါအတိုင်းဖြစ်သည်-

ဆဋ္ဌအကြိမ် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ (၄၇)ပါးစုံညီ စုဒ္ဒသမ အစည်း အဝေးသို့ ခန္ဓာကိုယ်ပင်ပန်းနွမ်းနယ်မှုကို ရှုငဲ့တော်မမူကြဘဲ ကိုယ်ရေးကိုယ်တာ ကိစ္စအဝဝတို့ကို လျစ်လျူရှုကာ သာသနာတော်အရေးကိစ္စကိုသာ အလေးဂရုပြု၍ ကြွရောက်တော်မူလာကြသော ဆရာတော်အရှင်မြတ်တို့၏ သာသနာ့စိတ်ဓာတ်ကို လေးမြတ်ကြည်ညိုလျက် သာသနာတော်အတွက် အားတက်ရွှင်လန်းဝမ်းမြောက်ရပါ ကြောင်း လျှောက်ထားအပ်ပါသည်ဘုရား။

ဆရာတော်အရှင်သူမြတ်တို့ဘုရား-

သုံးလောကထွဋ်ထား သဗ္ဗညုမြတ်ဘုရားသည် လေးသင်္ချေနှင့် ကမ္ဘာတစ်သိန်း ကာလပတ်လုံး ပါရမီ၊ စာဂ၊ စရိယတို့ကို ပြည့်ဝအောင်ဖြည့်ကျင့် ဆည်းပူးတော်မူ၍ ရရှိတော်မူခဲ့သော သဗ္ဗညုတရွှေဉာဏ်တော်ဖြင့် လူ၊ နတ်၊ ဗြဟ္မာ သတ္တဝါတို့၏ အကျိုးစီးပွားအလို့ငှာ သဒ္ဓမ္မသုံးဖြာ သာသနာတော်မြတ်ကြီးကို တည်ထောင်တော်မူခဲ့ ပါသည်ဘုရား။

ထိုတည်ထောင်အပ်ပြီးသော သာသနာတော်မြတ်ကြီးကို အဓွန့်ရှည်ကြာစွာ တည်တံ့အောင် လက်ဆင့်ကမ်း ထမ်းဆောင်နိုင်ကြမည့် ပဥ္စဝဂ္ဂီငါးပါးတို့နှင့်တကွ အရှင်သာရိပုတြာ၊ အရှင်မဟာမောဂ္ဂလာန်၊ အရှင်မဟာကဿပ၊ အရှင်ဥပါလိ စသော သာဝကတို့ကို ရဟန်းပြုပေးတော်မူလျက် သံဃာ့အဖွဲ့အစည်းကြီးကိုလည်း ဖွဲ့စည်းတည်ထောင်ခဲ့ပါသည်ဘုရား။

ထိုသံဃာ့အဖွဲ့အစည်းဝင် အရှင်မြတ်တို့သည် ဗုဒ္ဓမြတ်စွာ သာသနာတော်မြတ် ကြီးကို ဘုရားရှင်လက်ထက်တော်မှစ၍ ဆရာတပည့် အစဉ်အဆက် လက်ဆင့်ကမ်း ထမ်းဆောင်တော်မူလာခဲ့ရာ ယခုမျက်မှောက်ခေတ်တိုင်အောင် နှစ်ပေါင်း (၂၅၅၅) ခုနှစ်သို့ ရောက်ရှိခဲ့ပြီး ဖြစ်ပါသည်ဘုရား။

ဆရာတော်အရှင်သူမြတ်တို့ဘုရား-

"ဝိနယော နာမ ဗုဒ္ဓသာသနဿ အာယု၊ ဝိနယေ ဌိတေ သာသနံ ဌိတံ နာမ ဟောတိ" ဟူသော ဝိနယအဋ္ဌကထာ ဖွင့်ပြတော်မူသည်နှင့်အညီ ဝိနည်းတရားတော် သည် မြတ်စွာဘုရား သာသနာတော်၏ အသက်ဖြစ်ပါသည်။ ဝိနည်းတရားတော် တည်ရှိနေလျှင် သာသနာတော် တည်ရှိနေသကဲ့သို့ ပထမအကြိမ် ဂိုဏ်းပေါင်းစုံ သံဃာ့ အစည်းအဝေးကြီးက အတည်ပြုပြဋ္ဌာန်းခဲ့သော သံဃာ့အဖွဲ့အစည်း အခြေခံ စည်းမျဉ်းနှင့် လုပ်ထုံးလုပ်နည်းများသည်လည်း သံဃာ့အဖွဲ့အစည်းကြီး အဓွန့်ရှည်စွာ တည်တံ့ရေးအတွက် အသက်သွေးကြောပင် ဖြစ်ပါသည်ဘုရား။

သံဃာ့အဖွဲ့အစည်း အခြေခံစည်းမျဉ်း တည်မြဲနေသမျှ ကာလပတ်လုံး နိုင်ငံတော် သံဃမဟာနာယက အဖွဲ့ကြီးမှစ၍ ရပ်/ကျေးသံဃနာယကအဖွဲ့အထိ သံဃာ့အဖွဲ့ အစည်းအဆင့်ဆင့်သည်လည်း တည်မြဲနေမည်သာ ဖြစ်ပါသည်။ သံဃာ့အဖွဲ့အစည်း အဆင့်ဆင့်တို့က အခြေခံစည်းမျဉ်းလုပ်ထုံးလုပ်နည်းများ၌ ပြဋ္ဌာန်းထားသော လုပ်ငန်း တာဝန်များကို ကျေပွန်အောင်ဆောင်ရွက်နေကြပါက ပြည်ထောင်စုသမ္မတ မြန်မာ နိုင်ငံတော်၏ ထေရဝါဒ ဗုဒ္ဓသာသနာတော်မြတ်ကြီးလည်း တည်တံ့ခိုင်မြဲနေမည်သာ ဖြစ်ပါသဖြင့် ဝိနည်းတရားတော်ကို အလေးဂရုပြုတော်မူကြသည့်နည်းတူ သံဃာ့ အဖွဲ့အစည်း အခြေခံစည်းမျဉ်းနှင့် လုပ်ထုံးလုပ်နည်းများကိုလည်း လေးစားလိုက်နာ ကြရမည်ဖြစ်ပါသည် ဘုရား။

ဆရာတော်အရှင်သူမြတ်တို့ ဘုရား-

သံဃာ့အဖွဲ့အစည်း လုပ်ထုံးလုပ်နည်းများ၌ ပြင်ဆင်ရမည့် အချက်များကို နိုင်ငံတော် သံဃမဟာနာယက ဆရာတော်များ၊ နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင် ဆရာတော်များ ပါဝင်သောအဖွဲ့က ပြင်ဆင်ခဲ့ရာ ယင်းပြင်ဆင်ချက်ကို နိုင်ငံတော် ဗဟိုသံဃာ့ဝန်ဆောင်အဖွဲ့ အစည်းအဝေးက အတည်ပြုပြီးဖြစ်ပါသည်။ သံဃာ့အဖွဲ့ အစည်း လုပ်ထုံးလုပ်နည်းများပါ သတ်မှတ်ပြဋ္ဌာန်းချက်များနှင့်အညီ သံဃာ့အဖွဲ့ အစည်း အဆင့်ဆင့်၌ အရည်အချင်း ပြည့်ဝသောပုဂ္ဂိုလ်များ ပါဝင်အောင် ဆောင်ရွက် တော်မူကြပါရန် တိုက်တွန်းလျှောက်ထားအပ်ပါသည်ဘုရား။

ဆရာတော်အရှင်သူမြတ်တို့ ဘုရား-

မြတ်စွာဘုရားရှင်သည် ဣတိဝုတ် ကုဟသုတ်တော်၌ " ယေ ကေစိ ဘိက္ခဝေ ဘိက္ခူ ကုဟာ ထဒ္ဓါ လပါ သိင်္ဂီဥန္နဠာ အသမာဟိတာ" စသည်ဖြင့် ရဟန်းတော်များ၏ မကြီးပွားခြင်းအကြောင်းတို့ကိုလည်းကောင်း၊ "ယေ စ ခေါ တေ ဘိက္ခဝေ ဘိက္ခူ နိက္ကုဟာ နိလ္လပါဓီရာ အတ္ထဒ္ဓါ သုသမာဟိတာ" စသည်ဖြင့် ရဟန်းတော်များ၏ သာသနာတော်၌ ကြီးပွားခြင်းအကြောင်းတို့ကိုလည်းကောင်း ဟောကြားတော်မူခဲ့ပါ သည်ဘုရား။

ဤဒေသနာတော်၏ ဆိုလိုရင်းအဓိပ္ပာယ်အကျဉ်းချုပ်မှာ-

ရဟန်းတို့

(၁) ကုဟာ - မဂ်, ဖိုလ် ရလေဟန် ရိပ်ကာစောင်းကာဖြင့် ဒါယကာ ဒါယိကာမတို့ကို အံ့သြအောင် အထင်ကြီးအောင် ပြုသောရဟန်းများ။

(၂) ထဒ္ဓါ - ဒေါသ၊ မာနတို့ဖြင့်ကြမ်းတမ်းခက်ထန်သောရဟန်းများ။

(၃) လပါ - ဒါယကာ၊ ဒါယိကာမတို့ကို ဗေဒင်ဟောခြင်း၊ ဆေးကု ခြင်း၊ ဓာတ်ရိုက်ဓာတ်ဆင်ခြင်း စသော မိစ္ဆာဇီဝဖြင့် မြူဆွယ်သော ရဟန်းများ၊

(၄) သိင်္ဂီ - ကုသိုလ်တရားတို့ကို ထိုးသတ်ခတ်ဖောက်တတ်သော ဦးချိုအလား ထင်ရှားသော ကိလေသာရှိသော ရဟန်းများ။

(၅) ဥန္နဠာ - ကျူရိုးအလား ထောင်လွှားတက်ကြွသော အချည်း အနှီးသော မာနရှိသော ရဟန်းများ။

(၆) အသမာဟိတာ - ကမ္မဋ္ဌာန်းအာရုံ၌ စိတ်ကိုကောင်းမွန်တည်တံ့စွာ မထားနိုင်သော ရဟန်းများသည် ငါဘုရား၏ရဟန်း များ မဟုတ်ကြ။ ငါဘုရား၏ ကိုယ်ပိုင် ငါဘုရားနှင့် ဆိုင်သော ရဟန်းများ မဟုတ်ကြ၊ ထိုရဟန်းများ သည် တရားဖြင့်ဆုံးမရာ ဤသာသနာတော်မှ ကင်းကွာကြကုန်၏။ ဤဓမ္မဝိနယသာသနာတော်၌ သီလ စသောဂုဏ်တို့ဖြင့် ကြီးပွားခြင်း၊ စည်ပင်ခြင်း၊ ပြန့်ပြောခြင်းသို့လည်း မရောက်နိုင်ကြကုန်။

ရဟန်းတို့ …

(၁) နိက္ကုဟာ - မဂ်, ဖိုလ် ရလေဟန် ရိပ်ကာစောင်းကာဖြင့် ဒါယကာ၊ ဒါယိကာမတို့ကို အံ့သြအောင် အထင်ကြီး အောင် မပြုလုပ်ကြသော ရဟန်းများ၊

(၂) နိလ္လပါ - ဒါယကာ၊ ဒါယိကာမတို့ကို ဗေဒင်ဟောခြင်း၊ ဆေး ကုခြင်း၊ ဓာတ်ရိုက်ဓာတ်ဆင်ခြင်း စသော မိစ္ဆာဇီဝ ဖြင့် မြူဆွယ်မှုမပြုလုပ်သော ရဟန်းများ။

(၃) ဓီရာ - လုံ့လ၊ ဝီရိယရှိသော ရဟန်းများ၊

(၄) အတ္ထဒ္ဓါ - ဒေါသ၊ မာနတို့ဖြင့် မကြမ်းတမ်း မခက်ထန်သော ရဟန်းများ၊

(၅) သုသမာဟိတာ - ကမ္မဋ္ဌာန်းအာရုံ၌ စိတ်ကို ကောင်းမွန်တည်တံ့စွာ ထားနိုင်ကြသော ရဟန်းများသည် ငါဘုရား၏ ရဟန်းများဖြစ်ကြကုန်၏။ ငါဘုရား၏ ကိုယ်ပိုင် ငါဘုရားနှင့် ဆိုင်သော ရဟန်းများဖြစ်ကြကုန်၏။ ထိုရဟန်းများသည် တရားဖြင့်ဆုံးမရာ ဤသာသနာ တော်မှ မကင်းကွာကြကုန်။ ဤဓမ္မဝိနယသာသနာ တော်၌ သီလ စသော ဂုဏ်တို့ဖြင့် ကြီးပွားခြင်း၊ စည်ပင်ခြင်း၊ ပြန့်ပြောခြင်းသို့လည်း ရောက်နိုင် ကုန်၏"ဟု ဆိုလိုပါသည် ဘုရား။

ဆရာတော်အရှင်သူမြတ်တို့ဘုရား-

ဤကုဟသုတ်၌ မြတ်စွာဘုရားရှင် ဟောကြားတော်မူအပ်သော တရားတော် များသည် ရဟန်းတော်များအတွက် လွန်စွာအရေးကြီးသော ရှောင်ရန် ဆောင်ရန် တရားတော်များ ဖြစ်ကြပါသည်ဘုရား။

သို့ဖြစ်၍ ရှောင်ရမည့်တရားများကို ရှောင်၊ ဆောင်ရမည့် တရားများကို ဆောင်တော်မူကြကာ သာသနာတော်မှ မကင်းကွာမူ၍ သာသနာတော်၌ ကြီးပွား စည်ပင်ပြန့်ပြောခြင်းသို့ ရောက်အောင် ကျင့်ကြံကြိုးကုတ် အားထုတ်တော်မူကြကာ သာသနာ့တာဝန်ကို အားသွန်ကြိုးပမ်းထမ်းဆောင်တော်မူကြပါဟု တိုက်တွန်းလျက် တပည့်တော်၏ သမ္မောဒနီယ သာရဏီယ ဩဝါဒကထာကို နိဂုံးချုပ်အပ်ပါသည် ဆရာတော်အရှင်သူမြတ်တို့ဘုရား။

ဆဋ္ဌအကြိမ် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ (၄၇)ပါးစုံညီ စုဒ္ဒသမ အစည်းအဝေး ပထမနေ့ကျင်းပစဉ်။ (သတင်းစဉ်)

❒ *ရှေ့ဖုံးမှ*

ဗန်းမော်ကျောင်းတိုက်ဆရာတော် အဘိဓဇ မဟာရဋ္ဌဂုရု အဘိဓဇ အဂ္ဂမဟာသဒ္ဓမ္မ ဇောတိက ဒေါက်တာဘဒ္ဒန္တကုမာရာဘိဝံသ ကိုယ်စား သဘာပတိ ဆရာတော်က မြွက်ကြားတော်မူသည်။

(အစည်းအဝေးသဘာပတိ နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ ဒုတိယဥက္ကဋ္ဌ မစိုးရိမ်ဆရာတော် မြွက်ကြားသော နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဥက္ကဋ္ဌ ဆရာတော် ဒေါက်တာဘဒ္ဒန္တကုမာရာ ဘိဝံသ၏ သမ္မောဒနီယသာရဏီယ ဩဝါဒ ကထာကို သီးခြားဖော်ပြထားပါသည်။)

ဆက်လက်၍ ဆဋ္ဌအကြိမ်နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ (တတိယ အဖွဲ့ခွဲ)၏ စတုတ္ထအကြိမ် တာဝန်ကျရာ ကာလအတွင်း ဆောင်ရွက်ချက် အစီရင် ခံစာအကျဉ်းကို တာဝန်ကျအဖွဲ့ခွဲ၏ ကိုယ်စား တွဲဖက်အကျိုးတော်ဆောင် ဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တ ဇောတိကက တင်သွင်းလျှောက်ထား သည်။

ယင်းနောက် သာသနာရေးဝန်ကြီး ဌာန ပြည်ထောင်စုဝန်ကြီး သူရဦးမြင့် မောင်က သာသနာရေးဆိုင်ရာများကို လျှောက်ထားပြီး အစည်းအဝေးကို ခေတ္တ ရပ်နားသည်။

ထို့နောက် အစည်းအဝေးကို ဆက်လက်ကျင်းပရာ ဆဋ္ဌအကြိမ် နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ (တတိယအဖွဲ့ခွဲ)၏ စတုတ္ထအကြိမ် တာဝန်ကျရာကာလအတွင်း ဆောင်ရွက် ချက်အစီရင်ခံစာကို အဖွဲ့ဝင် ဆရာတော် များက ကဏ္ဍအလိုက်တင်သွင်းလျှောက်ထား ကြသည်။

ယင်းနောက် အဖွဲ့ဝင်ဆရာတော် များ၏ ဝိနိစ္ဆယရေးရာ၊ ပညာရေးရာ၊ သာသနာရေးရာဆိုင်ရာ လျှောက်ထား ချက်များနှင့်စပ်လျဉ်း၍ ဆွေးနွေးဆုံးဖြတ် အတည်ပြုတော်မူကြပြီး ပထမနေ့အစည်း အဝေးကို မွန်းလွဲပိုင်းတွင် ရုပ်သိမ်းလိုက် သည်။

ဆဋ္ဌအကြိမ် နိုင်ငံတော် သံဃမဟာ နာယကအဖွဲ့ (၄၇)ပါးစုံညီ စုဒ္ဒသမ အစည်းအဝေးပထမနေ့၏ တစ်နေ့တာ ဆွမ်းအလှူရှင်မှာ ရန်ကုန်အရှေ့ပိုင်းခရိုင် သဃ်န်းကျွန်းမြို့နယ် ကျိုက္ကစံ ဝေဠုဝန် ရွှေကျင်ကျောင်းတိုက် ဆရာတော် ဘဒ္ဒန္တ မာနိတ ဦးဆောင်သော တပည့် ဒါယကာ ဒါယိကာမများဖြစ်သည်။ **(သတင်းစဉ်)**

ရှမ်းပြည်နယ် ဝမ်ပုံရုပ်မြင်သံကြားထပ်ဆင့်လွှင့်စက်ရုံမှ မြန်မာ့ရုပ်မြင်သံကြားအစီအစဉ် စတင်ထုတ်လွှင့်

နေပြည်တော် ဇူလိုင် ၈

ရုပ်မြင်သံကြားတိုးချဲ့ထုတ်လွှင့်ရေးအစီအစဉ်အရ ရှမ်းပြည်နယ် ဝမ်ပုံရုပ်မြင် သံကြား ထပ်ဆင့်လွှင့်စက်ရုံကို အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ရာ ဇူလိုင် ၁ ရက် တွင် လုပ်ငန်းများ ပြီးစီးခဲ့ပြီဖြစ်သဖြင့် အဆိုပါစက်ရုံမှ လွှင့်အား(၁၀၀)ဝပ်၊ လှိုင်းနှုန်း VHF Channel 10 ဖြင့် ဇူလိုင် ၂ ရက်မှစ၍ မြန်မာ့ရုပ်မြင်သံကြား အစီအစဉ်များ ကို အရုပ်/အသံ ကြည်လင်ပြတ်သားစွာဖြင့် ထုတ်လွှင့်ပေးလျက်ရှိကြောင်း သတင်း ရရှိသည်။ **(သတင်းစဉ်)**

မြန်မာ့ရုပ်မြင်သံကြား အစီအစဉ်

၉-၇-၂၀၁၁ (စနေနေ့)

နံနက်ပိုင်း

၇း၀၀ ၁။ တောင်တန်းသာသနာပြု ဆရာတော်ကြီး၏ ပရိတ်တရားတော်
၇း၁၅ ၂။ မြတ်ဂုဏ်တော်သခင် (သန်းမြတ်စိုး၊ တေးရေး-မောင်မောင်လတ်)
၇း၂၅ ၃။ ကျန်းမာဖို့အတူကစားစို့
၇း၃၀ ၄။ နံနက်ခင်းသတင်း
၇း၄၀ ၅။ သံသာချိုအေးမင်္ဂလာတေး
၇း၅၀ ၆။ သက်ရှည်ကျန်းမာလေ့ကျင့်ပါ
၈း၀၅ ၇။ ကဗျာပန်းဥယျာဉ်
၈း၂၅ ၈။ ဇီဝမျိုးစုံမျိုးကွဲများ
၈း၄၀ ၉။ **International News**
၈း၄၅ ၁၀။ တေးဂီတအစီအစဉ်
၉း၀၀ ၁၁။ အစီအစဉ်ပြီး၏။

နေ့လယ်ပိုင်း

၁၁း၀၀ ၁။ စစ်သည်တေး
၁၁း၁၀ ၂။ တေးဂီတအစီအစဉ်
၁၁း၂၅ ၃။ ချစ်စရာ့အရွယ်ကစားကြမယ်
၁၁း၅၀ ၄။ တစ်ပတ်အတွင်း ရုပ်မြင်သံကြား ပြည်တွင်းသတင်းစဉ်
၁၂း၃၅ ၅။ **Yan Can Cook**
၁၃း၀၀ ၆။ နိုင်ငံခြားဇာတ်လမ်းတွဲ **ချစ်ကြိုးတစ်မျှင်** (အပိုင်း-၅၇)
၁၄း၀၀ ၇။ **(၂၆)ကြိမ်မြောက် အရှေ့တောင်အာရှအားကစား ပြိုင်ပွဲအကြို တင်းနစ်နှင့်စစ်တုရင်**
၁၄း၂၀ ၈။ ပြည်ထောင်စုတိုင်းရင်းသား ရိုးရာတေးသံသာ
၁၄း၂၅ ၉။ ဂီတသံစဉ်အလှဆင်
၁၄း၄၅ ၁၀။ အတီးပြိုင်ပွဲ
၁၄း၅၀ ၁၁။ **International News**
၁၅း၀၀ ၁၂။ အစီအစဉ်ပြီး၏။

ညပိုင်း

၄း၀၀ ၁။ စစ်ချီတေး၊စစ်သည်တေး
၄း၀၅ ၂။ တေးဂီတအစီအစဉ်
၄း၁၅ ၃။ မြူးမြူးကြွကြွယဉ်ကျေးမှု အက
၄း၂၅ ၄။ **ဆုံစည်းခွင့်**
၄း၄၀ ၅။ အဝေးသင်တက္ကသိုလ် ပညာရေးရုပ်မြင်သံကြား သင်ခန်းစာ-ပထမနှစ် (ဥပဒေပညာအထူးပြု) (ဥပဒေပညာ)
၄း၅၅ ၆။ မျိုးချစ်စိတ်ဓာတ်ရှင်သန် ထက်မြက်ရေးတေးများ
၅း၀၀ ၇။ **International Science News**
၅း၁၀ ၈။ တေးဂီတအစီအစဉ်
၅း၂၀ ၉။ **သစ်ပင်သစ်တောများ**
၅း၃၀ ၁၀။ ချစ်စရာ့အရွယ် ကစားကြမယ်
၆း၀၀ ၁၁။ ညနေခင်းသတင်း
၆း၁၅ ၁၂။ မိုးလေဝသအခြေအနေ
၆း၂၀ ၁၃။ အလှရှာမယ် လှကမ္ဘာဝယ်
၆း၃၅ ၁၄။ ယဉ်တစ်ကိုယ်မယ် (တင်မိုးလွင်)
၇း၀၀ ၁၅။ နိုင်ငံခြားဇာတ်လမ်းတွဲ **အချစ်နဲ့အမုန်း** (အပိုင်း-၂၅)
၈း၀၀ ၁၆။ ပြည်တွင်းသတင်း
၁၇။ နိုင်ငံတကာသတင်းများ
၁၈။ မိုးလေဝသအခြေအနေ
၁၉။ ကာတွန်းအစီအစဉ် **တောကောင်ငယ် သိုင်းညီနောင်လေးများ** (ဒုတိယတွဲ) (အပိုင်း-၃၀)
၂၀။ နိုင်ငံခြားဇာတ်လမ်းတွဲ **ရှုပ်ထွေးဆန်းကြယ်** (အပိုင်း-၂၁)
၂၁။ **ဂီတတံခါးလေးဖွင့်ပါဦး**
၂၂။ အစီအစဉ်ပြီး၏။

တိုင်းဒေသကြီး လျှပ်စစ်အင်ဂျင်နီယာ ဦးကျော်ငြိမ်း၊ ခရိုင်လျှပ်စစ်အင်ဂျင်နီယာ ဦးအောင်မြင့်နှင့် မြို့နယ်လျှပ်စစ်အင်ဂျင်နီယာ ဦးအောင်ဇော်ဝင်းတို့ ဇူလိုင် ၅ ရက်က ပျဉ်းမနားမြို့ ပန်းခင်းလမ်းတစ်လျှောက်၌ Earth Ring တပ်ဆင်နေမှုကို ကြည့်ရှုစစ်ဆေးကြစဉ်။ (သတင်းစဉ်)

တိုးမြှင့်ပင်စင်လစာအကြောင်း သိကောင်းစရာများ

နိုင်ငံတော်က နိုင်ငံ့ဝန်ထမ်းများ၏ ပင်စင်လစာများနှင့် နိုင်ငံရေးပင်စင်လစာများ တိုးမြှင့်သတ်မှတ်ပေးလိုက်ကြောင်း ၃၀-၆-၂၀၁၁ ရက်နေ့တွင် ထုတ်ပြန်ကြေညာခဲ့သည်။ အဆိုပါပင်စင်လစာများနှင့် နိုင်ငံရေးပင်စင်လစာများကို ၂၀၁၁ ခုနှစ် ဇူလိုင်လစာမှစ၍ တိုးမြှင့်ခံစားခွင့် ပြုလိုက်သဖြင့် ပင်စင်စားများကိုယ်တိုင်သာမက တစ်နိုင်ငံလုံး လှိုက်လှဲဝမ်းသာ ပီတိထောမနာဖြစ်ရသည်။

ပင်စင်စားများအနေဖြင့် ပင်စင်လစာစာအုပ်နှင့် ယခင်ပင်စင်လစာခွင့်ပြုခဲ့သည့် အမိန့်စာများယူဆောင်၍ သက်ဆိုင်ရာရုံးဌာနများသို့ ကိုယ်တိုင်အမြန်ဆုံး ဆက်သွယ်သတင်းပို့ ဆောင်ရွက်သွားကြရန်လည်း နှိုးဆော်ထားသည်။ ပင်စင်စားများ၊ ၎င်းတို့၏ မိသားစုများ၊ ဆက်စပ်ပတ်သက်သူများက မိမိတို့ဆောင်ရွက်ရမည့်အချက်များနှင့် ပတ်သက်၍ မရှင်းလင်းသည်များကို ပင်စင်ဦးစီးဌာနသို့ နေ့စဉ် စုံစမ်းမေးမြန်းမှုများရှိလာသည်။ ယင်းမေးမြန်းချက်များအပေါ် ပြန်လည်ဖြေကြားချက်များနှင့် အခြားသိရှိသင့်သည်များအား ပြည်သူအများ ဂဃနဏ ရှင်းလင်းသိရှိနိုင်စေရန် စုစည်းဖော်ပြလိုက်ပါသည်။

၁။ မေး ။ ပင်စင်လစာ တိုးမြှင့်မှုတွင် မည်သည့်ပင်စင်အမျိုးအစားများ ပါဝင်ပါသလဲ။

ဖြေ ။ **ပင်စင်လစာ တိုးမြှင့်မှုတွင် စစ်ဘက်၊ နယ်ဘက်ခံစားခွင့်ရှိသော ပင်စင်အမျိုးအစားအားလုံး အကျုံးဝင်၊ ပါဝင်ပါသည်။**

၂။ မေး ။ ယခုတိုးမြှင့်မှုတွင် အငြိမ်းစားလစာကို ၂၀၁၀မတိုင်မီ ခံစားရသူများအားလုံး အကျုံးဝင်ပါသလား။

ဖြေ ။ **၁-၁-၂၀၁၀ ရက်နေ့မတိုင်မီ ပင်စင်ခံစားခွင့်ရရှိခဲ့သော ပင်စင်စားများအားလုံး အကျုံးဝင်၊ ပါဝင်ပါသည်။**

၃။ မေး ။ ပင်စင်စား ဝန်ထမ်းဦးရေ ဘယ်လောက်ရှိပါသလဲ။

ဖြေ ။ **နိုင်ငံ့ဝန်ထမ်း ပင်စင်စား (၈)သိန်းကျော်နှင့် နိုင်ငံရေး ပင်စင်စား (၄)သောင်းကျော် ရှိပါသည်။**

၄။ မေး ။ ယခု တိုးမြှင့်သည့် နှုန်းထားအရ အနိမ့်ဆုံးပင်စင် တစ်လစာနှုန်း မည်မျှဖြစ်၍ အမြင့်ဆုံးပင်စင် တစ်လစာနှုန်း မည်မျှဖြစ်သွားမည်နည်း။

ဖြေ ။ **အနိမ့်ဆုံး ပင်စင်လစာကျပ် ၂၀၀၀၀ ခန့်နှင့် အမြင့်ဆုံးပင်စင်လစာကျပ် ၁၁၀၀၀၀ခန့်အထိ တိုးမြှင့်သွားမည် ဖြစ်ပါသည်။**

၅။ မေး ။ နိုင်ငံရေးပင်စင်လစာနှင့် ပတ်သက်၍ အသေးစိတ်သိရှိလိုပါသည်။

ဖြေ ။ **၁-၄-၂၀၀၆ ရက်နေ့မတိုင်မီ နိုင်ငံရေး ပင်စင်စားများ၏ ပင်စင်လစာအား ၁-၁-၂၀၁၀ ရက်နေ့ရှိ မြို့ပြ တိုးမြှင့်လစာနှုန်းထားများနှင့် ကိုက်ညှိ၍ ရာထူးအဆင့်အလိုက် တိုးမြှင့်ခံစားခွင့်ပြုမှာ ဖြစ်ပါသည်။**

၆။ မေး ။ တိုးမြှင့် ပင်စင်လစာထုတ်ယူခွင့်ရရှိရန်အတွက် သက်ဆိုင်ရာဌာနများသို့ ကိုယ်တိုင်သွားရောက်သတင်းပို့ရမည်ဟု သိရှိရပါသည်။ အကယ်၍ သက်ကြီးပင်စင်စားများအနေဖြင့် ကျန်းမာရေး ချို့ယွင်းနေပါလျှင် မည်သို့ စီစဉ်နိုင်ပါသလဲ။

ဖြေ ။ **သက်ကြီးပင်စင်စားတွေကို သက်ဆိုင်ရာဌာန တာဝန်ခံအရာရှိ၊ ကိုယ်စားလှယ်အရာရှိ စေလွှတ်ပြီး လူတွေ့နိုင်အောင် သက်ဆိုင်ရာဌာနမှ ဆောင်ရွက်ထားပါမည်။**

၇။ မေး ။ တိုးမြှင့်ပင်စင်လစာနှင့်ပတ်သက်ပြီး အများပြည်သူ သိရှိသင့်သည့် အချက်အလက်များရှိလျှင်လည်း ဖြည့်စွက်ပြောပြပေးစေလိုပါသည်။

ဖြေ ။ **တိုးမြှင့်ပင်စင်လစာ တောင်းခံလွှာများကို ပင်စင်ဦးစီးဌာန ရုံးချုပ်၊ ရုံးခွဲ၊ ဦးစီးဌာန၊ လုပ်ငန်းအဖွဲ့အစည်း၊ ရုံးချုပ်၊ ရုံးခွဲများတွင် အခမဲ့ရယူနိုင်ပါသည်။ ပင်စင်စားများအနေဖြင့် ပင်စင်ယူခဲ့သည့်မြို့ကို ပြန်မသွားရဘဲ နေထိုင်ရာမြို့မှာပင် တောင်းခံလွှာရနိုင်အောင် စီစဉ်ထားပြီး ပင်စင်စားနေထိုင်ရာမြို့၌ မိခင်ဌာနရုံးခွဲမရှိပါက မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ တောင်းခံလွှာလက်ခံ၍ သက်ဆိုင်ရာရုံးချုပ်သို့ ပေးပို့ဆောင်ရွက်နိုင်ပါသည်။**

၈။ မေး ။ မြစ်ကြီးနားမြို့နယ် ရဲတပ်ဖွဲ့မှ အငြိမ်းစားယူခဲ့ပြီး ပင်စင်လစာကို မော်လမြိုင်ဘဏ်တွင် ထုတ်နေသူ မော်လမြိုင်မြို့နေ ရဲတပ်ဖွဲ့ဝင် ပင်စင်စားအနေဖြင့် တိုးမြှင့်ပင်စင်လစာ တောင်းခံလွှာ မြစ်ကြီးနားသွားတင်ရန် လို၊ မလို။

ဖြေ ။ **သွားရန်မလိုပါ။ မော်လမြိုင်မြို့နယ် ရဲတပ်ဖွဲ့မှူးရုံးမှာ တင်လျှင်ရပါသည်။ မော်လမြိုင်မြို့နယ်ရုံးက လျှောက်လွှာလက်ခံပြီး ပင်စင်စားကိုယ်တိုင် တွေ့ဆုံစိစစ်ပြီးကြောင်း လက်မှတ်ထိုး၍ အဆင့်ဆင့် ပေးပို့ဆောင်ရွက်သွားမည် ဖြစ်ပါသည်။**

၉။ မေး။ ကချင်ပြည်နယ် တပ်ရင်းတပ်ဖွဲ့မှ ပင်စင်ယူခဲ့ပြီး ရန်ကုန်မှာနေသော တပ်မတော် ပင်စင်စားတစ်ဦးအနေဖြင့် မည်သို့ဆောင်ရွက်ရမည်နည်း။

ဖြေ။ **ရန်ကုန်တိုင်းဒေသကြီး CMA ရုံးမှာ သွားဆောင်ရွက်ရန် ဖြစ်ပါသည်။ ထိုကဲ့သို့ ဆောင်ရွက်ပေးရန်လည်း CMA ရုံးချုပ်ကို ညှိနှိုင်းထားပြီး ဖြစ်ပါသည်။**

၁၀။ မေး။ ပင်စင်လစာထုတ်သော မြို့နှင့် ပင်စင်ယူခဲ့သောမြို့ ဝေးကွာသည့် ကျောင်းဆရာ ဆရာမများအနေဖြင့် တိုးမြှင့်ပင်စင်လစာရရေး မည်သို့ဆောင်ရွက်ရမည်နည်း။

ဖြေ။ **၎င်းနေထိုင်ရာမြို့ရှိ မြို့နယ်ပညာရေးမှူးရုံးကို သွားရောက်ဆောင်ရွက်ရန် ပညာရေးဝန်ကြီးဌာနရုံးအဖွဲ့နှင့် ညှိနှိုင်းပြီးဖြစ်ပါသည်။**

၁၁။ မေး။ ပင်စင်စားပြစ်ဒဏ်ကျခံခြင်း မရှိကြောင်း ရဲစခန်းထောက်ခံချက်လို/မလို။

ဖြေ။ **ရဲစခန်းထောက်ခံချက် မလိုကြောင်း၊ လူကို ဌာနမှတွေ့ဆုံပြီး ဖြစ်၍ ပြစ်ဒဏ်ကျနေခြင်းမဟုတ်ကြောင်း အတည်ပြုပြီး ဖြစ်ပါသည်။**

၁၂။ မေး။ ပင်စင်လစာ ထုတ်ယူခြင်းမရှိသည်မှာ လေးငါးနှစ်ခန့်ကြာမြင့်နေပြီဖြစ်သော ပင်စင်စားများ ပြန်လည်ထုတ်ယူခွင့် ရှိ/မရှိ၊ ထုတ်ယူခွင့်ရှိပါက ဆောင်ရွက်ရမည့်လုပ်ငန်းစဉ် အဆင့်ဆင့်။

ဖြေ။ **ပြန်လည်ထုတ်ယူခွင့် ရှိပါသည်။ ပြန်လည်ထုတ်ယူလိုကြောင်း ပင်စင်စားမှထုတ်ယူရန် တောင်းခံလာပါက သက်ဆိုင်ရာဘဏ်မှ အငြိမ်းစားလက်ခံ၊ ငွေထုတ်ပေးသူ အရာရှိလက်ခံ၊ အငြိမ်းစား၏ လက်ဗွေ၊ ဓာတ်ပုံ၊ ရေးထိုးမြဲလက်မှတ်တို့ကို အောက်ဖော်ပြပါ အချက်များနှင့်အတူ ပင်စင်လစာထုတ်ပေးသည့် နောက်ဆုံးလကို ဖော်ပြ၍ ပင်စင်ဦးစီးဌာနသို့ ပြန်လည်ပေးပို့ရပါမည်-**

(က) ပင်စင်ပြန်လည်ထုတ်ယူခွင့်ပြုရန် ကာယကံရှင်၏ လျှောက်လွှာ၊

(ခ) ပင်စင်ထုတ်ယူရန် ပျက်ကွက်ရသည့်အကြောင်းရင်း ဖော်ပြချက်၊

(ဂ) ၎င်းကာလအတွင်း ရာဇဝတ်ပြစ်မှုကင်းရှင်းကြောင်း သက်ဆိုင်ရာအပိုင်ရဲစခန်း၏ ထောက်ခံချက်၊

(ဃ) ၎င်းကာလတွင် ပြည်ပသို့ ထွက်ခွာသွားခြင်း ရှိ/မရှိ သက်ဆိုင်ရာရပ်ကွက်အုပ်ချုပ်ရေးမှူး၏ ထောက်ခံချက်၊ ဖော်ပြပါ အချက်အလက်များပါဝင်သော နှစ်လွန်ပင်စင် ခွင့်ပြုရန်လျှောက်လွှာ ပင်စင်ဦးစီးဌာနသို့ ရောက်ရှိလာပါက လျှောက်ထားသူအငြိမ်းစားများ၏ သက်ဆိုင်ရာဌာနသို့ ခွင့်ပြုမိန့်အသစ် ပြန်လည်တောင်းခံပြီး မြန်မာ့စီးပွားရေးဘဏ်သို့ သီးခြားအမိန့်စာဖြင့် ငွေပေးမိန့် ထုတ်ပြန်ပေးပါမည်။ လုပ်ငန်းအဖွဲ့အစည်းများသည် အထက်အပိုဒ်(က)မှ (ဃ)ထိ အချက်အလက်များရယူပြီး ဌာနအကြီးအကဲ၏ ခွင့်ပြုမိန့်ဖြင့် ပြန်လည်ထုတ်ယူနိုင်ပါသည်။

၁၃။ မေး။ သေဆုံးသွားသော ပင်စင်စားများအတွက် မိသားစုများက ပင်စင်အကျိုးခံစားခွင့် ရှိ/မရှိ၊ ရှိပါက မည်ကဲ့သို့ ဆောင်ရွက်ရမည်နည်း။

ဖြေ။ **တည်ဆဲပင်စင်ဥပဒေအရ မိသားစုပင်စင်ခံစားခွင့်ရှိပါသည်။ ဆောင်ရွက်ရန်နည်းလမ်းမှာ-**

(က) မိသားစုပင်စင်လျှောက်လွှာပုံစံ (F)၊

(ခ) သေစာရင်းလက်မှတ်မူရင်း၊

(ဂ) ပင်စင်စားမကွယ်လွန်မီက ပြုလုပ်ခဲ့သော မိသားစုအကျိုးခံစားခွင့်ပုံစံများ၊

(ဃ) မိသားစုအကျိုးခံစားခွင့်ပုံစံများ တင်သွင်းထားခြင်းမရှိပါက လျှောက်ထားသူသည် ကွယ်လွန်သူ၏ တရားဝင်အမွေစား အမွေခံဖြစ်ကြောင်း သက်ဆိုင်ရာဌာနအကြီးအကဲ၏ ထောက်ခံချက်များ ပူးတွဲ၍ မိသားစုပင်စင်ခံစားမည့်သူ၏ လျှောက်လွှာနှင့်အတူ ပေးပို့ရမည်ဖြစ်ပါသည်။

တိုးမြှင့်ပင်စင်လစာမရရှိမီ ဝန်ထမ်းကွယ်လွန်ပြီး မိသားစုပင်စင်လျှောက်ထားခဲ့ခြင်းမရှိသူများအနေဖြင့် မိသားစုပင်စင်ခံစားခွင့်ကိုလျှောက်ထားရပါမည်။ ၎င်းလျှောက်လွှာ ပုံစံ (F)ကို ရရှိပါက မိခင်ဌာနသည် တိုးမြှင့်ခွင့်ပြုမည့်နှုန်းပါဝင်သည့် မိသားစုပင်စင်များ ခံစားနိုင်ရေးအတွက် အမှုတွဲကို ဆက်လက်ပြုစု ပေးပို့ရမည် ဖြစ်ပါသည်။ ယင်းအမှုတွဲကိုလက်ခံရရှိသည့်အခါတွင် ခံစားခွင့်ပြုမည့် လစာနှုန်းဟောင်း မိသားစုပင်စင်နှင့်အတူ ပြန်လည် ကိုက်ညှိနှုန်းအရ ခံစားရမည့် တိုးမြှင့်မိသားစုပင်စင်လစာကိုပါ တစ်ပေါင်းတည်း ဆောင်ရွက်ပေးသွားမည် ဖြစ်ပါသည်။ ပင်စင်ဦးစီးဌာနမှ အဆင့်တိုင်းအတွက် ဥပဒေများနှင့်အညီ ဆက်လက်ဆောင်ရွက်ခွင့်ပြုသွားမည် ဖြစ်ပါသည်။

သီးခြားအနေဖြင့် ဌာနများက ပင်စင်စား၏ ဆက်သွယ်သတင်းပို့မှု လွယ်ကူစေရန်၊ ခရီးဝေးသွားလာရမှုကြောင့် ခရီးစရိတ်၊ စားစရိတ်ကုန်ကျမှုများ သက်သာစေရန်အတွက် ဌာနအသီးသီးကို မိမိတို့ဌာန ရုံးခွဲများရှိရာ မြို့နယ်အဆင့်ထိ တိုးမြှင့်ပင်စင်လစာ တောင်းခံလွှာများ ဖြန့်ဝေကာ သက်ဆိုင်ရာအရာရှိနှင့် ပင်စင်စားလူကိုယ်တိုင်တွေ့ဆုံပြီး တောင်းခံလွှာပုံစံ ဖြည့်စွက်ဆောင်ရွက်စေရန် မှာကြားထားပြီးဖြစ်ပါသည်။

(ဆက်လက်ဖော်ပြပါမည်)

နိုင်ငံ့ဝန်ထမ်းပင်စင်စားများနှင့် နိုင်ငံရေးပင်စင်စားများ၏ တိုးမြှင့် ပင်စင်လစာတောင်းခံခြင်းဆိုင်ရာ အသိပေးချက်

နေပြည်တော် ဇူလိုင် ၈

ပင်စင်စားများ၏ တိုးမြှင့်ပင်စင်လစာထုတ်ယူခွင့်ရရှိရေးအတွက် ပင်စင်လစာစာအုပ်နှင့် ပင်စင်လစာခွင့်ပြုခဲ့သည့် အမိန့်စာများယူဆောင်၍ မိမိတို့၏ မိခင်ဌာန ရုံးချုပ်/ရုံးခွဲများသို့ ကိုယ်တိုင်အမြန်ဆုံး ဆက်သွယ်ဆောင်ရွက်သွားရန် တိုက်တွန်းနှိုးဆော်ထားပြီးဖြစ်သည်။

မိမိနေထိုင်ရာမြို့နယ်၌ မိခင်ဌာနရုံးချုပ်/ရုံးခွဲများမရှိပါက မိခင်ဌာနကိုယ်စား မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနတွင် တိုးမြှင့်ပင်စင်တောင်းခံလွှာများ တောင်းခံဖြည့်စွက်ကြရန်ဖြစ်သည်။ ပင်စင်လစာတောင်းခံလွှာနှင့် ပင်စင်လစာစာအုပ်များကို သက်ဆိုင်ရာဌာနများ၌ တင်ပြပြီး အဆိုပါဌာနများက လက်ခံရရှိကြောင်း အထောက်အထား ပြန်လည်ထုတ်ပေးသွားမည်ဖြစ်သည်။ ပင်စင်လစာခွင့်ပြုခဲ့သည့် အမိန့်စာမရှိပါက ပင်စင်လစာ စာအုပ်တစ်မျိုးတည်းနှင့် ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်သည်။

စိစစ်အတည်ပြု

ပင်စင်စားသည် မကျန်းမာ၍ မိခင်ဌာနရုံးချုပ်/ရုံးခွဲ သို့မဟုတ် မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနသို့ ကိုယ်တိုင်မသွားရောက်နိုင်ပါက ကိုယ်စားလှယ်တစ်ဦး စေလွှတ်၍ တိုးမြှင့်ပင်စင်လစာတောင်းခံလွှာ တင်သွင်းရန်ဖြစ်သည်။ အဆိုပါ ကျန်းမာရေးမကောင်းသည့် ပင်စင်စားအား အချက်အလက်ပြည့်စုံစွာဖြင့် တင်ပြထောက်ခံပေးနိုင်ရေးအတွက် မိခင်ဌာနရုံးချုပ်/ ရုံးခွဲ/ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ အဆိုပါပုဂ္ဂိုလ် သက်ရှိထင်ရှားရှိကြောင်း စိစစ်အတည်ပြုလက်မှတ်ရေးထိုး၍ ၎င်းတိုးမြှင့်ပင်စင်လစာတောင်းခံလွှာကို ပင်စင်စား၏ မိခင်ဌာနသို့ တိုက်ရိုက်ပေးပို့ ဆောင်ရွက်ပေးသွားရမည်ဖြစ်သည်။

တိုးမြှင့်ပင်စင်လစာတောင်းခံလွှာတွင် ပင်စင်စားဖြည့်စွက်ရန်အချက်များကို ပင်စင်စားမှ ပြည့်စုံစွာဖြည့်စွက်နိုင်ခြင်းမရှိလျှင် လုံလောက်သည့်အထောက်အထားနှင့် လက်ခံသွားမည်ဖြစ်သည်။ ထပ်မံဖြည့်စွက်ရမည့်အချက်များကို မိခင်ဌာနက ဖြည့်စွက်ပေးရန်ဖြစ်ပြီး မိခင်ဌာနအနေဖြင့် အချက်အလက်များလိုအပ်ပါက ပင်စင်ဦးစီးဌာနထံမှ အကူအညီရယူပြီး ဖြည့်စွက်သွားရန်ဖြစ်သည်။

အသိပေးကြေညာ

ပင်စင်လစာတောင်းခံလွှာများ ထုတ်ပေးခြင်း၊ ပုံစံများဖြည့်စွက်ခြင်း၊ တောင်းခံလွှာများ ပြန်လည်လက်ခံခြင်း၊ တိုးမြှင့်ပင်စင်လစာငွေပေးမိန့် ထုတ်ပြန်ခြင်း၊ လစာထုတ်ပေးခြင်း လုပ်ငန်းစဉ်အဆင့်ဆင့်တွင် တာဝန်ယူဆောင်ရွက်ပေးကြရမည့် ဌာနဆိုင်ရာများနှင့် ဝန်ထမ်းများသည် ဘဝတူဝန်ထမ်းပင်စင်စားများ၏ အကျိုးခံစားခွင့်အတွက် စိတ်ချမ်းသာမှုအပြည့်အဝရရှိအောင် စေတနာထားပြီး ဝိုင်းဝန်းကူညီ ပူးပေါင်းဆောင်ရွက်ပေးကြပါရန် ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာနက အသိပေးကြေညာထားကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

နဝဒေးတံတား(ပြည်) ရေလမ်းကြောင်းပြောင်းလဲသတ်မှတ်

နေပြည်တော် ဇူလိုင် ၈

ဧရာဝတီမြစ်ကူး နဝဒေးတံတား (ပြည်) ရေလမ်းကြောင်းတွင် ရေယာဉ်များ ဖြတ်သန်းသွားလာရန် ရေလမ်းကြောင်းကို အစုန်လမ်းအဖြစ် ရေလယ်တိုင်အမှတ် (၆)နှင့် (၇)အကြားမှ လည်းကောင်း၊ အဆန်လမ်းအဖြစ် ရေလယ်တိုင်အမှတ် (၅)နှင့် (၆)အကြားမှ လည်းကောင်း သတ်မှတ်ဖွင့်လှစ်ထားခဲ့သည်။ ယခုအခါ ရေများကာလသို့ ရောက်ရှိလာပြီဖြစ်သဖြင့် ရေစီးနှုန်းနှင့် ရေလမ်းကြောင်း အခြေအနေအရ ရေယာဉ်များ ဖြတ်သန်းသွားလာရန် ရေလမ်းကြောင်းကို ဇွန် ၃၀ ရက်မှစ၍ အစုန်လမ်းအဖြစ် ရေလယ်တိုင်အမှတ်(၅)နှင့် (၆)အကြားမှ လည်းကောင်း၊ အဆန်လမ်းအဖြစ် ရေလယ်တိုင် အမှတ်(၄)နှင့် (၅)အကြားမှ လည်းကောင်း ပြောင်းလဲဖွင့်လှစ်ထားသည်။

ပြောင်းလဲထားသည့် ရေလမ်းကြောင်း၏ ကင်းလွတ်အကျယ်မှာ မီတာ ၁၁၀ ရှိပြီး ကင်းလွတ်အမြင့်မှာ အမြင့်ဆုံး ရေမျက်နှာပြင်၏ အထက် ၁၇ မီတာရှိသည်။ ရေယာဉ်များ ဖြတ်သန်းရမည့်ဝင်ပေါက်တွင် နေ့မြင် အစိမ်းရောင်တြိဂံ အမှတ်အသားပြသ၍ ညအခါ မီးစိမ်းထွန်းပြသထားသည်။ မဝင်ရမည့် ရေလမ်းတွင် အနီရောင် ကြက်ခြေခတ် အမှတ်အသားပြသ၍ ညအခါ မီးနီထွန်းပြသထားသည်။

သတိပေးနှိုးဆော်

တံတားတိုင်များ၏ အောက်ခြေပိုင်တိုင်အုတ်ခုံမှာ ရေလယ်တိုင်များ၏ တစ်ဖက်တစ်ချက်တွင် ၁၅ ပေခန့် ထိုးထွက်နေသဖြင့် ရေယာဉ်များ ရေလယ်တိုင်နှစ်ခုအကြားမှ ယှဉ်ပြိုင်ခုတ်မောင်းခြင်းမပြုရန်နှင့် တွဲတွန်းရေယာဉ်များ တစ်တွဲချင်းသာ ချိတ်ဆွဲဖြတ်သန်းကြရန်အပြင် အစုန်ဦးစားပေး၍ ဝင်ပေါက်သို့ ချဉ်းကပ်ရာတွင် လုံလောက်သော အကွာအဝေးမှ ချဉ်းကပ်လမ်းကြောင်းမှန်ဖြင့် ထိန်းသိမ်းခုတ်မောင်းကြရန် ရေအရင်းအမြစ်နှင့် မြစ်ချောင်းများ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက ရေလမ်းသတိပေးနှိုးဆော်ချက် သတင်းထုတ်ပြန်ထားကြောင်း သိရှိရသည်။ **(သတင်းစဉ်)**

ရေကြည်မြို့နယ်အသင်း(ရန်ကုန်)နှစ်ပတ်လည်စည်းဝေးမည်

ရန်ကုန် ဇူလိုင် ၈

ရေကြည်မြို့နယ်အသင်း(ရန်ကုန်)၏ (၃၂)ကြိမ်မြောက် နှစ်ပတ်လည်သင်းလုံးကျွတ်အစည်းအဝေး၊ စုပေါင်းလှူဒါန်းပွဲ၊ သက်ကြီးပူဇော်ပွဲနှင့် ပညာရည်ချွန်ဆုပေးပွဲကို ဇူလိုင် ၁၀ ရက် (တနင်္ဂနွေနေ့) နံနက် ၉ နာရီတွင် ရန်ကုန်မြို့ ဗဟန်းမြို့နယ် ကြားတောရလမ်းရှိ ဧရာဝတီတိုင်းဒေသကြီး ဓမ္မာရုံ၌ ကျင်းပမည်ဖြစ်ရာ အသက် ၇၅ နှစ်နှင့် အထက်အသင်းဝင်သက်ကြီးစာရင်းနှင့် ၂၀၁၀-၂၀၁၁ ပညာသင်နှစ်တွင် အခြေခံပညာအထက်တန်း ဂုဏ်ထူးရအသင်းဝင်များ၏ သားသမီးများ အမှတ်စာရင်းကို နီးစပ်ရာအမှုဆောင်များသို့ ပေးပို့ကြပြီး အလှူငွေများကို အသင်း၏ ဒုတိယဥက္ကဋ္ဌများဖြစ်ကြသော ဦးမောင်မောင်အေး ဖုန်း-၅၅၉၅၃၆၊ ဦးဌေးနိုင်ဝင်း ဖုန်း-၀၉-၅၀၆၂၆၆၆၊ အတွင်းရေးမှူး ဦးလှဝင်း ဖုန်း-၂၁၁၀၁၀၊ ၀၉-၅၁၈၉၄၅၈ နှင့် ဘဏ္ဍာရေးမှူး ဦးကြည်ဝင်း ဖုန်း-၀၉-၇၃၀၀၂၀၆၂ တို့ထံသို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရှိရသည်။ **(မြန်မာ့အလင်း)**

သစ်ပင်စိုက်ပါ ဒို့ကမ္ဘာ သာယာလှပစိမ်းမြမြ

စုပေါင်းစိုက်ပျိုး

မြန်မာအမျိုးသမီးများနေ့ အထိမ်းအမှတ် စုပေါင်းသစ်ပင်စိုက်ပျိုးပွဲကို ဇူလိုင် ၂ ရက်က ကျောက်မဲမြို့နယ် မိုင်းတင်းကျေးရွာ၌ကျင်းပရာ ခရိုင်အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်လွင်လွင်မော်၊ ခရိုင်သစ်တောဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးစိုးမြင့်ဦး၊ မြို့နယ်သစ်တောဦးစီးအရာရှိ ဦးဝင်းအောင်နှင့် ဌာနဆိုင်ရာဝန်ထမ်းများ ရတနာတန်းဝင်ကျွန်းပင် ၁၁၄၀ ကို စုပေါင်းစိုက်ပျိုးကြစဉ်။ (သစ်တောဦးစီး)

◆ *ကျောဖုံးမှ*

ပြည်ထောင်စု ရွေးကောက်ပွဲ ကော်မရှင်ဥက္ကဋ္ဌ ဦးတင်အေးသည် ယနေ့နံနက် ၉ နာရီခွဲတွင် တံတားဦး မြို့နယ် မြေငူကျေးရွာ အခြေခံပညာ အထက်တန်းကျောင်း၌ ကျင်းပသည့် ပညာရတနာ နှစ်ထပ်ကျောင်းဆောင် သစ်နှင့် မြတ်ပညာခန်းမဖွင့်ပွဲနှင့် လွှဲပြောင်းပေးအပ်ပွဲ အခမ်းအနားသို့ တက်ရောက်အားပေးပြီး အမှာစကား ပြောကြားသည်။

တက်ရောက်

အဆိုပါအခမ်းအနားသို့ ပညာရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြအေး၊ မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးရဲမြင့်နှင့် တိုင်းဒေသကြီး ဝန်ကြီးများ၊ တိုင်းဒေသကြီး၊ ခရိုင်နှင့် မြို့နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူ များ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ အလှူရှင် A.M.C ကုမ္ပဏီနှင့် ချမ်းဟိန်း ကုမ္ပဏီတို့မှ တာဝန်ရှိသူများ၊ ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူ များနှင့် ဒေသခံပြည်သူများ တက်ရောက် ကြသည်။

ရှေးဦးစွာ မန္တလေးတိုင်းဒေသကြီး လူမှုရေးဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာ ဝင်းလှိုင်၊ အမှတ်(၂) အခြေခံပညာဦးစီး ဌာန ခေတ္တညွှန်ကြားရေးမှူးချုပ် ဦးရဲ လွင်အောင်နှင့် အလှူရှင်A.M.Cကုမ္ပဏီ မှတာဝန်ရှိသူတို့က ပညာရတနာ နှစ်ထပ် ကျောင်းဆောင်သစ်နှင့် မြတ်ပညာခန်းမ တို့ကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြသည်။

ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ် က ပညာရတနာနှစ်ထပ်ကျောင်းဆောင် သစ်နှင့် မြတ်ပညာခန်းမ ဆိုင်းဘုတ်ကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးသည်။

ကြည့်ရှုစစ်ဆေး

ယင်းနောက် ပြည်ထောင်စု ရွေးကောက်ပွဲ ကော်မရှင်ဥက္ကဋ္ဌ၊ ပြည်ထောင်စုဝန်ကြီး၊ တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများသည် ကျောင်းဆောင်သစ် စာသင်ခန်းများ၌ ကျောင်းသား ကျောင်းသူများ ပညာ သင်ကြားနေမှုနှင့် မြတ်ပညာခန်းမတို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးကြသည်။

ထို့နောက် အခမ်းအနား ဒုတိယပိုင်း အစီအစဉ်များကို ဆက်လက်ကျင်းပရာ ပြည်ထောင်စုရွေးကောက်ပွဲ ကော်မရှင် ဥက္ကဋ္ဌ ဦးတင်အေးက အမှာစကား ပြောကြားသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြအေးနှင့် တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးရဲမြင့်တို့က အမှာစကား ပြောကြားကြသည်။

ထို့နောက် အလှူရှင် A.M.C ကုမ္ပဏီမှ တာဝန်ရှိသူက ပညာရတနာ နှစ်ထပ် ကျောင်းဆောင်သစ်နှင့် မြတ်ပညာခန်းမတို့နှင့် စပ်လျဉ်းသည့် စာရွက်စာတမ်းများကို ပညာရေးဝန်ကြီး ဌာနသို့ လွှဲပြောင်းပေးအပ်ရာ တိုင်း ဒေသကြီး ပညာရေးမှူးက လက်ခံသည်။

ဆက်လက်၍ ပြည်ထောင်စု ရွေးကောက်ပွဲ ကော်မရှင်ဥက္ကဋ္ဌက မြေငူ ကျေးရွာ အခြေခံပညာအထက်တန်း ကျောင်းအတွက် စာရေးစားပွဲနှင့် စာရေးခုံ အစုံ ၅၀၊ ဆိုလာပြား၊ LED မီးသီး၊ ဘက်ထရီအစုံ ၄၀ နှင့် ဗလာ စာအုပ် ဒါဇင် ၁၀၀၀ တို့ကို ကျောင်းအုပ် ကြီးထံ ပေးအပ်လှူဒါန်းသည်။

ပေးအပ်

ထို့နောက် ပြည်ထောင်စုဝန်ကြီးက မြေငူကျေးရွာ အခြေခံပညာအထက် တန်းကျောင်း ကျောင်းသား ကျောင်းသူ များအတွက် ကျောင်းသုံးလွယ်အိတ်နှင့် ကျောင်းဝတ်စုံ အစုံ ၅၀ တို့ကို ကျောင်းသူတစ်ဦးထံ ပေးအပ်သည်။

ယခုဖွင့်လှစ်သည့် ပညာရတနာ နှစ်ထပ် ကျောင်းဆောင်သစ်သည် အလျားပေ ၁၉၀၊ အနံ ပေ ၃၀ ရှိ RC ကွန်ကရစ်အမျိုးအစားဖြစ်ပြီး စာသင်ခန်း ၁၂ ခန်းပါဝင်ကာ အဆိုပါကျောင်းဆောင် သစ်နှင့် မြတ်ပညာခန်းမကို ပညာရေး ဝန်ကြီးဌာနမှ ခွင့်ပြုငွေကျပ် ၁၀၃၅ သိန်း နှင့် A.M.C ကုမ္ပဏီနှင့် ချမ်းဟိန်းကုမ္ပဏီ တို့မှ လှူဒါန်းငွေကျပ် ၁၉၅၃ ဒသမ ၆၃ သိန်း ထည့်ဝင်ဆောက်လုပ်ခဲ့ခြင်းဖြစ်သည်။

ယင်းနောက် ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင် ဥက္ကဋ္ဌ၊ ပြည်ထောင်စုဝန်ကြီး၊ တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများသည် ဆင်တဲကျေးရွာ အခြေခံပညာမူလတန်း ကျောင်း၌ အသစ်တည်ဆောက်ထား သည့် ကျောင်းဆောင်သစ်နှင့် ကျောင်း ဥပဓိရုပ်ကောင်းမွန်ရန် ပြန်လည်မွမ်းမံ ထားသည့် ကျောင်းဆောင်များကို ကြည့်ရှုစစ်ဆေးကြသည်။ **(သတင်းစဉ်)**

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် ဥက္ကဋ္ဌ ဦးတင်အေး တံတားဦးမြို့နယ် မြေငူကျေးရွာအခြေခံပညာအထက်တန်းကျောင်း ပညာရတနာ ကျောင်းဆောင်သစ်၌ ကျောင်းသား ကျောင်းသူများ ပညာသင်ကြားနေမှုကို ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၉-၇-၂၀၁၁ (စနေနေ့)

နံနက်ပိုင်း

၅:၀၀	MRTV-4 အဖွင့် Logo ပဋ္ဌာန်းပါဠိတော်+အင်္ဂုလိမာလ သုတ်၊ဇောဇ္ဈင်္ဂသုတ်၊ ပုဗ္ဗဏှသုတ်
၅:၂၀	MRTV-4 သတင်း
၅:၅၀	**ကုသိုလ်ကောင်းမှု စုံအောင်ပြု** တရားတော် (ဆရာတော် ဓမ္မဒူတ ဒေါက်တာ အရှင်ပညိဿရ)
၆:၄၀	သံတွဲမြို့မှ အံ့ဖွယ်ထင်ရှား သုံးဆူဘုရား
၆:၅၀	MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **နွေးထွေးသောမေတ္တာ** (အပိုင်း-၅၉)
၇:၃၀	MRTV-4 သတင်း
၈:၀၀	MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **မာယာမျဉ်းပြိုင်** (အပိုင်း-၁)
၈:၅၀	7 Diamonds Live Show (Part-6)
၉:၄၀	Global Panorama (ကိုကိုလှိုင်၊ မျိုးမြတ်သူ)
၁၀:၁၀	ဘန္ဒုလဘဏစက္က မထေရ်မြတ်၏ သက်တော် (၈၈)နှစ်ပြည့် မွေးနေ့ ပူဇော်ပွဲ
၁၀:၃၀	သွားမယ်စားမယ် (MRA Food Court)(Part-1)
၁၀:၅၅	သဘာဝ Solar စွမ်းအင် ကျန်းမာရေးအထောက်အကူပြု ပစ္စည်းများ
၁၁:၂၅	မြိုင်သီလရှင်စာသင်တိုက်
၁၁:၅၀	လင်းလက်ကြယ်ပွင့်တို့နှင့် ယနေ့ ကျန်းမာရေး (အပိုင်း-၁) (ပါမောက္ခ ဒေါက်တာ ချယ်ရီသန်းသန်းတင်၊ တင်မိုးလွင် ဝတ်မှုန်ရွှေရည်၊ စိုးပြည့်သဇင်၊ ဂျင်နီ)
၁၂:၂၀	ပန်းချီပြခန်း (ရိုးရိုးလေးပန်းချီပြပွဲ)
၁၂:၃၅	အံ့ဖွယ်ရှုမငြီး မြန်မာအမျိုးသမီး
၁:၀၀	**ကုသိုလ်ကောင်းမှု စုံအောင်ပြု** တရားတော် (ဆရာတော် ဓမ္မဒူတ ဒေါက်တာ အရှင်ပညိဿရ)
၂:၀၀	MRTV-4 သတင်း
၂:၂၀	ဆင်ဖြူကျွန်းမြို့ မင်္ဂလာမဟာ ဝိသုတာရာမစာသင်တိုက် သံဃမဟာ ဘတ္တဂ္ဂနှစ်ထပ်ဆွမ်းစားကျောင်းဆောင် ကြီး ရေစက်ချမင်္ဂလာအခမ်းအနား
၂:၅၀	စပါးအထွက်တိုးခြင်းအစ ပျိုးပင်ကောင်းမှ
၃:၀၀	စိမ်းစိမ်းစိုစို ဆေးဖက်ဝင်လှသကို
၃:၂၅	Movie Talk (ဒါရိုက်တာ ကြည်စိုးထွန်း၊ ဒေါ်သင်းသင်းလှဲ့) (အပိုင်း-၃)
၄:၀၀	MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **မာယာမျဉ်းပြိုင်** (အပိုင်း-၁)
၄:၅၅	ခေတ်မီဆန်းသစ်ဒီဇိုင်းသစ်များနှင့် …New Star
၅:၂၅	ပြီးပြည့်စုံသော အလှတရားအတွက် Angel Fitness Centre
၅:၃၀	ဂဏန်းသင်္ချာပျော်စရာ
၆:၀၀	MRTV-4 သတင်း
၆:၂၀	MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **နွေးထွေးသောမေတ္တာ** (အပိုင်း-၆၀)
၇:၁၀	7 Diamonds Live Show (Part-7)
၈:၀၀	MRTV-4 သတင်း
၈:၃၀	Activities in the City [၂၀၁၁ ခုနှစ် စစ်ကိုင်းအသင်း (ရန်ကုန်)၏ သက်ကြီးပူဇော်ပွဲနှင့် ပညာရည်ချွန်ဆုပေးပွဲအခမ်းအနား]
၈:၄၀	Kid ' s Show
၉:၁၀	VJ Choice
၉:၃၀	MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **မာယာမျဉ်းပြိုင်** (အပိုင်း-၂)
၁၀:၃၀	**ဖက်ရှင်လမ်းညွှန်** (ဒီဇိုင်နာတစ်ယောက်ရဲ့ ခံစားမှု) (အပိုင်း-၂)
၁၀:၅၅	သာယာဖွံ့ဖြိုး… တိုးတက်ဝေစည်….ဧဿဝတီ
၁၁:၁၅	သူတို့ပြောတဲ့သူတို့အကြောင်း (သရုပ်ဆောင် မင်းမော်ကွန်းနှင့် တွေ့ဆုံခြင်း)
၁၁:၄၅	တိုးပွားဆောင်ရွက်နိုင်ငံ့လက် ဖေးကူမွေးမြူတို့အတူ (ပင်လယ်ရေမှော် စိုက်ပျိုး မွေးမြူရေးလုပ်ငန်း)
၁၂:၀၀	World of Knowledge (Mega Structures: The Leming Tower of Abu Dhabi)
၁၂:၅၀	မြေကြီးကရွှေသီးဖို့ ရေထိန်းသဘာဝဂျယ်ကိုသုံးကြစို့
၁:၁၀	လုပချစ်စရာ လက်မှုအနုပညာ (Sweet Pink)
၁:၂၅	ခနုရီးရာ အစားအစာ စားချင်ဖွယ်ရာ ဟင်းထုပ်ပါ
၁:၃၀	ဆန်းသစ်တီထွင်ဒီဇိုင်းဖက်ရှင် (ကချင်တိုင်းရင်းသားရိုးရာဖက်ရှင်)
၂:၀၀	ဈေးနှုန်းချိုသာ မြန်မာ့ကြွေအမိုးပြား (သာယာဝတီ)
၂:၁၀	ရွှေမင်းသားဖောင်ဒေးရှင်း (မြန်မာ)၏ မသန်စွမ်းသူများအတွက် Barrier Free
၂:၃၅	ထာဝရအမှတ်ရစရာ ရွှေပြားပုံရိပ်လွှာ
၃:၀၀	ကဏ္ဍစုံလင်အားကစားအစီအစဉ်
၄:၀၀	ပတ္တမြားမြေမှ လေ့လာဖွယ်ရာများ နှင့် တစ်မူထူးခြား ထာပွဲများ
၄:၂၀	ပန်းပုပန်းချီ တုမမီအောင် လက်ရာစုံပေသည်…
၄:၃၅	စံကားဝါမြေမှ မေတ္တာရှင်ဇီဝိတဒါန အာရောဂျသာလာသံဃဆေးရုံ
၄:၅၀	ဖူးရောက်စေချင်သည် ဗန္ဓုသေလာ ဆံတော်ရှင်စေတီတော်ကြီးဆီ
၅:၀၀	အစီအစဉ်ပြီး၏။

MRTV-4 အစီအစဉ်များကို ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်၊ မန္တလေးမြို့နှင့် အနီးတစ်ဝိုက်တို့တွင် ရိုးရိုး VHF တီဗွီအင်တင်နာဖြင့် အလွယ်တကူ ဖမ်းယူကြည့်ရှုနိုင်ပါသည်။ တောင်ကြီးမြို့နှင့် အနီးတစ်ဝိုက်တွင် UHF တီဗွီအင်တင်နာဖြင့် ဖမ်းယူကြည့်ရှုနိုင်ပါသည်။

နိုင်ငံရေးပါတီ တည်ထောင်လိုသူများက ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သို့ နိုင်ငံရေးပါတီ တည်ထောင်လိုကြောင်း လျှောက်ထားလျက်ရှိ

နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်း ဥပဒေပုဒ်မ ၄ နှင့် ပုဒ်မ ၆ ပါ ပြဋ္ဌာန်းချက်များနှင့် ညီညွတ်မှု ရှိ/မရှိ စိစစ်ရေး ဆောင်ရွက်လျက်ရှိ

နေပြည်တော် ဇူလိုင် ၈

နိုင်ငံရေးပါတီတည်ထောင်လိုသူများက ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သို့ နိုင်ငံရေးပါတီ တည်ထောင်လိုကြောင်း လျှောက်ထားလျက်ရှိကြရာ ဇူလိုင် ၄ ရက်တွင် ဦးကျော်အပါအဝင် ပုဂ္ဂိုလ် ၂၀ ဦးက အမျိုးသားဒီမိုကရေစီပါတီသစ် (New National Democracy Party) ကို တည်ထောင်လိုကြောင်း လာရောက်လျှောက်ထားခဲ့သည်။

ယင်းလျှောက်ထားချက်နှင့် ပတ်သက်ပြီး ပါတီတည်ထောင်လိုသူ ပုဂ္ဂိုလ်များသည် နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်းဥပဒေပုဒ်မ ၄ နှင့် ပုဒ်မ ၆ ပါ ပြဋ္ဌာန်းချက်များနှင့် ညီညွတ်မှု ရှိ/မရှိ စိစစ်ပေးနိုင်ရေးအတွက် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က သက်ဆိုင်ရာ ဝန်ကြီးဌာနများထံ မေတ္တာရပ်ခံညှိနှိုင်းထားကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ဇူလိုင်(၂)ရက်တွင် ကွယ်လွန်ခဲ့သော ဘရာဇီးလ်နိုင်ငံ သမ္မတဟောင်း H.E. Mr. Itamar Franco အတွက် ဝမ်းနည်းကြောင်း လက်မှတ်ရေးထိုး

ရန်ကုန် ဇူလိုင် ၈

နိုင်ငံခြားရေးဝန်ကြီးဌာန လေ့ကျင့်ရေး၊ သုတေသနနှင့် နိုင်ငံခြားဘာသာဦးစီး ဌာန ညွှန်ကြားရေးမှူးချုပ် ဒေါ်ယဉ်ယဉ်မြင့်သည် ယနေ့ ညနေ ၄ နာရီခွဲတွင် အမှတ် (၅၆) ပြည်လမ်း (၆)မိုင် လှိုင်မြို့နယ် ရန်ကုန်မြို့ရှိ ဘရာဇီးလ်ဖက်ဒရေးတစ် သမ္မတနိုင်ငံ သံရုံးသို့ သွားရောက်၍ ၂၀၁၁ ခုနှစ် ဇူလိုင် ၂ ရက်တွင် ကွယ်လွန်ခဲ့သော ဘရာဇီးလ် ဖက်ဒရေးတစ်သမ္မတနိုင်ငံ သမ္မတဟောင်း H.E. Mr. Itamar Franco အတွက် ဖွင့်လှစ်ထားသော ဝမ်းနည်းကြောင်း အထိမ်းအမှတ်စာအုပ်တွင် လက်မှတ်ရေးထိုး ခဲ့ကြောင်း သိရှိရသည်။ **(အပေါ်ပုံ)** **(သတင်းစဉ်)**

ရန်ကုန်-နေပြည်တော် အမြန်လမ်းမကြီး၌ ခရီးသည်တင်မှန်လုံယာဉ်တစ်စီး တိမ်းမှောက် နှစ်ဦးသေဆုံး၊ ၂၀ ဒဏ်ရာရရှိ

နေပြည်တော် ဇူလိုင် ၈

ဇူလိုင် ၇ ရက် ညနေ ၄ နာရီခွဲခန့် တွင် ရန်ကုန်-နေပြည်တော် အမြန်လမ်းမ ကြီး မိုင်တိုင်အမှတ်(၃၇/၄)နှင့် (၃၇/၅) အကြား ပဲခူးမြို့နယ် စစ်ပင်ဆိပ်ကျေးရွာ အနီး၌ ရန်ကုန်မှမန္တလေးဘက်သို့ ယာဉ်မောင်း ခင်မောင်လေး မောင်းနှင် သော ရန်ကုန်-မန္တလေး-တောင်ကြီး ပြေးဆွဲသည့် ရွှေကမ္ဘာခရီးသည်တင် မှန်လုံယာဉ်သည် မိုးရွာသွန်းမှုကြောင့် လမ်းချော်ပြီး အရှိန်မထိန်းနိုင်ဘဲ လမ်း၏ ယာဘက်အခြမ်း မြေသားလမ်းပေါ်သို့ တိမ်းမှောက်သွားခဲ့ကြောင်း သိရှိရသည်။

အမှုဖွင့်အရေးယူ

ယာဉ်တိမ်းမှောက်မှုကြောင့် ယာဉ် ပေါ်ပါခရီးသည် ၃၅ ဦး အနက် အသက် ၂၀ခန့် အမျိုးသမီးနှစ်ဦး (အမည် စုံစမ်းဆဲ) သေဆုံးခဲ့ပြီး အမျိုးသားနှစ်ဦး၊ အမျိုးသမီး ၁၈ ဦး ပေါင်း ၂၀ ဦးမှာ ဖူးရောင်ပွန်းပဲ့ပေါက်ပြဲ နာကျင်ဒဏ်ရာ များ (မစိုးရိမ်ရ) ရရှိခဲ့ကြောင်း၊ ယာဉ် တိမ်းမှောက်မှုဖြစ်ပွားရာသို့ ဘောနက်ကြီး အမြန်လမ်းရဲစခန်းမှ တာဝန်ရှိသူများ သွားရောက်ကြည့်ရှုစစ်ဆေးပြီး ဒဏ်ရာရ လူနာများအား ပဲခူးမြို့ ပြည်သူ့ဆေးရုံသို့ ပို့ဆောင်ပေးခြင်း၊ ဒဏ်ရာရရှိခြင်း မရှိသည့် ခရီးသည်များအား လမ်းကြုံ ယာဉ်များဖြင့် ဆက်လက်ပို့ဆောင်ပေးခြင်း နှင့် အခြားလိုအပ်သည်များ ကူညီပံ့ပိုး ဆောင်ရွက်ပေးခဲ့ကြောင်း၊ ယာဉ်မောင်း အား ဘောနက်ကြီး ရဲစခန်းက ပေါ့လျော့ မှုကြောင့် သာမန်၊ ပြင်းထန်ဒဏ်ရာရရှိမှု၊ လူသေစေမှုများဖြင့် အမှုဖွင့် အရေးယူ ထားကြောင်း သိရသည်။

ပညာပေးဆောင်ရွက်

မိုးရာသီကာလ ယာဉ်များလမ်းချော် တိမ်းမှောက်မှု မဖြစ်ပွားစေရေးအတွက် ယာဉ်စည်းကမ်း ထိန်းသိမ်းရေးကော်မတီ အဆင့်ဆင့်က ပညာပေးဆောင်ရွက်လျက် ရှိရာ ယာဉ်မောင်းများကိုယ်တိုင်နှင့် လမ်းဖြတ်ကူးသူများ၊ အနေးယာဉ်မောင်း များ မပေါ့မဆ သတိရှိကြမှသာ အလား တူ မလိုလားအပ်သည့် ဖြစ်စဉ်မျိုးမှ ရှောင်ရှားနိုင်ကြမည်ဖြစ်ကြောင်း ယာဉ်မှု စစ်တစ်ဦးက သတင်းဌာနသို့ ပြောကြား ခဲ့သည်။ **(သတင်းစဉ်)**

မျှော်လင့်ချက်ရက်ပေါင်း(၁၀၀)

ဗညားအောင်

မတ်လ ၃၀ ရက်နေ့သည် နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ် (၇)ရပ်၏ သတ္တမအဆင့်ဖြစ်သည့် လွှတ်တော်မှ ရွေးကောက်တင်မြှောက်သော နိုင်ငံတော်အကြီးအကဲများ၊ လွှတ်တော်မှ ဖွဲ့စည်းပေးသော အစိုးရအဖွဲ့နှင့် အာဏာပိုင်အဖွဲ့အစည်းများဖြင့် ခေတ်မီဖွံ့ဖြိုးတိုးတက်သော ဒီမိုကရေစီနိုင်ငံတော်သစ် တည်ဆောက်ခြင်းအဆင့်ကို စတင်အကောင်အထည်ဖော်ခဲ့သည့်နေ့ဖြစ်သည်။ ထိုနေ့တွင် သမ္မတကြီးက ပြည်ထောင်စုလွှတ်တော်သို့ မိန့်ခွန်းပြောကြားရာ၌ ယနေ့မှစတင်ပြီး မြန်မာနိုင်ငံတွင် ဒီမိုကရေစီအသွင်ကူးပြောင်းရေးလုပ်ငန်းစဉ် စတင်ပြီဖြစ်ကြောင်း ထုတ်ဖော်ကြေညာခဲ့သကဲ့သို့ အစိုးရသစ်အနေဖြင့် ဆက်လက်ဆောင်ရွက်မည့် ပြည်တွင်းရေးရာမူဝါဒများ၊ နိုင်ငံခြားရေးရာမူဝါဒများကို ပြည့်ပြည့်စုံစုံ ထုတ်ဖော်ပြောကြားသွားခဲ့သည်။ ထို့အတူ မတ်လ ၃၁ ရက်နေ့တွင် ပြည်ထောင်စုအဆင့် အဖွဲ့အစည်းများမှ အကြီးအကဲများ၊ ပြည်ထောင်စုဝန်ကြီးများ၊ ဒုတိယဝန်ကြီးများကို မိန့်ခွန်းပြောကြားရာ၌လည်း ပြည်တွင်းရေးရာမူဝါဒများကို အကောင်အထည်ဖော်ရာတွင် လိုက်နာကျင့်သုံးရမည့် သဘောထားများ၊ ခံယူချက်များ၊ နည်းလမ်းများကို အကျယ်တဝင့် ရှင်းလင်းပြောကြားခဲ့ပြန်ပါသည်။

မြန်မာ့နိုင်ငံရေးအပြောင်းအလဲများကို စိတ်ဝင်တစားလေ့လာစောင့်ကြည့်နေသည့် နိုင်ငံတကာအသိုင်းအဝိုင်းနှင့် အစိုးရသစ်၏ မူဝါဒအပြောင်းအလဲများကို စောင့်မျှော်နေသည့် ပြည်သူများက အဆိုပါ မိန့်ခွန်းနှစ်ခုကို လှိုက်လှိုက်လှဲလှဲ ကြိုဆိုခဲ့ကြသည်။ မြန်မာ့အရေးကို အစဉ်တစိုက် လေ့လာသုံးသပ်နေသည့် ဂျော့ချ်တောင်းတက္ကသိုလ် ပါမောက္ခ ဒေးဗစ်စတိုင်းဘက်က သမ္မတကြီး၏ မိန့်ခွန်းသည် ၁၉၆၂ ခုနှစ်နောက်ပိုင်း နိုင်ငံတော်အကြီးအကဲများ ပြောကြားခဲ့သည့် မိန့်ခွန်းများအနက် အရေးအကြီးဆုံးမိန့်ခွန်းဟုပင် သုံးသပ်ခဲ့သည်။ ပြည်တွင်းဆောင်းပါးရှင်တစ်ဦးကမူ မိန့်ခွန်းကြောင့် ပြင်းထန်သော စိတ်လှုပ်ရှားမှုများ ဖြစ်ပေါ်ခဲ့ရသကဲ့သို့ နောက်ဆက်တွဲအဖြစ် မျှော်လင့်ချက်ရောင်ခြည်များလည်း ပေါ်လာခဲ့သည်ဟုဆိုသည်။

သို့သော် မိန့်ခွန်းအပေါ် အကောင်းမြင်သဘောထားဖြင့် တုံ့ပြန်မှုများရှိသကဲ့သို့ သံသယဖြင့် ရှုမြင်သူများလည်းရှိသည်ကို တွေ့ရသည်။ ထိုကဲ့သို့ သံသယဖြစ်သူများထဲတွင်လည်း နှစ်မျိုးနှစ်စား ကွဲပြားပြန်သည်။ ပထမတစ်မျိုးက မိန့်ခွန်းပါမူဝါဒအပြောင်းအလဲများကို အကောင်အထည်ဖော်ရာတွင် တွေ့ကြုံရမည့်အတွင်း၊ အပြင်က စိန်ခေါ်မှုများ၊ ကန့်သတ်ချက်များနှင့် လုပ်ဆောင်ရမည့် လုပ်ငန်းပမာဏကြီးမားမှုကြောင့် ဘယ်လိုအခက်အခဲတွေများရှိလေမလဲဟု စာနာတွေးတော စိတ်ပူပင်သူများဖြစ်သည်။ နောက်တစ်မျိုးကမူ အစိုးရဘာလုပ်လုပ် ဆန့်ကျင်ပြောဆိုနေမည့် အဖွဲ့အစည်းများဖြစ်သည်။ တကယ်တော့ ထိုသူများအတွက် နိုင်ငံအကျိုး၊ ပြည်သူ့အကျိုးကို ဘက်စုံထောင့်စုံ စဉ်းစားထားသော၊ အယူအဆမတူသူများ၊ သဘောထားကွဲပြားနေသူများ၏ အခြေအနေများကိုပါ ထည့်သွင်းစဉ်းစားထားသော၊ အမိန့်အာဏာသံမပါ နူးညံ့သိမ်မွေ့စွာဖြင့် မိမိတို့ဖော်ဆောင်မည့် အနာဂတ်မူဝါဒများကို ရှင်းလင်းတင်ပြထားသော သမ္မတကြီး၏ မိန့်ခွန်းများ၌ အပြစ်အနာအဆာ ရှာ၍မရပါ။ ထို့ကြောင့်လည်း အောက်ကလိအာ သဘောဖြင့် မိန့်ခွန်းပါအချက်များကို လုပ်လိုသည့်ဆန္ဒမရှိကြောင်း၊ နိုင်ငံတကာက စောင့်ကြည့်ရန်လိုကြောင်း စသည်ဖြင့် ဝေဖန်ပြောဆိုနေကြခြင်းသာ ဖြစ်သည်။

တကယ်တော့ ပြီးခဲ့သည့် သုံးလတာကာလအတွင်း မြန်မာနိုင်ငံတွင် အကောင်းဘက်ကိုရှေးရှုသည့် တိုးတက်ဖြစ်ထွန်းမှုများစွာ ပေါ်ပေါက်ခဲ့ပြီးဖြစ်သည်။ ပထမဆုံးအပြောင်းအလဲမှာ အုပ်ချုပ်ရေးနှင့် ဥပဒေပြုရေးဆိုင်ရာ တာဝန်ရှိသူများက ယနေ့နိုင်ငံတော်၏ အခြေအနေနှင့် လိုအပ်ချက်များကို ပွင့်ပွင့်လင်းလင်း ပြောဆိုလာခြင်းပင်ဖြစ်သည်။ ကောင်းမွန်သောအုပ်ချုပ်မှု၊ သန့်ရှင်းသော အစိုးရ၊ ဒီမိုကရေစီကျင့်စဉ်များ ထွန်းကားရေး၊ နိုင်ငံသားများ၏ မူလအခွင့်အရေး၊ တရားဥပဒေစိုးမိုးမှု၊ ပွင့်လင်းမြင်သာမှု၊ တာဝန်ခံမှု၊ အဂတိလိုက်စားမှု တိုက်ဖျက်ရေး၊ ဆင်းရဲချမ်းသာကွာခြားမှု လျှော့ချရေး၊ သဟဇာတဖြစ်သော လူ့အဖွဲ့အစည်း စသည့်စကားလုံးများသည် မဆန်းလှသော်လည်း ထိုစကားလုံးများကို နိုင်ငံတော်အကြီးအကဲတစ်ဦးက နိုင်ငံတော်မူဝါဒမိန့်ခွန်းတွင် ထည့်သွင်းပြောကြားခဲ့ခြင်းမှာ နှစ်ပေါင်းများစွာအတွင်း မကြုံစဖူး ထူးကဲသော အဖြစ်အပျက်ပင်ဖြစ်သည်။ မည်သည့်လုပ်ငန်းမဆို ရည်မှန်းချက်ကိုမသွားမီ မိမိမည်သည့်နေရာတွင်ရှိနေသည်ကို သိဖို့လိုပါသည်။ သို့မှသာ ရည်မှန်းချက်သို့ အရောက်သွားရမည့်လမ်းကြောင်းနှင့် နည်းဗျူဟာတို့ကို မှန်မှန်ကန်ကန် ရွေးချယ်နိုင်ပေလိမ့်မည်။ ထို့ကြောင့်လည်း ပကတိအခြေအနေများကို သုံးသပ်ပြောကြားခဲ့သည့် သမ္မတကြီး၏မိန့်ခွန်းသည် မြန်မာ့နိုင်ငံရေး သမိုင်းတွင် ထူးကဲသည့် ပြည်သူ့ရေးရာဆိုင်ရာ မူဝါဒမိန့်ခွန်းဖြစ်သည်ဟု ဆိုကြခြင်းဖြစ်သည်။

ပြီးခဲ့သည့် ရက် (၁၀၀) ကာလအတွင်း တိုးတက်ဖြစ်ပေါ်မှုများကိုလေ့လာပါက အစိုးရအနေဖြင့် နိုင်ငံတော်သမ္မတကြီး၏ မိန့်ခွန်းများပါ ရှေ့လုပ်ငန်းစဉ်များအတိုင်း အကောင်အထည်ဖော် လုပ်ဆောင်နေသည်ကို တွေ့ရမည်ဖြစ်သည်။ အမျိုးသားပြန်လည်စည်းလုံးညီညွတ်ရေးနှင့်ပတ်သက်လျှင် သမ္မတကြီးက အစိုးရသစ်အပေါ် သံသယရှိနေသူများ၊ အခြေခံဥပဒေကို လက်မခံသူများရှိနေကြောင်းကို အသိအမှတ်ပြုခဲ့ပြီး ထိုသူများအနေဖြင့် ၎င်းတို့၏ သံသယများ ပျောက်ပြီး အမျိုးသားအကျိုးစီးပွားအတွက် ပါဝင်ပူးပေါင်းလာအောင် မိမိတို့၏ မှန်ကန်သည့်စေတနာကို ပြသရန်လိုကြောင်း ပြောကြားခဲ့သလို မြန်မာနိုင်ငံ၏ အကျိုးစီးပွားကို လိုလားသူတိုင်း အခြေခံဥပဒေဘောင်ထဲကသာ နိုင်ငံ့အကျိုးကို ဆောင်ရွက်ကြရန်နှင့် နိုင်ငံတော်အစိုးရအနေဖြင့် အခြေခံဥပဒေဘောင်အတွင်းမှ လုပ်ဆောင်မှုအားလုံးကို ကြိုဆိုမည်ဖြစ်ကြောင်း ပြောကြားခဲ့သည်ကို တွေ့ရမည်ဖြစ်ပါသည်။ ထို့အပြင် ဖွဲ့စည်းပုံအခြေခံဥပဒေကို လက်မခံနိုင်သေးသည့် လူပုဂ္ဂိုလ်အဖွဲ့အစည်းများ၊ ဥပဒေပြင်ပရှိ အဖွဲ့အစည်းများအနေဖြင့် ဖွဲ့စည်းပုံအခြေခံဥပဒေကို ပြင်ဆင်လိုပါက အခြေခံဥပဒေအခန်း ၁၂ ပါ လုပ်ထုံးလုပ်နည်းများနှင့်အညီ ပြင်ဆင်နိုင်ရေးအတွက် ရွေးကောက်ပွဲတွင် ပါဝင်ယှဉ်ပြိုင်ပြီး လုပ်ပိုင်ခွင့်အာဏာကို တရားနည်းလမ်းကျစွာ ရယူရန် တိုက်တွန်းခဲ့သည်ကိုလည်း တွေ့ရမည်ဖြစ်ပါသည်။

လက်တွေ့တွင်လည်း နိုင်ငံရေးပါတီများမှ တည်ဆဲဥပဒေများကို ဖောက်ဖျက်ကျူးလွန်သဖြင့် အကျဉ်းကျခံနေရသူများ အပါအဝင် အကျဉ်းသား ၁၄၇၅၈ ဦးကို နိုင်ငံတော်သစ်တည်ဆောက်ရေးတွင် ပါဝင်နိုင်စေရန်အတွက် မေလ ၁၆ ရက်နေ့တွင် လွတ်ငြိမ်းချမ်းသာခွင့်ပြုခဲ့သည်။ ထို့အပြင် အမျိုးသားပြန်လည်စည်းလုံးညီညွတ်ရေးကို ရှေးရှုသည့်အနေဖြင့် ဥပဒေအရရပ်တည်ခွင့်မရှိတော့သည့် နိုင်ငံရေးပါတီဟောင်းတစ်ခု၏ အရေးကိစ္စကိုပင် သိမ်မွေ့စွာ ကိုင်တွယ်ပြီး အမျိုးသားအကျိုးစီးပွားအတွက် လက်တွဲဆောင်ရွက်နိုင်မည့် အခွင့်အလမ်းများ ဖွင့်ပေးထားသည်ကို တွေ့ရမည်ဖြစ်ပါသည်။ အလားတူပင် ဖွဲ့စည်းပုံအခြေခံဥပဒေကို လက်မခံနိုင်ဘဲ ဆက်လက်ပြီး လက်နက်စွဲကိုင် တိုက်ခိုက်နေသော တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များ၊ ရရှိထားခဲ့သည့် ငြိမ်းချမ်းရေးကို ပယ်ဖျက်ပြီး လက်နက်ကိုင်တိုက်ပွဲများ၊ ဗုံးခွဲတိုက်ခိုက်သည့် လုပ်ရပ်များကို ကျူးလွန်နေသည့် တိုင်းရင်းသားအဖွဲ့များကိုလည်း ငြိမ်းချမ်းရေးတံခါး ဖွင့်ထားဆဲဖြစ်ကြောင်းပြောကြားပြီး နိုင်ငံတော်အစိုးရ၏ သဘောထားကြီးမှု၊ တိုင်းရင်းသားစည်းလုံးညီညွတ်ရေး လိုလားမှုကို ထုတ်ဖော်ပြသခဲ့သည်ကို တွေ့ရမည်ဖြစ်ပါသည်။ ဤကဲ့သို့ အမျိုးသားစည်းလုံးညီညွတ်ရေးကို ရှေးရှုသည့်သဘောထားနှင့် လက်တွေ့လုပ်ဆောင်နေမှုများသည် နိုင်ငံရေးမျက်နှာစာတွင် သိသာထင်ရှားသည့် တိုးတက်မှုများပင်ဖြစ်ပါသည်။

နောက်ထပ် သိသာထင်ရှားသည့် တိုးတက်မှုမျက်နှာစာမှာ နိုင်ငံတကာဆက်ဆံရေး မျက်နှာစာပင်ဖြစ်သည်။ သမ္မတကြီးက ၎င်း၏ မိန့်ခွန်းများထဲတွင် မြန်မာနိုင်ငံအနေဖြင့် ဘက်မလိုက်သည့် လွတ်လပ်ပြီး တက်ကြွသော နိုင်ငံခြားရေးမူဝါဒကို ဆက်လက်ကျင့်သုံးသွားမည်ဖြစ်ကြောင်း ထပ်လောင်းအတည်ပြုပြောကြားခဲ့သည့်အပြင် နိုင်ငံတည်ဆောက်ရေးလုပ်ငန်းများတွင် နိုင်ငံတကာအသိုင်းအဝိုင်းနှင့် ပူးပေါင်းဆောင်ရွက်မည့်သဘောထားများကို ထုတ်ဖော်ပြောကြားခဲ့သည်။ ထို့ပြင် မြန်မာပြည်သူများ၏ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်ရေးကို လိုလားသည့် နိုင်ငံများအနေဖြင့်လည်း မြန်မာနိုင်ငံ၏ အပြုသဘော ဖြစ်ပေါ်တိုးတက်မှုများကို အသိအမှတ်ပြုပြီး ပူးပေါင်းဆောင်ရွက်ရန် ဖိတ်ခေါ်ခဲ့သည်။ ထိုကမ်းလှမ်းချက်များကို နိုင်ငံတကာအသိုင်းအဝိုင်းက အသိအမှတ်ပြုခဲ့သည့်အတွက် ပြီးခဲ့သည့် ရက်(၁၀၀) ကာလအတွင်း နိုင်ငံတကာမှ ကိုယ်စားလှယ်အဖွဲ့များ မြန်မာနိုင်ငံသို့ လာရောက်ခဲ့၊ လာရောက်ခွင့်ရရန် ကမ်းလှမ်းခဲ့ကြသည်။ နိုင်ငံတော်အစိုးရအနေဖြင့်လည်း စိတ်ရင်းစေတနာမှန်ကန်ပြီး မြန်မာနိုင်ငံ၏ ဖြစ်ပေါ်တိုးတက်မှုများကို ဆန္ဒစွဲကင်းကင်းဖြင့် အရှိကို အရှိအတိုင်း သုံးသပ်လိုသည့် ပုဂ္ဂိုလ်၊ အဖွဲ့အစည်းများအားလုံးကို လာရောက်လည်ပတ်ရန် ခွင့်ပြုခဲ့သည့်အပြင် နိုင်ငံတော်သမ္မတ၊ ဒုတိယသမ္မတများနှင့် ပြည်ထောင်စုဝန်ကြီးများက လက်ခံတွေ့ဆုံပေးခဲ့သည်။ ထိုကဲ့သို့ လာရောက်လည်ပတ်သောအဖွဲ့များတွင် အစဉ်အလာအရ ချစ်ကြည်ရင်းနှီးသော ဆက်ဆံရေးကို တည်ဆောက်ထားသည့် တရုတ်၊ အိန္ဒိယ၊ ဂျပန်နှင့် အာဆီယံနိုင်ငံများမှ ပါဝင်သကဲ့သို့ နှစ်ပေါင်းနှစ်ဆယ်ကျော် မြန်မာနိုင်ငံကို အထီးကျန်ထားရန်၊ ပိတ်ဆို့အရေးယူရန်သာ စဉ်ဆက်မပြတ် လုပ်ဆောင်ခဲ့သည့် အမေရိကန်၊ ဩစတြေးလျနှင့် ဥရောပသမဂ္ဂတို့မှလည်း ပါဝင်ခဲ့သည်ကို တွေ့ရမည်ဖြစ်ပါသည်။

ထို့အတူ ကုလသမဂ္ဂနှင့် နိုင်ငံတကာအဖွဲ့အစည်းများ၊ နိုင်ငံတကာအစိုးရမဟုတ်သော အဖွဲ့အစည်းများကလည်း ကျန်းမာရေး၊ ပညာရေး၊ စီးပွားရေး၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးစသည့် ကဏ္ဍမျိုးစုံတွင် ပူးပေါင်းဆောင်ရွက်နိုင်ရေးအတွက် သက်ဆိုင်ရာ ဝန်ကြီးဌာနများနှင့် တွေ့ဆုံဆွေးနွေးခြင်း၊ အလုပ်ရုံ ဆွေးနွေးပွဲများ ကျင်းပခြင်းစသည်တို့ကို မြိုင်မြိုင်ဆိုင်ဆိုင် ဆောင်ရွက်နေကြပြီဖြစ်သည်။ ထိုတွေ့ဆုံမှုများတွင် မြန်မာနိုင်ငံဘက်က တာဝန်ရှိသူအဆင့်ဆင့်က မြန်မာနိုင်ငံအနေဖြင့် ရင်ဆိုင်နေရသည့် စိန်ခေါ်မှုများ၊ ထိုစိန်ခေါ်မှုများကို ကျော်လွှားနိုင်ရန်အတွက် လုပ်ဆောင်မည့် အစီအမံများနှင့်ပတ်သက်ပြီး ပွင့်ပွင့်လင်းလင်း ရှင်းလင်းပြောကြားခဲ့သဖြင့် တစ်သက်လုံး အကောင်းမမြင်ခဲ့သူများကပင်လျှင် မြန်မာနိုင်ငံတွင် ပြောင်းလဲမှုတွေ စတင်နေပြီဆိုသည်ကို အသိအမှတ်ပြုပြောကြားခဲ့သည်ကို တွေ့ရမည်ဖြစ်သည်။ ထို့ပြင် နှစ်အတော်ကြာရပ်ဆိုင်းနေခဲ့သည့် နိုင်ငံတကာကြက်ခြေနီအဖွဲ့ ICRC ၏ အကျဉ်းထောင်များကို သွားရောက်လေ့လာပြီး အကူအညီပေးသည့် လုပ်ငန်းများကိုလည်း ဇူလိုင်လ ၁ ရက်နေ့မှ ပြန်လည်စတင်နေပြီဖြစ်ရာ အကျဉ်းထောင်များနှင့်ပတ်သက်ပြီး ပိုမိုတိုးတက်သည့် လုပ်ဆောင်ချက်များကို တွေ့မြင်ရတော့မည်ဖြစ်ပေသည်။

အလားတူပင် စီးပွားရေးကဏ္ဍ၌လည်း မြန်မာနိုင်ငံ၏ လူဦးရေ ၇၀ ရာခိုင်နှုန်းခန့် နေထိုင်သည့် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်မှုနှင့် ဆင်းရဲနွမ်းပါးမှုလျှော့ချရေးအတွက် အမျိုးသားအဆင့်အလုပ်ရုံဆွေးနွေးပွဲကို မေလ ၂၀ ရက်နေ့တွင် နေပြည်တော်၌ ပြုလုပ်ခဲ့သည်။ ထိုအလုပ်ရုံ ဆွေးနွေးပွဲတွင် သမ္မတကြီးက နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးအတွက် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုသည် အဓိကကျကြောင်း၊ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုအတွက် ငွေကြေးမူဝါဒ၊ ဘဏ္ဍာရေးမူဝါဒ၊ ကုန်သွယ်ရေးမူဝါဒ၊ ရင်းနှီးမြှုပ်နှံမှု မူဝါဒများကို ပြန်လည်သုံးသပ်ပြင်ဆင်မှာဖြစ်ကြောင်းနှင့် ထိုကဲ့သို့ လုပ်ဆောင်နိုင်ရန်အတွက် ဌာနဆိုင်ရာများ၊ ပညာရှင်များ၊ အသင်းအဖွဲ့များ

နှင့် ဆွေးနွေးသွားမည်ဖြစ်ကြောင်း ပြောကြ
ဒေသ ဖွံ့ဖြိုးတိုးတက်မှုနှင့် ဆင်းရဲနွမ်းပါးမှ
ဆွေးနွေးပွဲသည် အဆိုပါ ဆွေးနွေးပွဲများအန
ဖြစ်သည်။ ယခုကဲ့သို့ ကျေးလက်ဖွံ့ဖြိုးတိုး
စတင်ဆောင်ရွက်ရခြင်းမှာလည်း ကျေးလက်
မြန်မာနိုင်ငံ၏ အဓိကကုန်ထုတ်စွမ်းအားစု
ဒေသ ဖွံ့ဖြိုးတိုးတက်သည်နှင့်အမျှ ဆင်းရဲ
လာပြီး နိုင်ငံ့စီးပွားရေးလည်း ပိုမိုကောင်းမွ
ကြောင့်ပင်ဖြစ်သည်။ ထိုအလုပ်ရုံဆွေး
သမ္မတကြီးအနေဖြင့် အဖွင့်မိန့်ခွန်းပြောကြ
များ၏ တင်ပြချက်များ၊ တက်ရောက်သူ
ဆွေးနွေးချက်များကို အစီအစဉ်ပြီးဆုံးသ
နားထောင်ခဲ့သည်ကို တွေ့ရမည်ဖြစ်သည်
အကဲတစ်ဦးက အလုပ်ရုံဆွေးနွေးပွဲကို
နားထောင်ခဲ့ခြင်းသည် အစိုးရအဖွဲ့၏ ပြုပြ
များပြုလုပ်ရန် စိတ်ပိုင်းဖြတ်ထားမှု (Polit
သက်သေပြလိုက်ခြင်းလည်းဖြစ်သည်။
တက်ရောက်ခဲ့သည့် နိုင်ငံခြားသားပညာရှ
အကြီးအကဲတစ်ဦးရှေ့တွင် အစိုးရ၏ စီးပွား
မူဝါဒများကို ပွင့်ပွင့်လင်းလင်း ဝေဖန်ထေ
နှစ်ပေါင်းခြောက်ဆယ်ကျော်ကာလအတွင်
ဖြစ်ရပ် ဖြစ်ရုံသာမက ဖွဲ့စည်းပုံအခြေခံဥပ
လာသည့် မြန်မာ့နိုင်ငံရေး ပတ်ဝန်းကျင်အ
နေသည်ဟု မှတ်ချက်ချခဲ့ခြင်းကိုကြည့်ပါက
၏ အရေးကြီးမှုကို သတိပြုနိုင်ကြမည်ဖြစ်

အလားတူပင် ပညာရေးကဏ္ဍ အခ
ဆွေးနွေးပွဲ၊ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်
e-Government အလုပ်ရုံဆွေးနွေးပွဲ စ
လည်း စဉ်ဆက်မပြတ် ပြုလုပ်ခဲ့သည်ကို

**တစ်ချိန်တည်း၌ပင် သမ္မတကြီး၏မိန့်ခွ
အသီးသီးတွင် ပြန်လည်သုံးသပ်မှုများပြုလုပ်ပြီး
နှင့်ကိုက်ညီသည့် မူဝါဒများ၊ လုပ်ငန်းစဉ်များချ
ဟု ပြောကြားခဲ့သည့်အတိုင်း စီးပွားရေး၊ ကုန်
လုပ်ငန်းများလုပ်ဆောင်ရာ၌ ပိုမိုလျင်မြ
ဖြေလျှော့မှုများပြုလုပ်ခြင်း၊ လုပ်ထုံးလုပ်န
အခွန်နှုန်းထားများကို လျှော့ချပေးခြင်းတို့က
တွေ့ရမည် ဖြစ်ပါသည်။ ထို့ပြင် သမ္မတ
ပေးထားသည့်အတိုင်း နိုင်ငံတော်၏ စီးပွားရေ
အခြေအနေများကို သုံးသပ်ပြီးနောက် ပင်စင
များကိုလည်း ယခုနှစ် ဇူလိုင်လမှစတင်ပြီး
ဖြစ်သည်။**

မီဒီယာကဏ္ဍတွင်လည်း သမ္မတ
ဖြစ်သည့် စာနယ်ဇင်းများ၏ အခန်းက
စာနယ်ဇင်းများ၏ အပြုသဘောဆောင်အ
ထားရန် ပြောကြားချက်ကို အကောင်အထ
အနုပညာသုတရသ၊ ကျန်းမာရေး၊ က
အားကစားဆိုင်ရာ ဂျာနယ် ၈၂ စောင်၊
အထက်ပါအမျိုးအစားများနှင့် အကျုံးဝင်
များ၊ ပုံပြင်၊ ရုပ်ပြစာအုပ်များကို ထုတ်ဝေပြီး
သည့်စနစ်ကို ပြောင်းလဲကျင့်သုံးနေပြီ ဖြစ်သ
မှတ်ပုံတင်ဌာနခွဲသို့ တင်ပြပြီးမှ ထုတ်
မဂ္ဂဇင်းများတွင်လည်း ကန့်သတ်ချက်များ
ယခင်ကရေးသားခြင်းမပြုနိုင်သည့် နိုင်ငံ
ဆိုင်ရာအကြောင်းအရာများကို ရေးသားခွ
မည် ဖြစ်ပါသည်။

ဤကဲ့သို့ အုပ်ချုပ်ရေးကဏ္ဍတွင် တိုး
ဥပဒေပြုရေးကဏ္ဍတွင်လည်း ပြည်ထောင်
အခြေခံဥပဒေက အပ်နှင်းထားသော တာ
ကျင့်သုံးနိုင်ရန်အတွက် လုပ်ဆောင်လျက်
ဖြစ်ပါသည်။ ပြီးခဲ့သည့် ပြည်ထောင်စုလွ
ပုံမှန်အစည်းအဝေးတွင် ကိုယ်စားလှယ်များ
သက်ဆိုင်ရာဝန်ကြီးများက ဖြေကြားခဲ့ရ
ဆွေးနွေးညှိနှိုင်းဆုံးဖြတ်ခဲ့ကြသည်။ ထိုမေး
မဲဆန္ဒရှင် ပြည်သူများ၏ သဘောထားအ
သည့် မေးခွန်းများဖြစ်သောကြောင့် ပြ
အနေဖြင့် ပြည်သူများ၏ သဘောထားမျာ
နိုင်ခဲ့သည်ဟု ဆိုရပေမည်။ ထိုကဲ့သို့ ပြည်
ထင်ဟပ်ဖော်ပြနိုင်သည့် အဖွဲ့အစည်းတစ
သည်ပင်လျှင် မြန်မာ့နိုင်ငံရေးတွင် ကြ
တစ်ရပ်ဟု ဆိုနိုင်ပါသည်။ တစ်နည်းအ
နိုင်ငံရေးပါတီများအတွက် နိုင်ငံရေးနယ်ပ

မည်သည့်လုပ်ငန်းမဆို ရည်မှန်းချက်ကိုမသွားမီ မိမိမည်သည့်နေရာတွင်ရှိနေသည်ကို သိဖို့လိုပါသည်။ သို့မှသာ ရည်မှန်းချက်သို့ အရောက်သွားရမည့် လမ်းကြောင်းနှင့် နည်းဗျူဟာတို့ကို မှန်မှန်ကန်ကန် ရွေးချယ်နိုင်ပေလိမ့်မည်။ ထို့ကြောင့်လည်း ပကတိအခြေအနေများကို သုံးသပ်ပြောကြားခဲ့သည့် သမ္မတကြီး၏ မိန့်ခွန်းသည် မြန်မာ့နိုင်ငံရေး သမိုင်းတွင် ထူးကဲသည့် ပြည်သူ့ရေးရာဆိုင်ရာ မူဝါဒမိန့်ခွန်းဖြစ်သည်ဟု ဆိုကြခြင်းဖြစ်သည်။

9-7 (08-09).pmd 1 7/9/2011, 2:13 AM

နှင့် ဆွေးနွေးသွားမည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။ ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်မှုနှင့် ဆင်းရဲနွမ်းပါးမှုလျှော့ချရေး အလုပ်ရုံဆွေးနွေးပွဲသည် အဆိုပါ ဆွေးနွေးပွဲများအနက် ပထမဆုံးဆွေးနွေးပွဲဖြစ်သည်။ ယခုကဲ့သို့ ကျေးလက်ဖွံ့ဖြိုးတိုးတက်ရေးကို ဦးစားပေးစတင်ဆောင်ရွက်ရခြင်းမှာလည်း ကျေးလက်ဒေသပြည်သူများသည် မြန်မာနိုင်ငံ၏ အဓိကကုန်ထုတ်စွမ်းအားစုကြီးဖြစ်နေပြီး ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်သည်နှင့်အမျှ ဆင်းရဲနွမ်းပါးမှုလည်းလျော့ကျလာပြီး နိုင်ငံ့စီးပွားရေးလည်း ပိုမိုကောင်းမွန်လာနိုင်သည့်အတွက်ကြောင့်ပင်ဖြစ်သည်။ ထိုအလုပ်ရုံဆွေးနွေးပွဲ ပထမနေ့တွင် သမ္မတကြီးအနေဖြင့် အဖွင့်မိန့်ခွန်းပြောကြားရုံသာမက စာတမ်းရှင်များ၏ တင်ပြချက်များ၊ တက်ရောက်သူများ၏ မေးခွန်းများနှင့် ဆွေးနွေးချက်များကို အစီအစဉ်ပြီးဆုံးသည်အထိ တက်ရောက်နားထောင်ခဲ့သည်ကို တွေ့ရမည်ဖြစ်သည်။ ထိုကဲ့သို့ နိုင်ငံအကြီးအကဲတစ်ဦးက အလုပ်ရုံဆွေးနွေးပွဲကို အစအဆုံးတက်ရောက်နားထောင်ခဲ့ခြင်းသည် အစိုးရအဖွဲ့၏ ပြုပြင်ပြောင်းလဲရေးလုပ်ငန်းများပြုလုပ်ရန် စိတ်ပိုင်းဖြတ်ထားမှု (Political Will) ရှိကြောင်း သက်သေပြလိုက်ခြင်းလည်းဖြစ်သည်။ ထို့ပြင် ဆွေးနွေးပွဲတက်ရောက်ခဲ့သည့် နိုင်ငံခြားသားပညာရှင်တစ်ဦးက နိုင်ငံတော်အကြီးအကဲတစ်ဦးရှေ့တွင် အစိုးရ၏ စီးပွားရေး၊ စိုက်ပျိုးရေးဆိုင်ရာမူဝါဒများကို ပွင့်ပွင့်လင်းလင်း ဝေဖန်ထောက်ပြဆွေးနွေးမှုသည် နှစ်ပေါင်းခြောက်ဆယ်ကျော်ကာလအတွင်း မကြုံစဖူးထူးကဲသည့်ဖြစ်ရပ် ဖြစ်ရုံသာမက ဖွဲ့စည်းပုံအခြေခံဥပဒေသစ်အရ ပေါ်ပေါက်လာသည့် မြန်မာ့နိုင်ငံရေး ပတ်ဝန်းကျင်အသစ်ကိုလည်း ထင်ဟပ်ပြနေသည်ဟု မှတ်ချက်ချခဲ့ခြင်းကိုကြည့်ပါက ဤအလုပ်ရုံဆွေးနွေးပွဲ၏ အရေးကြီးမှုကို သတိပြုနိုင်ကြမည်ဖြစ်ပါသည်။

အလားတူပင် ပညာရေးကဏ္ဍ အဆင့်မြှင့်တင်ရေးအလုပ်ရုံဆွေးနွေးပွဲ၊ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ ဆွေးနွေးပွဲ၊ e-Government အလုပ်ရုံဆွေးနွေးပွဲ စသည့်ဆွေးနွေးပွဲများကိုလည်း စဉ်ဆက်မပြတ် ပြုလုပ်ခဲ့သည်ကို တွေ့ရမည်ဖြစ်ပါသည်။

တစ်ချိန်တည်း၌ပင် သမ္မတကြီး၏မိန့်ခွန်းတွင် အုပ်ချုပ်ရေးကဏ္ဍအသီးသီးတွင် ပြန်လည်သုံးသပ်မှုများပြုလုပ်ပြီး အခြေအနေ၊ အချိန်အခါနှင့်ကိုက်ညီသည့် မူဝါဒများ၊ လုပ်ငန်းစဉ်များချမှတ်ဆောင်ရွက်သွားမည်ဟု ပြောကြားခဲ့သည့်အတိုင်း စီးပွားရေး၊ ကုန်သွယ်ရေးကဏ္ဍများတွင် လုပ်ငန်းများလုပ်ဆောင်ရာ၌ ပိုမိုလျင်မြန်ချောမွေ့စေရန်အတွက် ဖြေလျှော့မှုများပြုလုပ်ခြင်း၊ လုပ်ထုံးလုပ်နည်းများ ပြင်ဆင်ခြင်း၊ အခွန်နှုန်းထားများကို လျှော့ချပေးခြင်းတို့ကို လုပ်ဆောင်ခဲ့သည်ကို တွေ့ရမည် ဖြစ်ပါသည်။ ထို့ပြင် သမ္မတကြီး၏မိန့်ခွန်းတွင် ကတိပေးထားသည့်အတိုင်း နိုင်ငံတော်၏ စီးပွားရေးအခြေအနေ၊ ဘဏ္ဍာရေးအခြေအနေများကို သုံးသပ်ပြီးနောက် ပင်စင်စားများ၏ ပင်စင်လစာများကိုလည်း ယခုနှစ် ဇူလိုင်လမှစတင်ပြီး တိုးမြှင့်သတ်မှတ်ပေးခဲ့ပြီဖြစ်သည်။

မီဒီယာကဏ္ဍတွင်လည်း သမ္မတကြီးက စတုတ္ထမဏ္ဍိုင်ဖြစ်သည့် စာနယ်ဇင်းများ၏ အခန်းကဏ္ဍကိုအလေးထားရန်၊ စာနယ်ဇင်းများ၏ အပြုသဘောဆောင်အကြံပြုချက်များကို အလေးထားရန် ပြောကြားချက်ကို အကောင်အထည်ဖော်သည့်အနေဖြင့် အနုပညာသုတရသ၊ ကျန်းမာရေး၊ ကလေး၊ နည်းပညာနှင့် အားကစားဆိုင်ရာ ဂျာနယ် ၈၂ စောင်၊ မဂ္ဂဇင်း ၉၆ စောင်နှင့် အထက်ပါအမျိုးအစားများနှင့် အကျုံးဝင်သော အထွေထွေစာအုပ်များ၊ ပုံပြင်၊ ရုပ်ပြစာအုပ်များကို ထုတ်ဝေပြီးမှ စာပေစိစစ်သို့ တင်ပြသည့်စနစ်ကို ပြောင်းလဲကျင့်သုံးနေပြီ ဖြစ်သည်။ စာပေစိစစ်ရေးနှင့် မှတ်ပုံတင်ဌာနခွဲသို့ တင်ပြပြီးမှ ထုတ်ဝေခွင့်ရှိသည့် ဂျာနယ်၊ မဂ္ဂဇင်းများတွင်လည်း ကန့်သတ်ချက်များကို လျှော့ပေါ့ပေးခဲ့သဖြင့် ယခင်ကရေးသားခြင်းမပြုနိုင်သည့် နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးဆိုင်ရာအကြောင်းအရာများကို ရေးသားခွင့်ရရှိနေသည်ကို တွေ့ရမည် ဖြစ်ပါသည်။

ဤကဲ့သို့ အုပ်ချုပ်ရေးကဏ္ဍတွင် တိုးတက်မှုများရှိနေသကဲ့သို့ ဥပဒေပြုရေးကဏ္ဍတွင်လည်း ပြည်ထောင်စုလွှတ်တော်အနေဖြင့် အခြေခံဥပဒေက အပ်နှင်းထားသော တာဝန်များကို ပီပီပြင်ပြင် ကျင့်သုံးနိုင်ရန်အတွက် လုပ်ဆောင်လျက်ရှိသည်ကို တွေ့ရမည်ဖြစ်ပါသည်။ ပြီးခဲ့သည့် ပြည်ထောင်စုလွှတ်တော်ပထမအကြိမ်ပုံမှန်အစည်းအဝေးတွင် ကိုယ်စားလှယ်များ၏ မေးခွန်း(၁၀၆) ခုကို သက်ဆိုင်ရာဝန်ကြီးများက ဖြေကြားခဲ့ရပြီး အဆို (၄၃) ခုကို ဆွေးနွေးညှိနှိုင်းဆုံးဖြတ်ခဲ့ကြသည်။ ထိုမေးခွန်းများ၊ အဆိုများသည် မဲဆန္ဒရှင် ပြည်သူများ၏ သဘောထားအမြင်များကို ထင်ဟပ်နေသည့် မေးခွန်းများဖြစ်သောကြောင့် ပြည်ထောင်စုလွှတ်တော်အနေဖြင့် ပြည်သူများ၏ သဘောထားများကို ထင်ဟပ်ဖော်ပြပေးနိုင်ခဲ့သည်ဟု ဆိုရပေမည်။ ထိုကဲ့သို့ ပြည်သူ့ဆန္ဒသဘောထားကို ထင်ဟပ်ဖော်ပြနိုင်သည့် အဖွဲ့အစည်းတစ်ခု ပေါ်ပေါက်လာခြင်းသည်ပင်လျှင် မြန်မာ့နိုင်ငံရေးတွင် ကြီးမားသည့် ပြောင်းလဲမှုတစ်ရပ်ဟု ဆိုနိုင်ပါသည်။ တစ်နည်းအားဖြင့် ပြည်သူများ၊ နိုင်ငံရေးပါတီများအတွက် နိုင်ငံရေးနယ်ပယ် (Political Space)

ပြီးခဲ့သည့် ရက် (၁၀၀) ကာလအတွင်း နိုင်ငံတကာမှ ကိုယ်စားလှယ်အဖွဲ့များ မြန်မာနိုင်ငံသို့ လာရောက်ခဲ့၊ လာရောက်ခွင့်ရရန် ကမ်းလှမ်းခဲ့ကြသည်။ နိုင်ငံတော်အစိုးရအနေဖြင့်လည်း စိတ်ရင်းစေတနာမှန်ကန်ပြီး မြန်မာနိုင်ငံ၏ ဖြစ်ပေါ်တိုးတက်မှုများကို ဆန္ဒစွဲကင်းကင်းဖြင့် အရှိကို အရှိအတိုင်း သုံးသပ်လိုသည့် ပုဂ္ဂိုလ်၊ အဖွဲ့အစည်းများအားလုံးကို လာရောက်လည်ပတ်ရန် ခွင့်ပြုခဲ့သည့်အပြင် နိုင်ငံတော်သမ္မတ၊ ဒုတိယသမ္မတများနှင့် ပြည်ထောင်စုဝန်ကြီးများက လက်ခံတွေ့ဆုံပေးခဲ့သည်။

တစ်ရပ်ပေါ်ပေါက်လာခြင်းသည် အရေးကြီးသည့် တိုးတက်မှုတစ်ခုဟု ဆိုနိုင်ပါသည်။

ပထမအကြိမ် ပြည်ထောင်စုလွှတ်တော်အစည်းအဝေးများ ပြီးဆုံးပြီးနောက်တွင်လည်း လွှတ်တော်နှစ်ရပ်လုံးမှ လွှတ်တော်ကော်မတီများအနေဖြင့် လွှတ်တော်ကို အရည်အချင်းရှိပြီး ခိုင်မာတောင့်တင်းစေရန်၊ လွှတ်တော်၏ အဓိကတာဝန်နှစ်ရပ်ဖြစ်သည့် ဥပဒေပြုရေးနှင့် လွှတ်တော်၊ အစိုးရအဖွဲ့၊ တရားရေးအဖွဲ့တို့အကြား အပြန်အလှန် ထိန်းကျောင်းမှုရှိစေရန် တာဝန်များကို ထိရောက်စွာ ထမ်းဆောင်နိုင်ရန်ရည်ရွယ်ပြီး အချင်းချင်း အပြန်အလှန် ဆွေးနွေးခြင်း၊ အလုပ်ရုံဆွေးနွေးပွဲများ ပြုလုပ်ခြင်းနှင့် အခြားနိုင်ငံများမှ လွှတ်တော်များနှင့် အပြန်အလှန် လည်ပတ်ခြင်း၊ ဆွေးနွေးခြင်းများ ပြုလုပ်လျက်ရှိသည်ကို တွေ့ရမည်ဖြစ်ပါသည်။ ထို့ပြင် သမ္မတကြီး၏ ပြည်ထောင်စုလွှတ်တော်တွင် ပြောကြားခဲ့သည့် မိန့်ခွန်းပါအတိုင်း တည်ဆဲဥပဒေများကို ပြည်သူ့အကျိုးစီးပွားကို ကာကွယ်စောင့်ရှောက်နိုင်မှု ရှိ မရှိ၊ နိုင်ငံတော်အကျိုးစီးပွားကို ကာကွယ်စောင့်ရှောက်နိုင်မှု ရှိ မရှိ၊ ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် ညီညွတ်မှု ရှိ မရှိ၊ လက်တွေ့ဆောင်ရွက်နိုင်မှု ရှိ မရှိနှင့် မိမိတို့နိုင်ငံက လက်ခံကျင့်သုံးနေသည့် နိုင်ငံတကာ ကွန်ဗင်းရှင်းများ၊ စာချုပ်များနှင့် ကိုက်ညီခြင်း ရှိ မရှိဆိုသည့် စံနှုန်းများနှင့် ပြန်လည်သုံးသပ်မှုများ ပြုလုပ်လျက်ရှိပေသည်။ ဤကဲ့သို့ ဥပဒေပြုအဖွဲ့အစည်းများ ခိုင်မာအားကောင်းလာအောင် လုပ်ဆောင်နေမှုများသည် မြန်မာနိုင်ငံတွင် ဒီမိုကရေစီစနစ်ကို မှန်မှန်ကန်ကန်၊ အနှစ်သာရရှိရှိ၊ ခိုင်ခိုင်မာမာ ကျင့်သုံးနိုင်ရေးအတွက် အားတက်ဖွယ်ရာ တိုးတက်ဖြစ်ပေါ်မှုများပင် ဖြစ်ပေသည်။

အထက်တွင်ဖော်ပြခဲ့သည့် ကဏ္ဍအလိုက် တိုးတက်ဖြစ်ပေါ်မှုများကို ကြည့်လိုက်လျှင် ဖွဲ့စည်းပုံအခြေခံဥပဒေအရ ပေါ်ပေါက်လာသည့် မြန်မာ့နိုင်ငံရေး ပတ်ဝန်းကျင်တွင် အောက်ပါတိုးတက်မှုကြီး သုံးရပ်ကို တွေ့မြင်ရမည်ဖြစ်ပါသည်-

(က) အုပ်ချုပ်ရေးနှင့် ဥပဒေပြုရေးအဖွဲ့အစည်းများအနေဖြင့် မြန်မာနိုင်ငံ၏ ပကတိအရှိတရားများကို မှန်မှန်ကန်ကန် သုံးသပ်ပြီး ရင်ဆိုင်နေရသည့် စိန်ခေါ်မှုများကို သတ်မှတ်ခြင်း၊ ထိုစိန်ခေါ်မှုများကို ကျော်လွှားနိုင်မည့် နည်းလမ်းများကို ပြည်သူများနှင့် ပူးပေါင်းကျော်လွှားနိုင်အောင် လုပ်ဆောင်လာခြင်း။

(ခ) အုပ်ချုပ်ရေးနှင့် ဥပဒေပြုရေးအဖွဲ့အစည်းများအနေဖြင့် ပြည်သူလူထု၏ ဆန္ဒသဘောထားများကို အလေးထားစဉ်းစားလာခြင်းနှင့် တုံ့ပြန်ဆောင်ရွက်လာခြင်း။

(ဂ) နိုင်ငံတကာနှင့် ပိုမိုထိတွေ့ ဆက်ဆံရန်ဆန္ဒရှိလာခြင်း၊ နိုင်ငံတကာ အသိုင်းအဝိုင်း၏ စိုးရိမ်မှုများကို အသိအမှတ်ပြုလာခြင်း။

သမ္မတကြီး၏ မိန့်ခွန်းများ၊ ပြည်ထောင်စုအစိုးရနှင့် တိုင်းဒေသကြီး/ ပြည်နယ်အစိုးရများ၏ စတင်လုပ်ငန်းဆောင်ရွက်မှုများကို လေ့လာပါက အသွင်ကူးပြောင်းရေးလုပ်ငန်းစဉ်သည် ဦးတည်ချက်မှန်မှန်ဖြင့် စတင်ပေါ်ပေါက်နေပြီဟု ဆိုနိုင်ပါသည်။ သို့သော် ယခုပြောင်းလဲမှုများကို နှေးကွေးသည်ဟု ပြောဆိုပြီး အမေရိကန်နိုင်ငံရေးလောကတွင် သမ္မတသစ်သက်တမ်း အစရက် (၁၀၀) အတွင်း သိသာထင်ရှားသည့် အပြောင်းအလဲများလုပ်လေ့ရှိသည့် အစဉ်အလာကို ထောက်ပြကာ မြန်မာ့နိုင်ငံရေးအပြောင်းအလဲသည် ရက် (၁၀၀) အတွင်း သိသိသာသာ ထင်ထင်ရှားရှား ပြောင်းလဲခဲ့ခြင်းမရှိဟု ဆိုနေသူများလည်း ရှိနေသည်ကို တွေ့ရပါသည်။

သို့သော် အမေရိကန်နိုင်ငံအပါအဝင် အနောက်ဒီမိုကရေစီနိုင်ငံများတွင် ဒီမိုကရက်တစ်အင်စတီကျူးရှင်းများက နှစ်ပေါင်းများစွာ အထိုင်ကျခဲ့ပြီး ဖြစ်သည်ကိုလည်း သတိပြုဖို့လိုပါသည်။ မြန်မာနိုင်ငံ၏ အသွင်ကူးပြောင်းရေးဖြစ်စဉ်မှာ အင်စတီကျူးရှင်းများကို အသစ်တည်ဆောက်ရခြင်းဖြစ်သည့်အတွက် သမ္မတကြီးမိန့်ခွန်းတွင် ဖော်ပြထားသည့်အတိုင်း စိန်ခေါ်မှုများကို ကျော်ဖြတ်ရဦးမည်ဖြစ်သည်။ ထို့အပြင် ပြုပြင်ပြောင်းလဲမှုမှန်သမျှသည် အတွင်းအပြင်နှစ်ဌာနလုံးမှ ခုခံမှုများနှင့် ရင်ဆိုင်ရမည်ဖြစ်ရာ ဗဟိုဦးစီးစနစ်အောက်တွင် အရိုးစွဲလာခဲ့သည့် အမူအကျင့်များ၊ အတွေးအခေါ်များကိုလည်း ကျော်ဖြတ်ရဦးမည်ဖြစ်သည်။ ထိုထက်ပိုဆိုးသည်က အမျိုးသားပြန်လည်ပေါင်းစည်းညီညွတ်မှုအားနည်းနေသည့်အတွက် အသွင်ကူးပြောင်းရေးလုပ်ငန်းစဉ်များတွင် ပြင်ပအနှောင့်အယှက်များ၊ ဖိအားပေးမှုများရှိနေခြင်းပင် ဖြစ်သည်။ ထို့ကြောင့်လည်း မကြာမီရက်များအတွင်း အများပြည်သူများ အသုံးပြုနေသည့် ကားလမ်း၊ ရထားလမ်းများတွင် မိုင်းခွဲတိုက်ခိုက်မှုများ၊ မြို့ရွာများအတွင်း ဗုံးဖောက်ခွဲမှုများပြုလုပ်ခဲ့သကဲ့သို့ မြေပေါ်နိုင်ငံရေးဆူပူမှုများ ဖြစ်ပေါ်စေရန်အတွက် ကွန်ရက်များကို အသုံးပြုပြီး လှုံ့ဆော်ရန် ကြိုးစားမှုများပေါ်ပေါက်နေသည်ကိုလည်း တွေ့ရမည်ဖြစ်ပါသည်။

ထို့ကြောင့် မြန်မာနိုင်ငံတွင် ဒီမိုကရေစီအသွင်ကူးပြောင်းရေးလုပ်ငန်းစဉ်များ လျင်လျင်မြန်မြန်နှင့် အောင်အောင်မြင်မြင်ဖြစ်စေရေးအတွက် နိုင်ငံတော်အစိုးရနှင့် တရားဝင်နိုင်ငံရေးပါတီများတွင်သာမက လွှတ်တော်ပြင်ပက အဖွဲ့အစည်းများတွင်လည်း တာဝန်ရှိသည်ဟု ဆိုချင်ပါသည်။ အားလုံးဝိုင်းတွန်း၊ ပြိုင်တူတွန်းလျှင် အရှေ့ပိုကောင်းပါလိမ့်မည်။ ထိုကဲ့သို့ အားလုံးပါဝင်နိုင်အောင်လည်း နိုင်ငံတော်သမ္မတကြီးက တံခါးဖွင့်ပေးခဲ့ပြီးဖြစ်ပါသည်။ ထို့ကြောင့် ဖွဲ့စည်းပုံအခြေခံဥပဒေကို လက်မခံနိုင်သေးသူများအနေဖြင့် နိုင်ငံတော်အစိုးရကဖွင့်ထားသော တံခါးမှဝင်လာရန် လိုနေပြီဖြစ်ပါသည်။ နိုင်ငံ့အရေးအတွက် လမ်းမှန်ကို ရွေးနိုင်ခဲ့လျှင် ပြီးခဲ့သည့်ရက် (၁၀၀) အတွင်း တိုးတက်မှုများကြောင့် ပေါ်ထွက်လာနေသည့် မျှော်လင့်ချက်များ လျင်လျင်မြန်မြန် အကောင်အထည်ပေါ်လာမည်သာဖြစ်ပေသည်။ ။

ကျောက်စိမ်း၊ ကျောက်မျက်နှင့်ပုလဲ အထူးရောင်းချပွဲ

ပြည်ထောင်စုဝန်ကြီး ဦးသိန်းထိုက် ကြည့်ရှုစစ်ဆေး

ပြည်တွင်းပြည်ပ ရတနာကုန်သည်များ ကျောက်စိမ်းအတွဲများကို ကြည့်ရှုလေ့လာကြစဉ်။ (သတင်းစဉ်)

နေပြည်တော် ဇူလိုင် ၈

မြန်မာ့ ကျောက်မျက်ရတနာပြပွဲ ဗဟိုကော်မတီက ကြီးမှူးကျင်းပသည့် ၂၀၁၁ ခုနှစ် ကျောက်စိမ်း၊ ကျောက်မျက်နှင့်ပုလဲအထူးရောင်းချပွဲကို ယနေ့ နံနက်ပိုင်းတွင် နေပြည်တော် မြန်မာ့ကျောက်မျက်ရတနာ ပြတိုက်အနီးရှိ မဏိရတနာ ကျောက်စိမ်းခန်းမ၌ ဆက်လက်ကျင်းပသည်။

မွန်းလွဲပိုင်းတွင် ပြပွဲကျင်းပရေး ဗဟိုကော်မတီနာယက သတ္တုတွင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသိန်းထိုက်သည် အထူးရောင်းချပွဲသို့ ရောက်ရှိလာပြီး ပြည်တွင်းပြည်ပ ရတနာကုန်သည်များ ဈေးနှုန်း အဆိုပြုလွှာများကို သက်ဆိုင်ရာတင်ဒါပုံးများအတွင်း ထည့်သွင်းနေမှုနှင့် တင်ဒါပုံးများအား တာဝန်ရှိသူများက ဖွင့်ဖောက်စစ်ဆေးနေမှုတို့ကို ကြည့်ရှုစစ်ဆေးသည်။

ယနေ့ နံနက် ၈ နာရီမှစတင်၍ ပြည်တွင်းပြည်ပ ရတနာကုန်သည်များသည် အိတ်ဖွင့်တင်ဒါစနစ်၊ ဈေးပြိုင်စနစ်တို့ဖြင့် ရောင်းချမည့် ကျောက်စိမ်းဇုန်များအတွင်းရှိ ကျောက်စိမ်းအတွဲများကို စိတ်ဝင်တစား ကြည့်ရှုလေ့လာကြပြီး အိတ်ဖွင့်တင်ဒါစနစ်ဖြင့် ရောင်းချမည့် ကျောက်စိမ်းအတွဲများအတွက် ဈေးနှုန်းအဆိုပြုလွှာများကို သက်ဆိုင်ရာ တင်ဒါပုံးများအတွင်းသို့ အပြိုင်အဆိုင် ထည့်သွင်းကြရာ ပြပွဲဗဟိုကော်မတီ အတွင်းရေးမှူး မြန်မာ့ကျောက်မျက်ရတနာ ရောင်းဝယ်ရေးလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးသိန်းဆွေ၊ ပြပွဲဗဟိုကော်မတီဝင်များနှင့် မြန်မာနိုင်ငံ ကျောက်မျက်ရတနာ လုပ်ငန်းရှင်များအသင်းမှ တာဝန်ရှိသူများက လိုက်လံကြီးကြပ်ဆောင်ရွက်ပေးကြသည်။

ယနေ့ အထူးရောင်းချပွဲတွင် အိတ်ဖွင့်တင်ဒါစနစ်ဖြင့် ကျောက်စိမ်းအတွဲပေါင်း (၁၅၁၄၉) တွဲ ရောင်းချရပြီး အထူးရောင်းချပွဲကာလအတွင်း ပြည်တွင်းပြည်ပမှ ရတနာကုန်သည်စုစုပေါင်း ၉၃၆၆ ဦး လာရောက်ခဲ့ကြောင်း သိရှိရသည်။

(သတင်းစဉ်)

ဇူလိုင် ၆ ရက်က တရုတ်ပြည်သူ့သမ္မတနိုင်ငံ TIENS GROUP ကုမ္ပဏီလီမိတက်၏ ဖိတ်ကြားချက်အရ ထျန်ကျင်းမြို့ရှိ Tai Ji Sun Health Management Center သို့ သွားရောက်လေ့လာရန် ထွက်ခွာသွားသော စွယ်စုံမီဒီယာဂရု(ပ်)ဥက္ကဋ္ဌ ဒေါက်တာတင်ထွန်းဦး ခေါင်းဆောင်သည့် မြန်မာမီဒီယာအဖွဲ့ဝင်များအား ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်မှ မထွက်ခွာမီ တွေ့ရစဉ်။ (မြန်မာ့အလင်း)

မြန်မာ့အလင်း ပြည်တွင်း အားကစားသတင်း ပြည်တွင်း အားကစားသတင်း

ပထမအကြိမ် Champion Challenge Cup Tournament ကျင်းပရေး ကြိုတင်ညှိနှိုင်းအစည်းအဝေးကျင်းပ

ပထမအကြိမ် Champion Challenge Cup Tournament ကျင်းပရေး ကြိုတင်ညှိနှိုင်း အစည်းအဝေးကျင်းပစဉ်။ (သတင်းစဉ်)

နေပြည်တော် ဇူလိုင် ၈

၂၀၁၃ ခုနှစ်တွင် နေပြည်တော်၌ အိမ်ရှင်အဖြစ် လက်ခံကျင်းပမည့် (၂၇)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲတွင် အောင်မြင်မှု ရရှိစေရန်၊ အဆင့်မီ နိုင်ငံ့ဂုဏ်ဆောင် အားကစားသမားများ ပေါ်ထွက်လာစေရန်နှင့် အလားအလာရှိသော လူငယ်မျိုးဆက်သစ် အားကစားသမားများ ပေါ်ထွက်လာစေရန် ရည်ရွယ်၍ ပထမအကြိမ် Champion Challenge Cup Tournament ကျင်းပရေး ကြိုတင်ညှိနှိုင်း အစည်းအဝေးကို ဇူလိုင် ၇ ရက် မွန်းလွဲပိုင်းတွင် နေပြည်တော် အားကစားဝန်ကြီးဌာနရှိ အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ ပြည်ထောင်စုဝန်ကြီး ဦးတင့်ဆန်းက နိုင်ငံတော်အစိုးရက ချမှတ်ထားသော အားကစားမူဝါဒများနှင့် ဝန်ကြီးဌာန၏ ကြိုးပမ်းအကောင်အထည်ဖော် ဆောင်ရွက်နေမှုများကို ရှင်းလင်းမှာကြားသည်။

ဆက်လက်၍ တာဝန်ရှိသူများက ပြိုင်ပွဲနှင့် စပ်လျဉ်း၍ ဒေသဆိုင်ရာ အာဏာပိုင်များနှင့် ဆက်စပ်ဆောင်ရွက်ရန်များ၊ ပြိုင်ပွဲကျင်းပမည့် နည်းလမ်း၊ ပြိုင်ပွဲစည်းမျဉ်း၊ စည်းကမ်းများ၊ သတ်မှတ်စံချိန်များနှင့် လေ့ကျင့်ရေး ပစ္စည်းလိုအပ်ချက်များကို ဆွေးနွေး တင်ပြကြသည်။

ထို့နောက် အားကစားနှင့် ကာယပညာဦးစီးဌာန တိုင်းဒေသကြီးနှင့် ပြည်နယ်တာဝန်ခံများက ပြိုင်ပွဲဝင်မည့် အားကစားနည်းများနှင့် ပတ်သက်၍ ဒေသအလိုက် ကြိုတင်ပြင်ဆင်ထားမှုများကို ဆွေးနွေး တင်ပြကြသည်။ ယင်းနောက် ဒုတိယဝန်ကြီး ဦးအေးမြင့်ကြူက ဖြည့်စွက်တင်ပြသည်။

ကြိုးစားဆောင်ရွက်

ထို့နောက် ပြည်ထောင်စုဝန်ကြီးက အားကစားအောင်နိုင်ရေးအတွက် သုံးချောင်းထောက်စနစ်ဖြင့် အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် အားကစားအဖွဲ့ချုပ်များကဏ္ဍ၊ အားကစားနှင့်ကာယပညာ(သိပ္ပံ) ကျောင်းများကဏ္ဍနှင့် တိုင်းဒေသကြီးနှင့်ပြည်နယ်များ၏ ကဏ္ဍစသည်ဖြင့် ဆောင်ရွက်ရန် တာဝန်များ ပေးအပ်ထားပြီးဖြစ်ရာ မိမိတို့ ကဏ္ဍအလိုက် တာဝန်ယူဆောင်ရွက်ရမည့် ကိစ္စရပ်များကို အောင်မြင်မှုရရှိရန် ကြိုးစားဆောင်ရွက်သွားကြရန် မှာကြားသည်။

ယှဉ်ပြိုင်စေမည်

ပထမအကြိမ် Champion Challenge Cup Tournament ပြိုင်ပွဲကို နေပြည်တော်၌ ၂၀၁၁ခုနှစ် စက်တင်ဘာ ပထမပတ်အတွင်း အားကစားနည်း ၁၄ မျိုးကို တစ်ခုချင်းအလိုက် ကျင်းပသွားမည်ဖြစ်ရာ တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးတွင် စုဖွဲ့လေ့ကျင့်လျက်ရှိသော အားကစားကလပ်များ၊ Pre Camp များမှ သတ်မှတ်အရည်အချင်းနှင့် ညီညွတ်သူများကိုသာ ဝင်ရောက်ယှဉ်ပြိုင်စေမည်ဖြစ်ပြီး ပြိုင်ပွဲအမျိုးအစားများမှာ မပျက်မကွက် ဝင်ရောက်ယှဉ်ပြိုင်ရမည့် အားကစားနည်း ကိုးမျိုး၊ အနည်းဆုံးသုံးမျိုး ပါဝင်ယှဉ်ပြိုင်ရမည့် အားကစားနည်းလေးမျိုး၊ ထူးခြားအခြေအနေအရ သီးခြားသတ်မှတ်ကျင်းပမည့် အားကစားနည်း ၁၅ မျိုးတို့ ဖြစ်ကြောင်းနှင့် အားကစားနည်းအလိုက် တိုင်းဒေသကြီး/ပြည်နယ် အားကစားပြိုင်ပွဲများမှ စံချိန်များကိုမူတည်၍ စံချိန်သတ်မှတ်ကာ ထိုသတ်မှတ်စံချိန်မီသော အားကစားသမားများကိုသာ ဝင်ရောက်ယှဉ်ပြိုင်စေမည်ဖြစ်ပြီး ပြိုင်ပွဲများတွင် အနိုင်ရရှိသူများနှင့် အကောင်းဆုံးကလပ်အသင်းဆု၊ အကောင်းဆုံးအုပ်ချုပ်သူဆု၊ အကောင်းဆုံးနည်းပြဆုနှင့် စံချိန်သစ်ဆုများကို ထိုက်တန်စွာ ချီးမြှင့်သွားမည်ဖြစ်ကြောင်း သိရသည်။ **(သတင်းစဉ်)**

တက္ကသိုလ်၊ ဒီဂရီကောလိပ်ပေါင်းစုံ ပိုက်ကျော်ခြင်း(အမျိုးသား)ပြိုင်ပွဲကျင်းပမည်

နေပြည်တော် ဇူလိုင် ၈

အဆင့်မြင့်ပညာဦးစီးဌာန(အထက်မြန်မာပြည်) တက္ကသိုလ်၊ ဒီဂရီကောလိပ်ပေါင်းစုံ ပိုက်ကျော်ခြင်း(အမျိုးသား)ပြိုင်ပွဲကို မန္တလေးတက္ကသိုလ်အားကစားရုံ၌ ဇူလိုင် ၂၁ ရက်မှ ၂၇ ရက်အထိ ကျင်းပမည်ဖြစ်ပြီး အဆင့်မြင့်ပညာဦးစီးဌာန (အထက်မြန်မာပြည်)အောက်ရှိ တက္ကသိုလ်၊ ဒီဂရီကောလိပ် ၂၃ ခုတို့မှ ပြိုင်ပွဲဝင်အားကစားသမားများ ပါဝင်ယှဉ်ပြိုင်ကြမည်ဖြစ်သည်။

နယ်တက္ကသိုလ်များမှ ပိုက်ကျော်ခြင်းအသင်းများအား မန္တလေးတက္ကသိုလ် ဇေယျာဆောင်နှင့် မန္တလာဆောင်တို့၌ နေရာချထားပေးမည်ဖြစ်ကြောင်းနှင့် ပြိုင်ပွဲဝင်အသင်းများသည် ဇူလိုင် ၁၉ ရက် မွန်းလွဲပိုင်းတွင် နောက်ဆုံးထား၍ သတင်းပို့ရမည်ဖြစ်ကြောင်း သိရှိရသည်။ (သတင်းစဉ်)

ဘော်လီဘောအဖွဲ့ချုပ် အမျိုးသားလက်ရွေးစင်အသင်း အာရှကလပ်ပေါင်းစုံ ပြိုင်ပွဲသို့ ဝင်ရောက်ယှဉ်ပြိုင်မည်

ရန်ကုန် ဇူလိုင် ၈

၂၀၁၁ခုနှစ် နိုဝင်ဘာလတွင် အင်ဒိုနီးရှားသမ္မတနိုင်ငံ၌ ကျင်းပမည့် (၂၆)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲတွင် ဝင်ရောက်ယှဉ်ပြိုင်နိုင်ရေးအတွက် မြန်မာနိုင်ငံဘော်လီဘောအဖွဲ့ချုပ်သည် ဇန်နဝါရီ ၁၅ ရက်မှစ၍ ရန်ကုန်မြို့ အောင်ဆန်းအားကစားပြိုင်ဝင်းရှိ ဘော်လီဘောလေ့ကျင့်ရုံ၌ အမျိုးသားလက်ရွေးစင် ၁၇ဦးနှင့် အမျိုးသမီးလက်ရွေးစင် ၁၇ ဦးတို့အား စခန်းသွင်းလေ့ကျင့်လျက်ရှိပြီး တရုတ်ပြည်သူ့သမ္မတနိုင်ငံ ဟိုဘေးမြို့မှ နည်းပြ Mr. ZHANG QUN *က သင်ကြားပြသလျက်ရှိသည်။ (အပေါ်ပုံ)*

ပါဝင်ယှဉ်ပြိုင်

မြန်မာနိုင်ငံဘော်လီဘောအဖွဲ့ချုပ် အမျိုးသားလက်ရွေးစင်အသင်းသည် အင်ဒိုနီးရှားနိုင်ငံတွင် ဇူလိုင် ၂၀ ရက်မှ ဩဂုတ် ၂ ရက်အထိ ကျင်းပမည့် အာရှကလပ်ပေါင်းစုံပြိုင်ပွဲသို့ ကစားသမား ၁၂ ဦးနှင့် နည်းပြ၊ အုပ်ချုပ်သူ လေးဦးတို့ ဝင်ရောက်ယှဉ်ပြိုင်မည်ဖြစ်ပြီး အဆိုပါပြိုင်ပွဲသို့ နိုင်ငံပေါင်း ၁၂ နိုင်ငံမှ ပါဝင်ယှဉ်ပြိုင် ကြမည်ဖြစ်ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

ပိုက်ကျော်ခြင်းပြိုင်ပွဲ ကျောက်ပန်းတောင်း၌ ဆုချီးမြှင့်

ကျောက်ပန်းတောင်း ဇူလိုင် ၈

ကျောက်ပန်းတောင်းမြို့နယ် အားကစားနှင့် ကာယပညာကော်မတီနှင့် ပိုက်ကျော်ခြင်းဆပ်ကော်မတီတို့ ပူးပေါင်းကျင်းပသော အိုလံပစ်နေ့အထိမ်းအမှတ် ပိုက်ကျော်ခြင်းပြိုင်ပွဲ ဆုချီးမြှင့်ပွဲကို ဇွန် ၂၃ ရက် ညနေ ၅နာရီက မြို့နယ်အားကစားခန်းမ၌ကျင်းပရာ မြို့နယ်အားကစားနှင့် ကာယပညာကော်မတီဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးဇော်မြင့်သိန်းက ပထမဆုရ ကြိုးကြာနီအသင်းအားလည်းကောင်း၊ မြို့နယ်အားကစားနှင့်ကာယပညာကော်မတီဝင် မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးတင်မြင့်က ဒုတိယဆုရအသင်းအားလည်းကောင်း၊ စာရင်းစစ်ဦးစီးအရာရှိ ဦးမောင်ကိုက တတိယဆုရအသင်းအားလည်းကောင်း ဆုများ ပေးအပ် ချီးမြှင့်ခဲ့ကြောင်း သိရှိရသည်။ ***(အပေါ်ပုံ)*** *(၄၁၈)*

ပျိုးပင်များ ပျိုးထောင်

ဖားကန့် ဇူလိုင် ၈

ဖားကန့်မြို့နယ် စည်ပင်သာယာရေးအဖွဲ့ပိုင် ပျိုးဥယျာဉ်အတွင်း ပျိုးပင်များ ပျိုးထောင်ထားရှိမှုကို ကချင်ပြည်နယ် စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးအုန်းသွင်နှင့်အဖွဲ့ ဇူလိုင် ၂ရက်က ကွင်းဆင်းစစ်ဆေးရာ အမှုဆောင်အရာရှိ ဦးကျော်လင်းနှင့်အဖွဲ့ ရှင်းလင်းတင်ပြခဲ့ကြောင်း သိရသည်။ **(မြို့နယ်စည်ပင်)**

မြန်မာ့အလင်း **သတင်းအတိုအထွာ** ၈-၇-၂၀၁၁

သတင်းစာ၊ ဂျာနယ်နှင့်စာစောင်များလှူဒါန်း

လားရှိုးမြို့ အမှတ်(၈)ရပ်ကွက်ရှိ သာသနဟိတကာရီ သီလရှင်စာသင်တိုက်တွင် ဖွင့်လှစ်ထားရှိသော စာသင်ကျောင်း၏ လင်းရောင်ခြည်စာကြည့်တိုက်သို့ မြန်မာ့စက်မှုသီးနှံဖွံ့ဖြိုးရေးလုပ်ငန်းဦးဆောင်ညွှန်ကြားရေးမှူး ဦးသိန်းဆွေ ပေးပို့လှူဒါန်းသော ဂျာနယ်၊ စာစောင်၊ သတင်းစာစောင်ရေ ၂၀၀ခန့်ကို ဇူလိုင် ၃ ရက် မွန်းလွဲ ၁ နာရီက အလှူရှင်ကိုယ်စား လားရှိုးမြို့နယ် စာပေနှင့်စာနယ်ဇင်းအဖွဲ့ အလုပ်အမှုဆောင် ဒေါ်သန်းနွဲ့ (မမ-တရားရေး)နှင့် ဒေါ်မိုးမိုး(မိုးသစ္စာဦး)တို့က ပေးအပ်ရာ စာသင်တိုက်မှ ပညာရေးတာဝန်ခံက လက်ခံယူခဲ့ကြောင်း သိရှိရသည်။ (မြန်မာ့အလင်း)

ကာကွယ်ဆေးထိုးအဖွဲ့ ကွင်းဆင်းဆောင်ရွက်

ဗန်းမော်ခရိုင် မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန ကာကွယ်ဆေးထိုး အထူးအဖွဲ့ခေါင်းဆောင် ဒေါက်တာအောင်ကြည်ဦးနှင့်အဖွဲ့သည် ဇွန် ၂၃ရက်မှ ၂၉ရက်အထိ မိုးမောက်မြို့နယ်အတွင်း ကွင်းဆင်း၍ တိရစ္ဆာန်များတွင်ဖြစ်ပွားတတ်သော ကူးစက်ရောဂါများအကြောင်းနှင့် ကူးစက်ရောဂါ ထိန်းချုပ်ရေးနည်းလမ်းများ အကြောင်းကိုလည်းကောင်း၊ တိရစ္ဆာန်မှလူသို့ကူးစက်တတ်သော ထောင့်သန်းရောဂါ အကြောင်းကိုလည်းကောင်း ဟောပြောကြပြီး မွေးမြူရေးနှင့်ကုသရေး ဦးစီးဌာန ဝန်ထမ်းများက ကျေးရွာများရှိ ကျွဲ၊ နွားများကို ထောင့်သန်းရောဂါ ကာကွယ်ဆေး ထိုးနှံပေးခဲ့ကြကြောင်း သိရှိရသည်။ ***(ခရိုင် မွေး/ကု)***

အောင်ချက်ကောင်းသောကျောင်းများအား ဂုဏ်ပြုပွဲကျင်းပ

၂၀၁၁ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲအောင်ချက်မြင့်မားသော ကျောင်းများမှ ဆရာ ဆရာမများအား ဂုဏ်ပြုပွဲကို ကော့ကရိတ်မြို့ အထက (၁)သီရိရတနာခန်းမ၌ ဇွန် ၂၁ ရက်က ကျင်းပရာ ခရိုင်အုပ်ချုပ်ရေးမှူး ဦးတင့်ဝေသုန်နှင့် ခရိုင်ရဲမှူးတို့က အောင်ချက်ကောင်းသော ကျောင်းများအား ဂုဏ်ပြုဆုများကိုလည်းကောင်း၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးအောင်မြင့်ထွန်း၊ အကောက်ခွန်ဦးစီးဌာန မြို့နယ်ဦးစီးမှူး၊ အမျိုးသမီးရေးရာအဖွဲ့ ဥက္ကဋ္ဌ၊ မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း ဥက္ကဋ္ဌနှင့် မြို့နယ်ပညာရေးမှူးတို့က ဘာသာရပ်အလိုက်သင်ကြားပေးသော ဆရာ ဆရာမများကိုလည်းကောင်း ဂုဏ်ပြုဆုများ ပေးအပ်ချီးမြှင့်ခဲ့သည်။ *(ခရိုင် ပြန်/ဆက်)*

မူးယစ်ဆေးဝါးတိုက်ဖျက်ရေးနေ့အကြောင်းဟောပြော

အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါးအလွဲသုံးမှုနှင့်တရားမဝင်ရောင်းဝယ်မှုတိုက်ဖျက်ရေးနေ့အထိမ်းအမှတ် ဟောပြောပွဲနှင့်ဓာတ်ပုံပြပွဲကို ဇွန် ၂၆ ရက်က ဗန်းမော်ခရိုင် မြို့တော်ခန်းမ၌ကျင်းပရာ အခမ်းအနားတွင် တာဝန်ရှိသူများက ပန်းချီ၊ ကာတွန်း၊ ပိုစတာနှင့်စာစီစာကုံးပြိုင်ပွဲ(ထက်၊ လယ်၊ မူ) အဆင့်တွင် ဆုရကျောင်းသားကျောင်းသူများအား ဆုချီးမြှင့်ခဲ့ကြောင်း သိရှိရသည်။ ***(ခရိုင် ပြန်/ဆက်)***

သီးနှံစိုက်ဧကမှန်ကန်ရေး စီမံချက်လုပ်ငန်းသင်တန်းဖွင့်

ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ပင်းတယမြို့နယ်၌ မြေကြီး၊ မြေပုံ မြေစာရင်းနှင့် သီးနှံစိုက်ဧကမှန်ကန်ရေး စီမံချက်လုပ်ငန်း သင်တန်းဖွင့်ပွဲကို ဇွန် ၁၀ ရက်က မြို့နယ်မြေစာရင်းဦးစီးဌာန၌ ကျင်းပရာ ဒုတိယပြည်နယ် မြေစာရင်းဦးစီးဌာနမှူး ဦးသန်းမြင့်က မြေကြီး၊ မြေပုံမြေစာရင်းနှင့် သီးနှံစိုက်ဧကမှန်ကန်ရေးကို စီမံချက်ဖြင့် ဆောင်ရွက်ရခြင်း ရည်ရွယ်ချက်နှင့် စာရင်းကောက်ယူမည့်ပုံစံများကို အသေးစိတ် ရှင်းလင်းပြောကြားခဲ့ကြောင်း သိရှိရသည်။

(မြို့နယ် ပြန်/ဆက်)

သဘာဝနယ်မြေထိန်းသိမ်းရေး ကျိုင်းတုံ၌ ဟောပြော

ရှမ်းပြည်နယ် (အရှေ့ပိုင်း) ကျိုင်းတုံမြို့နယ် မြို့နယ်အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာနနှင့် မြို့နယ်သစ်တောဦးစီးဌာနတို့ပူးပေါင်း၍ တောရိုင်းတိရစ္ဆာန်များ၊ သဘာဝအပင်များ ကာကွယ်ရေးနှင့် သဘာဝနယ်မြေများ ထိန်းသိမ်းရေးဥပဒေ ပညာပေးဟောပြောပွဲကို ဇွန် ၁၃ ရက် နံနက် ၁၀ နာရီက မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ကျင်းပရာ မြို့နယ်သစ်တောဦးစီးဌာန ဦးစီးအရာရှိ ဦးမြင့်စိန်-၂ က တောရိုင်းတိရစ္ဆာန်နှင့် သဘာဝအပင်များကာကွယ်ရေးနှင့် သဘာဝနယ်မြေများ ထိန်းသိမ်းရေးဥပဒေပါ ပြဋ္ဌာန်းချက်များကို ရှင်းလင်းဟောပြောပြီး သစ်တောဆိုင်ရာ ဥပဒေပြဋ္ဌာန်းချက် စာစောင်များ ဖြန့်ဝေ ခဲ့ကြောင်း သိရှိရသည်။ ***(ခရိုင် ပြန်/ဆက်)***

ပညာရေးဂျီအီးစီ ဗန်းမော်၌ စည်းဝေး

ဗန်းမော်မြို့ ပညာရေး(ဂျီအီးစီ)နှင့် ပညာရေး ငွေစုငွေချေးသမဝါယမ လီမိတက်တို့၏ အရပ်ရပ်ဆိုင်ရာ အစည်းအဝေးကို ဇွန် ၁၈ ရက် နံနက် ၉ နာရီက ဗန်းမော်မြို့ အခြေခံပညာအထက်တန်းကျောင်း အမှတ်(၁)၌ ကျင်းပရာ အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်း ကျောင်းအုပ်ကြီး ဦးတင်အောင်နှင့် ပညာရေးငွေစု ငွေချေးသမဝါယမအသင်းဥက္ကဋ္ဌတို့က အမှာစကားပြောကြားကြသည်။ ထို့နောက် ပညာရေး ငွေစုငွေချေးအမှုဆောင်အဖွဲ့ ဒါရိုက်တာက အစီရင်ခံစာ တင်သွင်းခြင်းနှင့် ပညာရေး(ဂျီအီးစီ)၏ ဘဏ္ဍာရေးရှင်းတမ်း၊ ပညာရေးငွေစုငွေချေး သမဝါယမအသင်း၏ ဘဏ္ဍာရေးရှင်းတမ်းများကို ဖတ်ကြားတင်သွင်းခဲ့ကြောင်း သိရှိရသည်။ *(၁၂၈)*

ပညာရေးဂျီအီးစီ မန်စီ၌ စည်းဝေး

ကချင်ပြည်နယ် မန်စီမြို့နယ်ဂျီအီးစီ (ပညာရေး) သမဝါယမအသင်း လီမိတက်၏ ၂၀၁၀-၂၀၁၁ဘဏ္ဍာရေးနှစ် အရပ်ရပ်ဆိုင်ရာ အစည်းအဝေးနှင့်အမှုဆောင်ရွေးချယ်တင်မြှောက်ပွဲကို ဇွန် ၃၀ရက် မွန်းလွဲ ၂နာရီက မန်စီမြို့ အထကကျောင်း ဖုန်ကန်ဒူဝါခန်းမ၌ ကျင်းပရာ အစည်းအဝေးသို့ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးတင်အုန်းနှင့် သမဝါယမဦးစီးအရာရှိ ဦးလှော်ရင့်(စ်)နှင့် တာဝန်ရှိသူများ၊ အသင်းအမှုဆောင်အဖွဲ့နှင့် အသင်းသူ အသင်းသားများ တက်ရောက်ကြပြီး ဥက္ကဋ္ဌဦးမြင့်သိန်း (မြို့နယ်ပညာရေးမှူး)ပါဝင်သော ဒါရိုက်တာ အဖွဲ့ဝင် ၁၂ဦး၊ အသင်းသား စာရင်းစစ်နှစ်ဦးတို့အား ရွေးချယ်တင်မြှောက်ခဲ့ကြသည်။ ***(မြို့နယ် ပြန်/ဆက်)***

ရန်ကုန်အနောက်ပိုင်းတက္ကသိုလ် ဘူမိဗေဒ ကျောင်းသား ကျောင်းသူဟောင်းများ၏ ပထမအကြိမ် ဆရာကန်တော့ပွဲ

သူငယ်ချင်းတို့ရေ-

၂၀၀၁-၂၀၀၂စာသင်နှစ် ရန်ကုန်အနောက်ပိုင်းတက္ကသိုလ် ဘူမိဗေဒ (First Batch) ကျောင်းသား ကျောင်းသူများ စုပေါင်း၍ ကျေးဇူးရှင် ဆရာ၊ ဆရာမများအား အာစရိယပူဇော်ကန်တော့ပွဲပြုလုပ်ရန်နှင့် မိတ်ဆုံစားပွဲ ပြုလုပ်မည်ဖြစ်ပါ၍ အောက်ပါသူငယ်ချင်းများထံသို့ အမြန်ဆက်သွယ်ကြပါရန် အကြောင်းကြားအပ်ပါတယ်။

ဆရာကန်တော့ပွဲ ဖြစ်မြောက်ရေးအဖွဲ့

အောင်ပြည့်စုံ	ဖုန်း-၀၉-၅၁၂၄၂၄၆၊ ၀၁-၆၄၁၉၉၅
ကိုကိုကျော်	ဖုန်း-၀၉-၅၁၈၄၉၅၄၊ ၀၁-၆၄၃၇၈၀
တင်မိုးထွန်း(မိုးလေး)	ဖုန်း-၀၉-၅၁၂၃၄၅၄
ကျော်ကျော်ထွန်း	ဖုန်း-၀၉-၄၉၂၉၁၃၄၇
ရှိုင်းသာဌေး	ဖုန်း-၀၉-၂၀၃၃၃၃၃
အာကာမြင့်စိုး	ဖုန်း-၀၉-၅၀၁၁၂၀၉
ရန်နိုင်စိုး	ဖုန်း-၀၉-၄၃၀၉၈၃၂၆
ခင်သီတာစန်း(မီးငယ်)	ဖုန်း-၀၉-၅၁၇၄၁၂၅
ဟန်နီရဲထွေး(သဲသဲ)	ဖုန်း-၀၉-၅၀၅၇၄၅၁

မှတ်ချက် - ၂၅-၇-၂၀၁၁ရက်မတိုင်မီ အမြန်ဆက်သွယ်ပေးကြပါရန်။

THE REPUBLIC OF THE UNION OF MYANMAR
MINISTRY OF ENERGY
MYANMA OIL AND GAS ENTERPRISE
NO.44, COMPLEX, NAY PYI TAW
MYANMAR

FAX : 067-411125/411078

INVITATION FOR BIDS

1. BIDS are invited by the MYANMA OIL AND GAS ENTERPRISE, No.44 COMPLEX, NAYPYITAW, MYANMAR for the supply of

(AA) IFB No.1(T) CONST-MOGE/EXP (2011-2012) CAP

1. 20" LSAW API 5 L Grade X 46 3 LPE Coated Steel Line Pipe - 321,869 MTR
2. 20" FACTORY MADE 6 D RADIUS HOT BEND - 210 NMB

(BB) IFB No.2 (T) CONST-MOGE/EXP (2011-2012)CAP

1. 12" ERW API 5 L Grade X 42 3 LPE Coated Steel Line Pipe - 12,875 MTR
2. 8" ERW API 5 L Grade X 42 3 LPE Coated Steel Line Pipe - 17,703 MTR
3. 6" ERW API 5 L Grade X42 3 LPE Coated Steel Line Pipe - 12,875 MTR
4. Steel Ball Valves and Spare Mating Flange - 1 Lot

(CC) IFB No.3(T) CONST-MOGE/EXP (2011-2012) CAP

1. NDT Service

(DD) IFB No.4 (T) CONST-MOGE/EXP (2011-2012)CAP

1. Assorted Sizes of Electrode E 6011 P - (75) TNE
2. Heat Shrinkable Sleeve & Closure Patches - 1 Lot
3. Pipe Lifting Equipment & Aligning Equlpment - (10) Items

2. Commencing from 11th July, 2011 a complete set of bidding document shall be available at the finance Department, Myanma Oil and Gas Enterprise, No.44, Complex, Nay Pyi Taw, Myanmar during office hour by payment to the order of Myanma Foreign Trade Bank attesting remittance of US$ 100(US Dollars:one Hundred Only) in favour of Myanma Oil and Gas Enterprise (or) FEC 100 (FEC:one Hundred Only) to the above office for each set of document.

3. Bids shall be accepted only from the bidders who officially purchased the bidding document.

4. The Bids received shall be opened in the presence of Bidders or Representatives who choose to attend at 13:00 hours on 29th July,2011 at the office of Myanma Oil and Gas Enterprise, No.44 Complex, Nay Pyi Taw, Myanmar.

Managing Director
Myanma Oil and Gas Enterprise



ရန်ကုန်တိုင်းဒေသကြီး၊ ပန်းဘဲတန်းမြို့နယ်၊ ၄ရပ်ကွက်၊ မဟာဗန္ဓုလလမ်းနှင့် ၂၈လမ်းထောင့်၊ အမှတ် ၅၂၀ဟု ခေါ်တွင်သော အဆောက်အအုံ၏ မြေညီထပ်ထောင့်ခန်း (တိုက်ရှေ့မှမျက်နှာမူကြည့်လျှင် လက်ဝဲဘက်အခန်း)နှင့်ပတ်သက်၍ ကန့်ကွက်နိုင်ကြောင်း အများသိရှိစေရန် အသိပေးကြေညာခြင်း

အထက်ဖော်ပြပါ တိုက်ခန်းနှင့် တိုက်ခန်းတွင် တပ်ဆင်အသုံးပြုလျက်ရှိသော တယ်လီဖုန်း၊ ရေ၊ မီး၊ အပြည့်အစုံနှင့် တိုက်ခန်းတွင်းရှိ စွဲကပ်ပစ္စည်းများအပါအဝင် အကျိုးခံစားခွင့်များအားလုံးတို့ကို လက်ဝယ်ရရှိနေထိုင်ပိုင်ဆိုင်သူ ဦးထွန်းလှ(ခ)ဦးစောချိုနှင့် ဇနီး ဒေါ်စန်းကြည်တို့ ကွယ်လွန်သွားသည့်အတွက် အမွေဆက်ခံပိုင်ဆိုင်သူ ၎င်း၏ သားလေးဦးဖြစ်သည့် ဦးလှချိုဦး၊ ဦးအောင်ချိုမြင့်၊ ဦးဖြူလှချို၊ ဦးဖြိုးအောင်ချိုတို့မှ ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုသည့်အတွက် အပြီးအပိုင်ဝယ်ယူရန် ကျွန်ုပ်၏မိတ်ဆွေမှ စရန်ငွေပေးအပ်ထားပြီးဖြစ်ပါသည်။ အထက်ဖော်ပြပါ တိုက်ခန်းအား အရောင်းအဝယ်ပြုလုပ်ခြင်းကို ကန့်ကွက်လိုပါက ယနေ့မှစ၍ ခုနစ်ရက်အတွင်း ကျွန်ုပ်ထံသို့ တရားဝင် စာရွက်စာတမ်း၊ အထောက်အထားခိုင်လုံစွာယူဆောင်ပြီး လာရောက်တွေ့ဆုံနိုင်ကြောင်း အသိပေးအကြောင်းကြားအပ်ပါသည်။ သတ်မှတ်ရက်အတွင်း လာရောက်ခြင်းမရှိပါက အရောင်းအဝယ်ပြုလုပ်ခြင်းကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိရှိစေရန် အသိပေးအကြောင်းကြားအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-

ဒေါ်အေးအေးရီ (LL.B)	**ဒေါ်လှလှခိုင် (LL.B)**
တရားလွှတ်တော်ရှေ့နေ (၄၃၇၃)	**တရားလွှတ်တော်ရှေ့နေ (၅၄၁၀)**

အမှတ် (၉/၁၁)၊ အခန်းအမှတ် ၂၀၁-A ၊ (ဒုတိယထပ်)၊ ၃၆လမ်း (အောက်ဆုံး)၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့

ကျေးဇူးဆပ်ပါမည်

ကျွန်တော်ဦးတင်လင်း၏ နိုင်ငံကူးလက်မှတ် P.P No.644267 သည် ခရီးသွားရင်း ပျောက်သွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပါရန်။

ဖုန်း-၀၉-၉၀၄၁၃၈၃

အမည်မှန်

ဦးဝင်းအောင်၏သား သဃ်န်း ကျွန်းမြို့နယ် အထက(၁)၊ နဝမတန်း (J)မှ မောင်ဖုန်းသစ်ကျော်၏ အမည်မှန်မှာ မှတ်ပုံတင်အရ မောင်ဘုန်းသစ်ကျော်ဖြစ်ပါသည်။

မြို့ပြတံတားများ တည်ဆောက်

ဝက်လက် ဇူလိုင် ၈

ဝက်လက်မြို့နယ် စည်ပင်သာယာရေးအဖွဲ့သည် မြို့တွင်း ရေစီးရေလာ ကောင်းမွန်စေရေးနှင့် သွားလာမှုလွယ်ကူ အဆင်ပြေစေရေးအတွက် မြို့တွင်းလမ်းများရှိ တံတားများကို ပြုပြင်တည်ဆောက်ပေးလျက်ရှိရာ ၂၀၁၁-၂၀၁၂ ဘဏ္ဍာရေးနှစ်တွင် မြို့ပေါ်တံတား ခြောက်စင်းပြုပြင်ရန် လျာထားကြောင်း သိရှိရပြီး အင်ကြင်းလမ်း ထိပ်တံတားအား ကွန်ကရစ်တံတား အဖြစ် ဆောင်ရွက်နေမှုကို အမှုဆောင်အရာရှိ ဦးသန်းဇော်နှင့် တာဝန်ခံအင်ဂျင်နီယာ ဦးဝင်းဇော်တို့ ကြပ်မတ်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

(မြို့နယ်စည်ပင်)

မြန်မာ့အလင်း မှုခင်းသတင်း

ကုန်တင်ကားနှစ်စီး ခေါင်းချင်းဆိုင်တိုက်

အုတ်တွင်း ဇူလိုင် ၈

ရန်ကုန်-မန္တလေးကားလမ်းဟောင်း တောင်ငူခရိုင် အုတ်တွင်းမြို့နယ် ညောင်ခြေထောက်နှင့် ကျွဲပွဲမြို့များအကြား စည်ပင်သာကျေးရွာအနီးတွင် ကုန်တင်ကားကြီးနှစ်စီး မျက်နှာချင်းဆိုင်တိုက်မိရာမှ ယာဉ်မောင်းတစ်ဦး သေဆုံးသွားကြောင်း သိရသည်။

တိုက်မိ

ဖြစ်စဉ်မှာ ဇွန် ၂၆ ရက် နံနက် ၅ နာရီခန့်က ရှမ်းပြည်နယ်(တောင်ပိုင်း) အောင်ပန်းမြို့မှ ရန်ကုန်မြို့သို့ ဂေါ်ဖီထုပ်စီးလုံးပြည့် တင်ဆောင်လျက် ယာဉ်မောင်း ကိုဇော်(ခ) သက်နိုင် အသက်(၃၈)နှစ် (ဘ)ဦးသိန်းရွှေ မောင်းနှင်လာသော (၂ခ/-----)နီဆန်း ခြောက်ဘီးကားနှင့် ရန်ကုန်မြို့မှ မန္တလေးဘက်သို့ ကုန်တင်ပြီး ယာဉ်မောင်း ကိုစောထူး အသက်(၃၅)နှစ် (ဘ)ဦးစိုးလွင် မောင်းနှင်လာသော နီဆန်း ၁၀ဘီးကား (၄ခ/-----)တို့သည် မျက်နှာချင်းဆိုင်တိုက်မိကြရာမှ ကားနှစ်စီးလုံး ရှေ့ခေါင်းပိုင်းများပျက်စီးသွားကာ ခြောက်ဘီးကား ယာဉ်မောင်း ကိုဇော်(ခ) သက်နိုင် အသက်(၃၈)နှစ် ခြေထောက်များပြတ်၍ သေဆုံးကာ ဂေါ်ဖီကားမှာ လမ်းပေါ်တွင် ကန့်လန့်ဖြစ်သွားသဖြင့် ယာဉ်များအသွားအလာ နှစ်နာရီခန့် ရပ်ဆိုင်းသွားကြောင်း သိရှိရသည်။

အရေးယူထား

ကုန်စိမ်းကားအချို့သည် ကုန်ပစ္စည်းအပြည့်ဖြင့် အရှိန်ပြင်းစွာ မောင်းနှင်တတ်ကြပြီး ယခု ယာဉ်တိုက်မှုတွင်လည်း ဂေါ်ဖီကားမှာ တစ်ဖက်လမ်းကြောပေါ်သို့ ရောက်ရှိရာမှ တိုက်မိခဲ့ခြင်းဖြစ်ကြောင်း သိရှိရသည်။ ယာဉ်တိုက်မှုနှင့် ပတ်သက်၍သက်ဆိုင်ရာ ညောင်ခြေထောက်ရဲစခန်းမှ အမှုဖွင့်အရေးယူထားကြောင်း သိရှိရသည်။

(၁၁၅)

မြန်မာ့အလင်း နောက်ဆုံးရ နိုင်ငံတကာသတင်း

ကမ္ဘာ့အကြီးဆုံး ရေနုတ်မြောင်း မက္ကဆီကို၌ တည်ဆောက်

မက္ကဆီကိုစီးတီး ဇူလိုင် ၈

ကမ္ဘာပေါ်တွင် အကြီးဆုံးရေနုတ်မြောင်းတစ်ခုကို မက္ကဆီကိုနိုင်ငံ၌ စတင်တည်ဆောက်နေကြောင်း၊ ယင်းရေနုတ်မြောင်းကြီးမှာ မက္ကဆီကိုစီးတီးမြို့အား ရေလွှမ်းမှုမှကာကွယ်ပေးရန်ဖြစ်ကြောင်း မက္ကဆီကိုသမ္မတ ဖီလစ်ကယ်ဒီရွန်က ဇူလိုင် ၇ ရက်တွင် ပြောကြားသည်။ **(အောက်ပုံ)**

ကာကွယ်ပေးနိုင်

၆၂ ကီလိုမီတာရှည်ကာ အမေရိကန်ဒေါ်လာ ၅ ဘီလီယံကုန်ကျမည့် အဆိုပါ ရေနုတ်မြောင်းကြီးသည် တစ်စက္ကန့်လျှင် ရေ ၁၅၀ ကုဗမီတာကို လွှဲပြောင်းထုတ်ပေးနိုင်ပြီး ရေလွှမ်းမှုမှ ကာကွယ်ပေးနိုင်မည်ဖြစ်သည်။

မက္ကဆီကိုစီးတီးမြို့သည် ရေလွှမ်းမှုမှကာကွယ်နိုင်ရန် တစ်စက္ကန့်လျှင် ရေ ၁၂၀ ကုဗမီတာ လွှဲပြောင်းထုတ်ပေးနိုင်သည့် ရေနုတ်မြောင်း လိုအပ်လျက်ရှိသဖြင့် ယင်းရေနုတ်မြောင်းကို တည်ဆောက်နေခြင်းဖြစ်ကြောင်း၊ ၎င်းရေနုတ်မြောင်းကြီးကို ၂၀၁၆ ခုနှစ်တွင် စတင်အသုံးပြုနိုင်မည်ဖြစ်ကြောင်း သိရှိရသည်။ **(အင်တာနက်)**

မိုးမြင့်လင်းလက် - စုစည်းသည်

နယူးဇီလန်လေတပ်မှ ဘိုရင်း ၅၇၅ လေယာဉ် မိုးကြိုးထိမှန်သဖြင့် အရေးပေါ်ဆင်းသက်ရ

ဝယ်လ်လင်တန် ဇူလိုင် ၈

နယူးဇီလန် တော်ဝင်လေတပ်မှ ဘိုရင်း ၅၇၅ လေယာဉ်တစ်စင်း ဇူလိုင် ၈ ရက် နံနက်က ပျံသန်းနေစဉ် မိုးကြိုးထိမှန်သဖြင့် နယူးဇီလန်နိုင်ငံ အော့ကလန်မြို့လေဆိပ်သို့ အရေးပေါ် ဆင်းသက်ခဲ့ရကြောင်း နယူးဇီလန်အသံလွှင့်ဌာနမှ သတင်းထုတ်ပြန်သည်။ **(အပေါ်ပုံ)**

၎င်းလေယာဉ်သည် စစ်ဘက်ဆိုင်ရာတာဝန်ရှိသူများကို တင်ဆောင်ပြီး ဝင်န်နူရာပိုင် လေတပ်အခြေစိုက်စခန်းမှ ဝယ်လ်လင်တန်မြို့သို့ ပျံသန်းလာစဉ် မိုးကြိုးထိမှန်ခဲ့ခြင်းဖြစ်သည်။ အော့ကလန်လေဆိပ်သို့ လေယာဉ်အရေးပေါ် ဆင်းသက်ခဲ့ရသော်လည်း တစ်စုံတစ်ဦးမျှ ထိခိုက်ဒဏ်ရာရရှိမှု မရှိကြောင်း သတင်း၌ဖော်ပြသည်။

လေယာဉ်ကိုယ်ထည် အစိတ်အပိုင်းအချို့ ပျက်စီးမှု ရှိ မရှိ သတင်းမထုတ်ပြန်သော်လည်း မီးသတ်တပ်ဖွဲ့ ယာဉ်သုံးစီးက လေဆိပ်၌ အသင့်ရှိနေခဲ့ကြောင်း သိရသည်။ **(အင်တာနက်)**

နိုင်ငံတကာသတင်းအတိုအထွာ

မျိုးမင်းဟိန်း(သတင်းအတတ်ပညာ) - စုစည်းသည်

ဆူဒန်တောင်ပိုင်းဒေသ နိုင်ငံသစ်ဖြစ်လာမည်

ခါတွန် ဇူလိုင် ၈

ဆူဒန်နိုင်ငံတောင်ပိုင်းဒေသကို ကမ္ဘာ့နိုင်ငံသစ်တစ်ခုအဖြစ် အသိအမှတ်ပြုမည့် လွတ်လပ်ရေးကြေညာစာတမ်းအား ဇူလိုင် ၉ ရက်တွင် ကြေညာထုတ်ပြန်မည်ဟု အင်တာနက်သတင်းတစ်ရပ်တွင် ဖော်ပြခဲ့သည်။

ထိုကဲ့သို့ လွတ်လပ်ရေးကြေညာစာတမ်း ထုတ်ပြန်မည့်အခမ်းအနားကို ဧည့်သည်တော် ၆၀၀ကျော် တက်ရောက်ကြမည်ဟု ဆူဒန်တောင်ပိုင်းအစိုးရဌာန အထွေထွေအတွင်းရေးမှူးချုပ် အက်ဒန်အတ်ဂေါ်ဂျော့က ပြောကြားသည်။

ယင်းအခမ်းအနားတွင် ဆူဒန်သမ္မတ အိုမာအယ်ဘာရှီရာ၊ ဆူဒန်ပြည်သူ့လွတ်လပ်ရေးလှုပ်ရှားမှုဥက္ကဋ္ဌ ဆယ်ဗာအေကိုင် မာရာဒစ်၊ ကုလသမဂ္ဂအထွေထွေအတွင်းရေးမှူးချုပ် ဘန်ကီမွန်း၊ အီးယူ၊ အေယူ၊ အာရပ်၊ တရုတ်နှင့် အမေရိကန်နိုင်ငံများမှ ကိုယ်စားလှယ်တို့ တက်ရောက်ကြမည်ဟု သိရသည်။ **(အင်တာနက်)**

ဒတ်ချ်ဘောလုံးကွင်း အမိုးပြိုကျ၊ တစ်ဦးသေဆုံး

အမ်စတာဒမ် ဇူလိုင် ၈

ဒတ်ချ်ဘောလုံးအသင်း တစ်သင်းဖြစ်သော အက်(ဖ်)စီတွမ်တီးဘောလုံးအသင်း၏ ရာသီနားချိန်၌ အသင်းပိုင်ဘောလုံးကွင်းအား အကြီးစားပြင်ဆင်မှုများ ပြုလုပ်နေစဉ် အမိုးပြိုကျပျက်စီးခဲ့ပြီး တစ်ဦးသေဆုံး၍ ၁၃ဦးဒဏ်ရာရရှိကာ ဆေးရုံသို့ ၁၀ဦး ပို့ဆောင်ခဲ့ရကြောင်း ဇူလိုင်၈ ရက်၌ ဆင်ဟွာသတင်းတွင်ဖော်ပြခဲ့သည်။ အက်(ဖ်)စီတွမ်တီးဘောလုံးကွင်း အကြီးစားပြင်ဆင်မှုအဖြစ် ပွဲကြည့်စင်ထိုင်ခုံ ၂၄၀၀၀ဆံ့ မှ ၃၀၀၀၀ဆံ့အထိ တိုးချဲ့မှု ပြုလုပ်နေစဉ် ပြိုကျခဲ့ပြီး မည်သည့်အကြောင်းကြောင့် ပြိုကျပျက်စီးမှုဖြစ်သည်ကို မသိရသေးဟု ဇူလိုင် ၈ ရက်၌ သတင်းတွင်ဖော်ပြသည်။ **(အပေါ်ပုံ)**

အမ်အင်န်အေ၊ဆင်ဟွာ

★ တည်ငြိမ်အေးချမ်းမှ တိုင်းပြည်ဖွံ့ဖြိုးတိုးတက်မည်။
★ တည်ငြိမ်အေးချမ်းမှ ဒီမိုကရေစီ ဖော်ဆောင်အောင်မြင်နိုင်မည်။

★ မင်းမဲ့စရိုက်ဖြင့် ဒီမိုကရေစီမရနိုင်။
★ ဆူပူမှုဖြင့် ဒီမိုကရေစီမရနိုင်။
★ အခြေခံဥပဒေဖြင့်သာ ဒီမိုကရေစီ ရနိုင်သည်။

ပြည်သူ့ဆန္ဒ သဘောထား

- တည်ငြိမ်အေးချမ်းမှုကို လိုလားသည်။
- ဖွံ့ဖြိုးတိုးတက်မှုကို လိုလားသည်။
- ဆူပူအကြမ်းဖက်မှုကို မလိုလား။
- ဆူပူအကြမ်းဖက်မှု ဖန်တီးသူများ- ဝိုင်းဝန်းဖယ်ရှား။

☆ VOA, BBC - ရန်တိုက်ပေးနေသည်။
☆ RFA, DVB - သွေးထိုးနေသည်။
☆ ခလောက်ဆန် အကောက်ကြံ လေလှိုင်းသံ လူသတ်သမား- နားမယောင်လေနဲ့ သတိထား။

မီးသတ်ယာဉ်နှင့် လူနာတင်ယာဉ်

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် ဥက္ကဋ္ဌ ဦးတင်အေး ရွှေသံလွင်ကုမ္ပဏီက လှူဒါန်းသည့် မီးသတ်ယာဉ်နှင့် လူနာတင်ယာဉ်တို့ကို ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

မြို့နယ်အရန်မီးသတ်တပ်ဖွဲ့သို့ မြေနေရာနှင့် အဆောက်အအုံလွှဲပြောင်းပေးအပ်ပွဲ မီးသတ်ယာဉ်၊ လူနာတင်ယာဉ်လှူဒါန်းပွဲနှင့် နစ်ထပ်ကျောင်းဆောင်သစ်ဖွင့်ပွဲ

မန္တလေးတိုင်းဒေသကြီး တံတားဦးမြို့နယ်၌ ကျင်းပ

နေပြည်တော် ဇူလိုင် ၈

မန္တလေးတိုင်းဒေသကြီး တံတားဦးမြို့နယ် မြို့နယ်အရန်မီးသတ်တပ်ဖွဲ့သို့ မြေနေရာနှင့် အဆောက်အအုံ လွှဲပြောင်းပေးအပ်ပွဲ၊ ရွှေသံလွင်ကုမ္ပဏီက မြို့နယ်အရန်မီးသတ်တပ်ဖွဲ့သို့ မီးသတ်ယာဉ်တစ်စီးနှင့် မြို့နယ်ကျန်းမာရေးဦးစီးဌာနသို့ လူနာတင်ယာဉ်တစ်စီး လှူဒါန်းပွဲအခမ်းအနားကို ဇူလိုင် ၇ ရက် နံနက် ၁၀ နာရီခွဲတွင် တံတားဦးမြို့နယ် အင်းဝခန်းမ၌ ကျင်းပရာ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် ဥက္ကဋ္ဌ ဦးတင်အေး တက်ရောက်အမှာစကားပြောကြားသည်။

တက်ရောက်

အခမ်းအနားသို့ မန္တလေးတိုင်းဒေသကြီး ဝန်ကြီးများ၊ တိုင်းဒေသကြီး၊ ခရိုင်နှင့် မြို့နယ်အဆင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ အရန်မီးသတ်တပ်ဖွဲ့ဝင်များ၊ ဒေသခံပြည်သူများနှင့် အလှူရှင် ရွှေသံလွင်ကုမ္ပဏီမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဦးတင်အေးက အမှာစကား ပြောကြားသည်။

ထို့နောက် ရွှေသံလွင်ကုမ္ပဏီ မန်နေဂျင်းဒါရိုက်တာ ဦးဇော်ဝင်းထွန်းက မြို့နယ်အရန်မီးသတ်တပ်ဖွဲ့သို့ မီးသတ်ယာဉ်နှင့် မြို့နယ်ကျန်းမာရေးဦးစီးဌာနသို့ လူနာတင်ယာဉ် လှူဒါန်းမှုတို့နှင့် စပ်လျဉ်းသည့် စာရွက်စာတမ်းများကို လွှဲပြောင်းပေးအပ်ရာ တာဝန်ရှိသူများက လက်ခံကြသည်။

အခမ်းအနားအပြီးတွင် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများသည် မီးသတ်ယာဉ်နှင့် လူနာတင်ယာဉ်တို့ကို ကြည့်ရှုစစ်ဆေးကြသည်။

စာမျက်နှာ ၇ ကော်လံ ၁ ◆

မိုးရွာသွန်းမှုများ

၈-၇-၂၀၁၁

နေပြည်တော် (ပို့ဆောင်ရေးဝန်ကြီးရုံး)
၁ ဒသမ ၀၇ လက်မ
နေပြည်တော် (လေဆိပ်)
၀ ဒသမ ၉၈ လက်မ
နေပြည်တော် (ပျဉ်းမနား)
၀ ဒသမ ၆၃ လက်မ
ရေးမြို့
၁ ဒသမ ၉၇ လက်မ
ဘားအံမြို့
၁ ဒသမ ၆၁ လက်မ
ဘီးလင်းမြို့
၁ ဒသမ ၃၄ လက်မ